ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (8-7-2015) (၈၂၅၅)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိပွန်ဖောင်ဒေးရှင်းနှင့် ဆာဆာကာဝါဖောင်ဒေးရှင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

" ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး "

စာမျက်နှာ - ၃

## ဒဂုံစီးတီးစီမံကိန်း အပြီးသတ်ရပ်ဆိုင်း

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထောင်စုအစိုးရအဖွဲ့

(အမိန့်ကြော်ငြာစာအမှတ်၊ ၆၆/၂၀၁၅)

**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )**

### စီမံကိန်းရပ်စဲကြောင်း ကြေညာခြင်း

၁။ ရန်ကုန်မြို့အား ခေတ်မီမြို့တော်အဖြစ် တည်ဆောက်ရာတွင် မြို့ပြစည်ပင်ဖွံ့ဖြိုးမှုလုပ်ငန်းများကို အထောက်အကူပြုရန်ရည်ရွယ်၍ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်အသုံးပြုရန် အစီအစဉ်မရှိတော့သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ယခင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းနေရာဟောင်းတို့အား ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူခဲ့ရာ အောက်ပါကုမ္ပဏီများမှ တင်ဒါအောင်မြင်ခဲ့ပါသည်-

(က) ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်၊
(ခ) Adventure Myanmar Tours and Incentives Co.,Ltd.၊
(ဂ) သုခရတနာကုမ္ပဏီလီမိတက်၊
(ဃ) Marga Landmark Development Co.,Ltd.။

၂။ အထက်ပါ တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီများက ကုမ္ပဏီအလိုက် နိုင်ငံတကာအဆင့်မီဟိုတယ်များ၊ Service Apartment များ၊ ကုန်တိုက်ကြီးများ၊ စီးပွားရေးလုပ်ငန်းဌာနများ၊ လူနေအိမ်ခန်းအဆောက်အအုံများနှင့် ရုံးအဆောက်အအုံများ ပါဝင်သည့် စီမံကိန်းများရေးဆွဲ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များတင်ပြခဲ့ရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့်အညီ စိစစ်ကာ ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပါသည်။

၃။ ဤသို့ခွင့်ပြုမိန့်များထုတ်ပေးပြီးနောက် စီမံကိန်းများ အကောင်အထည်ဖော်မှုကြောင့် ရွှေတိဂုံစေတီတော်ကြီးအား ထိခိုက်မှုရှိမည်ကို ရဟန်းရှင်လူပြည်သူအချို့ စိုးရိမ်ပူပန်လာခြင်း၊ ပညာရှင်အချို့က ပညာရပ်ပိုင်းဆိုင်ရာသုံးသပ်ချက်များကို နိုင်ငံတော်သမ္မတထံ ပေးပို့အကြံပြုခြင်း၊ စိုးရိမ်ပူပန်သူအချို့က

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



အများပြည်သူ အပန်းဖြေအနားယူရာ ကန်တော်ကြီးကရဝိက်ဥယျာဉ်အတွင်း တွေ့မြင်ရသည့် စားသောက်ဆိုင်အချို့နှင့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

# ကရဝိက်ဥယျာဉ် သို့မဟုတ် အများနှင့်ဆိုင်သော ကမ္ဘာ

သတင်းဆောင်းပါး - ခင်လေးမြင့်အောင် ❖ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

" နိုင်ငံတကာမှာ အများပြည်သူနဲ့ဆိုင်တဲ့ ပန်းခြံတွေထဲမှာ စားသောက်ဆိုင်တွေ ဖွင့်ခွင့်မပေးဘဲ ပန်းခြံအပြင်စည်းရိုးမှာ ဆိုင်ခန်းတွေထားပေးတယ်။ ဒီမှာတော့ ပန်းခြံရဲ့နေရာကောင်း အတော်များများမှာ စားသောက်ဆိုင်တွေ နေရာယူထားတာ တွေ့ရတယ် "

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော မိုးရနံ့ပါသည့်လေကို အားပါးတရ ရှူရှိုက်ရင်း တစ်နေ့တာပင်ပန်းသမျှ အမောဖြေခွင့်ရရန် ရန်ကုန်မြို့ပြလူတန်းစားတို့ စိတ်ကူးမျှော်လင့်ကြသည်။ စိတ်ကူးကို အကောင်အထည်ဖော်ကာ သားသမီးများလည်း ဆော့ကစားရင်း၊ ကိုယ်တိုင်လည်း အေးချမ်းစွာ အပန်းဖြေရင်းဖြင့် မွန်းကျပ်သည့် ရန်ကုန်ကို ခဏတာရှောင်တိမ်းရန်အလို့ငှာ ကိုမင်းဇော်နှင့် သူ့မိသားစုတို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာသို့ ရောက်ရှိနေသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



ကြေးမုံစာတည်းရှုထောင့် ၈-၇-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ပန်းကလေးများ ရှင်သန်စေချင်

အနာဂတ်အတွက် မျိုးဆက်သစ်များမှာ ယနေ့မွေးဖွားလာသော ကလေးငယ်များဖြစ်သည်။ ကလေးငယ်များအား ဘေးမသီရန်မခ ချောမွေ့စွာ မွေးဖွားသန့်စင်နိုင်ပါမှ အနာဂတ်အတွက် သားကောင်းရတနာများ ပေါ်ထွက်လာမည်ဖြစ်သည်။ ယင်းအတွက် အိမ်ထောင်ပြုခြင်းနှင့် မွေးဖွားခြင်းသည် အရေးပါသည့်အကြောင်းများ ဖြစ်ပါသည်။

တစ်ချိန်သောအခါက အချိန်တန်အရွယ်ရောက် လူလားမြောက်သောအခါ အိမ်ထောင်ပြု သားမွေးခြင်းအမှုကို မြန်မာ့ရိုးရာအစဉ်အလာအရ ပုံမှန်ပြုလေ့ရှိပါသည်။ သားသမီးမွေးဖွားရန် သင့်လျော်သည့်အချိန် အရွယ်ရောက်သည်နှင့် မိဘများကိုယ်တိုင်က ကမကထပြုကာ မိမိတို့သားသမီးများအား အိမ်ထောင်ချထားပေးသည့် အစဉ်အလာရှိခဲ့သည်။ ထိုအိမ်ထောင်ရှင်တို့က သားသမီးများကို အချိန်မှန်ကောင်းစွာမွေးဖွားကြသည်။ ထိုသားသမီးများမှာ မျက်မှောက်ကာလအတွက် လူသားအရင်းအမြစ်များဖြစ်နေသည်။

မျက်မှောက်ကာလတွင် ထိုအစဉ်အလာများမှာ ပြောင်းလဲသွားခဲ့သည်။ မိဘများ၏အစီအစဉ်ဖြင့်မဟုတ်တော့ဘဲ သားသမီးများ၏ ဆန္ဒအတိုင်းဖြစ်လာသည်။ ယနေ့လူငယ်၊ လူလတ်များ အိမ်ထောင်ပြုခြင်းကို ၎င်းတို့ဘဝတွင် ဦးစားပေးခြင်းမရှိဘဲ မိမိတို့အခြေအနေဆန္ဒနှင့် အလုပ်ကိုသာအလေးထားကြသည်။ အရွယ်လွန်မှ အိမ်ထောင်ပြုကြသဖြင့် ဘဝနှင့်အနာဂတ် အလှမ်းကွာလာခဲ့သည်။

မြန်မာနိုင်ငံ၏ မွေးဖွားမှုနှင့် မျိုးဆက်ပွား ကျန်းမာရေးစစ်တမ်းတွင် အိမ်ထောင်မပြုသူအချိုးအစား ပိုများလာကြောင်း ထုတ်ပြန်ထားသည်။ တစ်ချိန်က ကလေးမွေးဖွားနိုင်သော အသက် (၁၉)နှစ်အတွင်း အမျိုးသား အမျိုးသမီးများ စောစီးစွာအိမ်ထောင်ပြုလေ့ရှိသည်။ သားသမီးများ စောစီးစွာရရှိကြပြီး အများအားဖြင့် အချိန်မှန် ရှင်သန်ဖွံ့ဖြိုးလာကြသည်။

ယခု အသက် (၁၉)နှစ်အတွင်းရှိ အမျိုးသမီးများအိမ်ထောင်မပြုသည့်နှုန်းသည် ၁၉၇၃ ခုနှစ်က ၇၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၉၂ ဒသမ ၈ ရာခိုင်နှုန်း၊ အမျိုးသားများအိမ်ထောင်မပြုသည့်နှုန်းသည် ၁၉၇၃ ခုနှစ်က ၉၂ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၉၅ ဒသမ ၉ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့သည်။ စစ်တမ်းအရ အမျိုးသမီးများ အိမ်ထောင်ပြုသည့် အသက်အရွယ်သည် ၁၉၇၃ ခုနှစ်က ၂၁ နှစ်ဝန်းကျင်၊ အမျိုးသားများမှာ ၂၆ နှစ်ဝန်းကျင်ရှိခဲ့သော်လည်း တဖြည်းဖြည်းအိမ်ထောင်ပြုသော အသက်အရွယ်လွန်လာခဲ့သည်။ အမှန်တွင် အိမ်ထောင်ပြုသားမွေးအရွယ်မှာ ထိုအသက်အရွယ်သည် အကောင်းဆုံးဖြစ်သည်။

မွေးဖွားမှုနှင့်သေဆုံးမှုစာရင်းတွင် ၂၀၁၄-၂၀၁၅ ခုနှစ်၌ မွေးဖွားဦးရေ ၆၄၅၀၀၀ ကျော်တွင် သေဆုံးသူ ၂၃၅၀၀၀ ရှိနေရာ မြို့ပြထက် ကျေးလက်တွင် ပိုများသည်ကို တွေ့ရသည်။ ထို့ကြောင့် အိမ်ထောင်ပြုအရွယ် မြင့်တက်လာခြင်းနှင့် မွေးဖွားပြီးသေဆုံးမှုမြင့်တက်လာခြင်းသည် အနာဂတ်မျိုးဆက်သစ်များ ဖြစ်ထွန်းရေးမျှော်မှန်းချက် လျော့ကျလာဖွယ်ဖြစ်သည်။

အိမ်ထောင်ပြုခြင်းသည် လူမှုဘဝပုံစံနှင့်သက်ဆိုင်သဖြင့် ပြင်ဆင်ရန် မလွယ်ကူသော်လည်း မွေးဖွားနှုန်း မကျဆင်းရေးနှင့် သေဆုံးနှုန်းမမြင့်မားရေးအတွက် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ အသက် ငါးနှစ်အောက်ကလေး သေဆုံးရမှုတွင် နေ့စေ့လစေ့မဟုတ်ဘဲမွေးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်ခြင်း၊ အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ မွေးကင်းစအသားဝါဖြစ်ခြင်း၊ ဦးနှောက်ပိုးဝင်ခြင်း၊ မွေးစဉ်ရေမွန်းခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းခြင်း၊ အာဟာရချို့တဲ့ခြင်း၊ မတော်တဆဖြစ်ခြင်း၊ သွေးဆိပ်တက်ခြင်း စသည့် ရောဂါများကြောင့်ဖြစ်သည်ဟု သိရသည်။

ထို့ကြောင့် အနာဂတ်မျိုးဆက်သစ်များဖြစ်ထွန်းရေးအတွက် မွေးဖွားပြီးကလေးငယ်များ အသက်ရှင်သန်ရေးသည် အရေးကြီးသည့်ကိစ္စရပ်ဖြစ်လာသည်။ သို့ဖြစ်ရာ မြို့ပြနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်သကဲ့သို့ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ယခုထက်တိုးမြှင့်ဆောင်ရွက်ပေးနိုင်မှသာ အနာဂတ်ပန်းကလေးများ ရှင်သန်ပွင့်လန်းလာပြီး တိုင်းပြည်အတွက် မျိုးဆက်သစ်သားကောင်းရတနာများ တိုးပွားနေမည်ဖြစ်သည်။ ။



# တံတားညီနောင်မြစ်ညီမနှင့် ပီသလှစွာသော ခေတ်သစ်ဇရပ်ဟု နှာပေါက်ကိုတင်စားလာ

**မန္တလေး ဇူလိုင် ၇**

ဖွံ့ဖြိုးတိုးတက်လာသောကာလတွင် သယ်ယူပို့ဆောင်မှုများ ပြောင်းလဲလာခဲ့သည်။ သယ်ယူပို့ဆောင်မှု ပြောင်းလဲလာခြင်းနှင့်အတူ ယာဉ်များစောင့်သည့်နေရာများပါ ပြောင်းလဲလာခဲ့သည်။ ထိုနေရာများတွင် ဧရာဝတီတံတား(ရတနာပုံ) အရှေ့ဘက်ရှိ ဒေသအခေါ် နှာပေါက်လည်း ပါဝင်သည်။ လက်ရှိကာလတွင် နှာပေါက်နေရာသည် ဧရာဝတီမြစ်အလှ စစ်ကိုင်းတံတားနှင့်ဧရာဝတီတံတား(ရတနာပုံ)အလှနှင့် စစ်ကိုင်းတောင်တော် ရွှေကြက်ယက်စေတီတော် အလှများကို ရှုမြင်ခံစားနိုင်သည့် နေရာပင်ဖြစ်သည်။ လမ်းဆုံနေရာဖြစ်သည့်အတွက် ကားစောင့်စီးသည့်ခရီးသည်များ ကားစောင့်ရာနေရာတစ်ခု ဖြစ်လာခဲ့သည်။

ခရီးသည်များသည် မြို့ထဲမှ ကား၊ ဆိုင်ကယ်တက္ကစီများဖြင့် လာရောက်ကာ စီးကြရသည်။ အချို့သော ခရီးသည်များသည် မန္တလေး-စစ်ကိုင်း လမ်းပေါ်ရှိ အုတ်နဲ့ဘုတ်ကျေးရွာနှင့် နှာပေါက်တို့မှ အဆင်သင့်သလို စောင့်စီးကြရသည်။ စစ်ကိုင်းနှာပေါက်သည်လည်း ခရီးသည်များ ခေတ္တနားခိုရာ ခေတ်သစ်ဇရပ်သဖွယ်ဖြစ်နေသည်။

နှာပေါက်မှာ မီးရထားသံလမ်းအောက် လိုဏ်ခေါင်းဖောက်ထားခြင်းဖြစ်ပြီး လူတစ်ဦး၏နှာခေါင်းပေါက်နှင့်တူ၍ နှာပေါက်ဟုခေါ်ခြင်းဖြစ်သည်။ နှာပေါက်အတွင်းတွင် ထိုင်ခုံကလေးများပြုလုပ်ထားကာ ခေတ်သစ်ဇရပ်ကလေးသဖွယ် ဖြစ်နေသည့်အတွက် ခရီးသွားပြည်သူများ နားခိုရာနေရာတစ်ခုဖြစ်လာခဲ့ပြီး တံတားညီနောင်မြစ်ညီမနှင့် ပီသလှစွာသော ခေတ်သစ်ဇရပ်ဟုပင်တင်စားထားကြောင်း သိရသည်။ **(အပေါ်ပုံ)**


**(တိမ်တမန်)**

## သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရေး သန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဇူလိုင် ၇**

သွေးလွန်တုပ်ကွေး ရောဂါသည် မိုးတွင်းကာလတွင် ခြင်မှတစ်ဆင့် ကူးစက်ဖြစ်ပွားသည့် ရောဂါဖြစ်သောကြောင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး၊ ကြိုတင်ကာကွယ်ရေးအနေဖြင့် ရွှေလရောင်ပရဟိတအသင်း(နေပြည်တော်)မှ အသင်းဝင်များက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ အေးမြသာယာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အပင်များရှင်းလင်းခြင်းကို ဇူလိုင် ၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၇**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၄၀၅၀၀ | ၇၄၀၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၄၀၀၀၀ | ၇၄၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၀၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | ၁၁၂၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | ၁၂၄၂. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | ၁၈၁. ၁၈ |
| (ဃ) ထိုင်း | တစ်ဘတ် | ၃၃. ၂၄၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | ၂၉၅. ၅၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | ၁၇. ၇၆၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | ၉၁၆. ၃၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | ၉၉. ၆၇၂ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | ၈၄၁. ၀၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | ၈၃၂. ၇၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း






ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိပ္ပွန်ဖောင်ဒေးရှင်းနှင့် ဆာဆာကာဝါဖောင်ဒေးရှင်းဉက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၇

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏အထူးကိုယ်စားလှယ်၊ နိပ္ပွန်ဖောင်ဒေးရှင်းနှင့် ဆာဆာကာဝါ ဖောင်ဒေးရှင်းဉက္ကဋ္ဌ မစ္စတာ ရိုဟဲအိဆာဆာကာဝါ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံစဉ် ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးစိုးသိန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ ရိုဟဲအိဆာဆာကာဝါနှင့်အတူ ဆာဆာကာဝါ-အမေရိကန်၏ အမှုဆောင်အရာရှိချုပ် ဘုတ်အဖွဲ့ဉက္ကဋ္ဌ၊ အမေရိကန်အမျိုးသားစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ ညွှန်ကြားရေးမှူးဟောင်း ရေတပ်ဗိုလ်ချုပ်ကြီး ဒန်းနစ်စ်ဘလဲနှင့် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ အထူးအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီးဟောင်း ရှိဂဲရုအိဝါဆာကီတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

---

**☆ ဒဂုံစီးတီးမှ**

စီမံကိန်းရပ်ဆိုင်းပေးရန် နိုင်ငံတော်သမ္မတထံသို့ မေတ္တာရပ်ခံလာခြင်းစသည့် အခြေအနေများကြောင့် လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း စီမံကိန်းအား ဆက်လက်ဆောင်ရွက်ရန်မသင့်ကြောင်း သုံးသပ်တင်ပြချက်အရလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနကလည်း စီမံကိန်းများရပ်ဆိုင်းပေးပါရန် တင်ပြချက်အရလည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရွှေတိဂုံစေတီတော်အပါအဝင် သိင်္ဂုတ္တရကုန်းတော်ရှိ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများအား မည်သည့်အကြောင်းကြောင့်မျှ ထိခိုက်မှုမဖြစ်ပေါ်ရေး ဦးစားပေးဆောင်ရွက်ရန် လိုလားခြင်းကြောင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းရာတွင် ၎င်းတို့ကလည်း လိုလားစွာလက်ခံခြင်းကြောင့်လည်းကောင်း၊ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ယခင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းနေရာဟောင်းတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအားလုံးကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစတင်၍ အပြီးသတ်ရပ်ဆိုင်းလိုက်သည်။

၄။ ဤသို့ စီမံကိန်းအား အပြီးသတ်ရပ်ဆိုင်းလိုက်ခြင်းကြောင့် စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လျက်ရှိကြသည့် ရင်းနှီးမြှုပ်နှံသူများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**အမိန့်အရ**

**ဇော်သန်းသင်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

---

## ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုများတွင် အများပြည်သူ ကြည့်ရှုနားဆင်ရန်မသင့်သည်များ ပါဝင်ပါက တိုင်ကြားနိုင်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆက်စပ်ရုပ်သံလိုင်းများ၊ မြန်မာ့အသံနှင့် FM များ လိုက်နာရမည့် လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ(Code of Ethics)ကို ပြန်ကြားရေးဝန်ကြီးဌာန၏ Website www.moi.gov.mm၊ http://www.moi.gov.mm/?q=news/2/07/2015/id-7258 တွင်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV FB Page (https://www.facebook.com/mrtvwebmediaportal) နှင့် MRTV Website ဖြစ်သော www.mrtv.gov.mm, www.mrtv.gov.mm/zg တွင်လည်းကောင်း ၂-၇-၂၀၁၅ ရက်နေ့မှစ၍ ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

ပြည်သူများအနေဖြင့် မြန်မာ့ရုပ်မြင်သံကြား၊ Forever Group Co.,Ltd. နှင့် Sky Net မှ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားအစီအစဉ်များ၊ မြန်မာ့အသံ၊ ချယ်ရီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ပဉ္စဝတီ FM၊ မန္တလေး FM အစီအစဉ်များတွင် အများပြည်သူကြည့်ရှုနားဆင်ရန်မသင့်သော ပြကွက်များ၊ ပြောကြားချက်များ၊ အသုံးအနှုန်းများ ပါဝင်ကြောင်း တွေ့ရှိပါက ဖော်ပြပါလိပ်စာများသို့ တိုင်ကြားနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| ၁။ | ဒုတိယအမြဲတမ်းအတွင်းဝန် | - ၀၆၇-၄၁၂၃၂၃(ဖုန်း) |
| | ပြန်ကြားရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး | - ၀၆၇-၄၁၂၀၁၇ (ဖက်စ်)၊ e-mail.moi.npt.adm@gmail.com |
| ၂။ | ညွှန်ကြားရေးမှူးချုပ် | - ၀၆၇-၇၉၄၅၆(ဖုန်း) |
| | မြန်မာအသံနှင့် ရုပ်မြင်သံကြား | - ၀၆၇-၇၉၄၇၃(ဖက်စ်) |
| ၃။ | ညွှန်ကြားရေးမှူး(အသံလွှင့်) | - ၀၆၇-၇၉၂၁၂(ဖုန်း) |
| | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | - ၀၆၇-၇၉၂၀၅(ဖက်စ်)၊ e-mail-zeyar.mrtv3@gmail.com |

**ပြန်ကြားရေးဝန်ကြီးဌာန**




# အိုင်အက်စ်တို့ကို ချေမှုန်းနိုင်မည်ဟု အိုဘားမားပြော

**ဝါရှင်တန် ဇူလိုင် ၇**

အမေရိကန်သမ္မတ ဘာရက် အိုဘားမားက အိုင်အက်စ်(အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး) စစ်သွေးကြွများကို ချေမှုန်းနိုင်မည်ဖြစ်သော်လည်း အချိန်ပေးရဦးမည်ဖြစ်ကြောင်း ပြောကြားသည်။ အိုဘားမားသည် အိုင်အက်စ် စစ်သွေးကြွအဖွဲ့နှင့် ပတ်သက်သည့် နောက်ဆုံးအခြေအနေများကို သတင်းထောက်များအား တနင်္လာနေ့တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များသည် အိုင်အက်စ် စစ်သွေးကြွအဖွဲ့ကို လေကြောင်းမှ အကြိမ် ၅၀၀၀ ကျော် တိုက်ခိုက်ခဲ့ပြီး ထိပ်တန်းခေါင်းဆောင်များ အပါအဝင် တိုက်ခိုက်ရေးသမားထောင်ပေါင်းများစွာကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်းနှင့် စစ်သွေးကြွများသည် အပြစ်မဲ့ပြည်သူများကြားတွင် နေရာယူလှုပ်ရှားနေသည့်အတွက် အမြစ်ပြတ်ချေမှုန်းသုတ်သင်နိုင်ရေးအတွက် အချိန်ပေးရဦးဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ် စစ်သွေးကြွများ အခိုင်အမာနေရာယူထားသည့် ဒေသများကို လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး လေ့ကျင့်သင်တန်းပေးထားသည့် အစွန်းမရောက်သည့် အစိုးရဆန့်ကျင်ရေးတပ်ဖွဲ့များက မြေပြင်တွင် ပူးပေါင်းတိုက်ခိုက်လျှင် ပိုမိုအရှိန်မြင့်လာမည်ဖြစ်ကြောင်း အိုဘားမားက ဆက်လက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**



# စပိန်ရိုးရာ နွားသိုးလွှတ်ပွဲတော်၌ အမျိုးသား သုံးဦး နွားဝှေ့ခံရ

ဘာစီလိုနာ ဇူလိုင် ၇

**စပိန်နိုင်ငံ၌ ရက်သတ္တပတ်ကြာ ကျင်းပမည့် ရိုးရာနွားသိုးလွှတ်ပွဲတော်ကို ဇူလိုင် ၇ ရက်က စတင်ကျင်းပရာ အမျိုးသား သုံးဦး နွားဝှေ့ခံခဲ့ရပြီး ၁၀ ဦးကို ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။**

နှစ်စဉ်ကျင်းပသည့် ရိုးရာနွားသိုးလွှတ်ပွဲတော်အတွင်း လွှတ်ပေးလိုက်သည့် နွားသိုးများနှင့်အတူ လူအများ လိုက်ပါပြေးလွှားကြသည်။ ယောကျ်ားများ၏ ရဲစွမ်းသတ္တိကို ထုတ်ဖော်ပြသနိုင်ရန် ယင်းရိုးရာပွဲတော်ကို ကျင်းပခြင်းဖြစ်သည်။

အနီရောင်ပဝါများ လွှမ်းခြုံထားသူ လူများနောက်သို့ လိုက်ပါလာသော နွားသိုးများက လူအုပ်ကို ဦးချိုဖြင့် လိုက်ဝှေ့လေ့ရှိပြီး ပွဲတော်၏ ပထမနေ့တွင် စပိန်နိုင်ငံအနောက်ပိုင်း အိပ်ထရီမာဒူရာ ကျေးလက်ဒေသရှိ နွားမွေးမြူရေးခြံတစ်ခြံမှ နွားသိုးများ အပါအဝင် နွားသိုးတစ်အုပ်ကို လူနေရပ်ကွက်ရှိ လမ်းများကို ဖြတ်သန်း၍ လွှတ်ပေးခဲ့သည်။

လွှတ်ပေးလိုက်သော နွားသိုးများ၏ ပြေးလွှားချိန်မှာ ၂ မိနစ်နှင့် ၂၃ စက္ကန့်ကြာမြင့်သည်။ အမျိုးသားတစ်ဦး ရင်ဘတ်တွင် နွားဝှေ့ခံခဲ့ရပြီး ၎င်းကို ကုသပေးလျက်ရှိကြောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။ အခြားအမျိုးသား နှစ်ဦးမှာလည်း နွားဝှေ့ခံခဲ့ရကြောင်း ကြက်ခြေနီအဖွဲ့က ပြောကြားသော်လည်း အသေးစိတ်အချက်အလက်များကိုမသိရပေ။ **ရိုက်တာ။**

# ဂင်းနစ်စံချိန်ဝင် ကမ္ဘာ့အသက်ကြီးဆုံး ဂျပန်အမျိုးသား ကွယ်လွန်

**တိုကျို ဇူလိုင် ၇**

ဂင်းနစ်ကမ္ဘာ့စံချိန်အဖွဲ့က ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသားအဖြစ် အသိအမှတ်ပြုထားသော ဂျပန်နိုင်ငံသားတစ်ဦးဖြစ်သူ ဆာကာရီမိုမိုင်သည် အသက်(၁၁၂)နှစ်အရွယ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဒေသန္တရ မီဒီယာများက ဇူလိုင် ၇ ရက်တွင် ရေးသားဖော်ပြသည်။

တိုကျိုမြို့တော်အနီးရှိ ဆိုင်တမမြို့တွင် နေထိုင်ခဲ့သော မိုမိုင်အား ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ဂင်းနစ်ကမ္ဘာ့စံချိန်အဖွဲ့က ကမ္ဘာ့အသက်ကြီးဆုံးလူသားအဖြစ် အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။ ၎င်းမှာ နာတာရှည်ကျောက်ကပ်ရောဂါဖြင့် ဇူလိုင် ၅ ရက်က တိုကျိုမြို့ရှိ ဆေးရုံတစ်ရုံ၌ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ယခင်က ကျောင်းဆရာတစ်ဦးဖြစ်သော မိုမိုင်သည် ဆိုင်တမနှင့် ဖုကူရှီးမားစီရင်စုနယ်များရှိ အများပြည်သူ အထက်တန်းကျောင်းများ၌ စိုက်ပျိုးရေးဆိုင်ရာ ဓာတုဗေဒဘာသာရပ်ကို ပို့ချပေးခဲ့သည်။

ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေး ဝန်ကြီးဌာန၏အဆိုအရ ၎င်းသေဆုံးပြီးနောက် နာဂိုယာမြို့သား အသက်(၁၁၂) နှစ်အရွယ်ရှိ ယာဆုတာရိ ကွိုင်ဒဲမှာ ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးအမျိုးသား ဖြစ်လာခဲ့သည်။ ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးအဖြစ် အသိအမှတ်ပြုထားသော ဂျပန်အမျိုးသမီးတစ်ဦးဖြစ်သူ မီဆာအိုအိုကာဝါမှာ ဧပြီလက အိုဆာကာမြို့၌ အသက် (၁၁၇) နှစ် အရွယ်တွင် ကွယ်လွန်ခဲ့သည်။

**ဆင်ဟွာ။**

# နောက်ပြောင်ခြိမ်းခြောက်မှုကြောင့် တူရကီလေယာဉ် နယူးဒေလီသို့ အရေးပေါ်ဆင်းသက်ရ




**နယူးဒေလီ ဇူလိုင် ၇**

ခရီးသည်၁၄၈ ဦးလိုက်ပါလာသည့်တူရကီလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဗုံးခြိမ်းခြောက်မှုတစ်ရပ်ကြောင့် ဇူလိုင် ၇ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အင်ဒီယာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း လေကြောင်းပျံသန်းရေးဆိုင်ရာ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံမှ အီစတန်ဘူလ်မြို့တော်သို့ ပျံသန်းလာသော အဆိုပါလေယာဉ်မှာ လေယာဉ်သန့်စင်ခန်းအတွင်းရှိ မှန်တစ်ချပ်ပေါ်၌ နှုတ်ခမ်းနီတောင့်ဖြင့် ရေးသားထားသော လေယာဉ်ပေါ်ပါ ကုန်ပစ္စည်းများအတွင်း ဗုံးတစ်လုံးထောင်ထားသည်ဟူသော သတိပေးစာကိုတွေ့ရှိပြီးနောက် အရေးပေါ်ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ပြောကြားသည်။

"နိုင်ငံအနောက်ပိုင်းမြို့တော် နာဂပူမြို့ပေါ် လေယာဉ်ပျံသန်းနေချိန်မှာ အဲဒီသတင်းနဲ့ပတ်သက်ပြီး လေယာဉ်မှူးက လေကြောင်းထိန်းချုပ်သူတွေကို ပြောကြားခဲ့ပါတယ်။ လေယာဉ်ကို နယူးဒေလီမှာ အရေးပေါ်ဆင်းသက်မှုပြုလုပ်ဖို့ ပြောကြားခဲ့ပြီး လေယာဉ်ဆင်းသက်ပြီးတဲ့နောက် ချက်ချင်းဆိုသလို သီးသန့်လေယာဉ်ရုံဆီ ယူသွားခဲ့ပါတယ်" ဟု ၎င်းကဆိုသည်။

ခရီးသည်အားလုံးနှင့် လေယာဉ်အမှုထမ်းများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပြီးနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးကွန်မန်ဒိုများက လေယာဉ်အား ရှာဖွေမှုပြုလုပ်ခဲ့သော်လည်း သံသယဖြစ်စရာ မည်သည့်အရာမျှ မတွေ့ရှိခဲ့ကြောင်း၊ အဆိုပါသတင်းမှာ နောက်ပြောင်လိမ်လည်မှုတစ်ခုသာ ဖြစ်ပုံရသော်လည်း ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း၊ ထိုဖြစ်ရပ်နှင့် ဆက်နွှယ်၍ ခရီးသည်အားလုံးကို မေးမြန်းစစ်ဆေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ။**

# မလေးရှားဝန်ကြီးချုပ်အပေါ် စွပ်စွဲမှု ပေါ်ထွက်ခဲ့ပြီးနောက် ဘဏ်စာရင်း ခြောက်ခုကို ထိန်းချုပ်ထား

**ကွာလာလမ်ပူ ဇူလိုင် ၇**

မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏ ဘဏ်ငွေစာရင်းတစ်ခုသို့ အမေရိကန်ဒေါ်လာ သန်း ၇၀၀ နီးပါး လွှဲပြောင်းပေးအပ်ခဲ့သည်ဟု သတင်းပေါ်ထွက်လာခဲ့ပြီးနောက် စုံစမ်းစစ်ဆေးရေးအဖွဲ့က ဘဏ်စာရင်းခြောက်ခုကို ထိန်းချုပ်ထားလိုက် ကြောင်း အမတ်တစ်ဦးက ဇူလိုင် ၇ ရက်တွင် ပြောကြားသည်။

ဝန်ကြီးချုပ် နာဂျစ်နှင့် သက်ဆိုင်နေသည်ဟု ယူဆရသော ဘဏ်စာရင်းများသို့ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ခန့်ကို လွှဲပြောင်းပေးအပ်ခဲ့သည်ဟု စုံစမ်းစစ်ဆေးတွေ့ရှိရကြောင်း အမေရိကန်တွင် ထုတ်ဝေသော ဝေါစထရိဂျာနယ်အမည်ရှိ သတင်းစာက လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ရေးသားဖော်ပြခဲ့သည်။ သို့ရာတွင် ရိုက်တာ သတင်းဌာနက အဆိုပါသတင်းနှင့် ပတ်သက်၍ အတည်ပြုနိုင်ခြင်း မရှိပေ။

နိုင်ငံတော် ရင်းနှီးမြှုပ်နှံရေး ရန်ပုံငွေမှ ငွေကြေးတစ်စုံတစ်ရာကို လက်ခံရယူခဲ့ခြင်းမရှိကြောင်း၊ မိမိ၏ ကိုယ်ကျိုးအတွက် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်ထံမှလည်း ငွေကြေးရယူခဲ့ခြင်းမရှိကြောင်း ဝန်ကြီးချုပ် နာဂျစ်က ပြောကြားသည်။

ဝန်ကြီးချုပ် နာဂျစ်နှင့် သက်ဆိုင်နေသော စွပ်စွဲချက်များ ပေါ်ထွက်ခဲ့ပြီးနောက် ဘဏ်ငွေစာရင်းခြောက်ခုကို ထိန်းချုပ်ထားလိုက်ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့က ပြောကြားသည်။


စုံစမ်းစစ်ဆေးမှုကို ပြုလုပ်ရာတွင် အထောက်အကူရရှိစေရန် ဘဏ်တိုက်နှစ်တိုက်မှ ငွေစာရင်း ၁၇ ခုနှင့် သက်ဆိုင်နေသော စာလွှာ စာတမ်းများကိုလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့က လွှဲပြောင်းရယူခဲ့သည်။

ဝန်ကြီးချုပ်၏ ဘဏ်စာရင်းသို့ ငွေကြေးလွှဲပြောင်းပေးအပ်ခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့် သက်ဆိုင်နေသည့် စာလွှာစာတမ်းများကို စုံစမ်းစစ်ဆေးရေးအဖွဲ့ထံမှ လက်ခံရရှိကြောင်း ရှေ့နေချုပ်က ပြောကြားခဲ့သည်။

**ပီတီအိုင်။**

ပြည်တွင်းရေးရာ

# တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ဂျပန်နိုင်ငံကာကွယ်ရေးတက္ကသိုလ်တွင် မြန်မာဗိုလ်လောင်းများ တက်ရောက်သင်ကြားနိုင်ရေးဆွေးနွေး



**နေပြည်တော် ဇူလိုင် ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာရိုဟဲအိဆာဆာကာဝါအား ယနေ့နံနက် ၉ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး မစ္စတာရိုဟဲအိဆာဆာကာဝါနှင့်အတူ ဆာဆာကာဝါ-အမေရိကန်၏ အမှုဆောင်အရာရှိချုပ် ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ အမေရိကန်အမျိုးသား စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ ညွှန်ကြားရေးမှူးဟောင်း ရေတပ်ဗိုလ်ချုပ်ကြီး ဒန်းနစ်စ်ဘလဲ၊ ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာန၏ အထူးအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီးဟောင်း ရှီဂဲရု အီဝါဆာကီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ ဂျပန်နိုင်ငံကာကွယ်ရေး တက္ကသိုလ်တွင် မြန်မာဗိုလ်လောင်းများ တက်ရောက်သင်ကြားနိုင်ရေး၊ ဂျူဒိုနှင့်လုံ့စွပ်ထိုးစသည့် အားကစားများ မြှင့်တင်ရေးအတွက် နည်းပြများ စေလွှတ်ရေး၊ ဝတ်စုံများကူညီထောက်ပံ့ရေး၊ ဒုက္ခသည်များ ကူညီထောက်ပံ့မှု ကိစ္စရပ်များနှင့် မြန်မာ-အမေရိကန်နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ အပြန်အလှန်ဆွေးနွေးကြသည်။

**(မြဝတီ)**

# (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၇**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျင်းပမည့် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အခမ်းအနားကျင်းပရေးဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဝန်ကြီးချုပ် ဦးမြင့်ဆွေက (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီ ခုနစ်ခုဖြင့် ဇွန် ၂၆ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပြီး ဖြစ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် အလေးအနက်ထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အာဇာနည်ဗိမာန်လုံခြုံရေးအတွက် တိတိကျကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပနိုင်ရေးအတွက် အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ပြုပြင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ လွမ်းသူ့ပန်းခွေချ အလေးပြု အခမ်းအနား စီစဉ်ရေး စသည့် လုပ်ငန်းတာဝန်များကို လုပ်ငန်းဆပ်ကော်မတီများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုးပွင့်(အထူး) စီမံချက် ကွင်းဆင်းဆောင်ရွက်

**အရာတော် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ နေရာခင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသုံးရွာသို့ သွားရောက်ပြီး ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကံထွန်း၊ မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်နှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးပြီး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ကျေးလက်နေပြည်သူများအား နိုင်ငံသား အခွင့်အရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အသုံးဝင်ပုံများကို ရှင်းလင်းပြောကြားခဲ့သည်။

**(မြို့နယ်လဝက)**



# မိုးရွာသွန်းမှုကြောင့် ဟားခါး၌ နေအိမ်ကျွံကျပျက်စီး

**ဟားခါး ဇူလိုင် ၇**

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ဂေါက်ကွင်း (၂)လမ်းရှိ ဦးဒွန်ထန်း၏ နေအိမ် မြေပြိုကျွံကျပျက်စီးပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှု မရှိ ကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားရာနေရာသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် တာဝန်ရှိသူများ သွားရောက်ပြီး ရပ်ကွက်နေပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ကယ်ဆယ်ရေးလုပ်ငန်းဝိုင်းဝန်း ဆောင်ရွက်မှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချထားသော ရုပ်ရှင်ရုံများအနက် ဘဏ်လုပ်ငန်းအဖြစ်ပြောင်းလဲလုပ်ဆောင်နေသောရုပ်ရှင်ရုံများ မူလရောင်းချစဉ်က စာချုပ်ပါအတိုင်း ရုပ်ရှင်ပြသရေးလုပ်ငန်းကို ပူးတွဲဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၇**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံပိုင်ရုပ်ရှင်ရုံ ၁၃၅ ရုံအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပုဂ္ဂလိကသို့ အပြီးအပိုင် ရောင်းချခဲ့သည်။ ၎င်းတို့အနက် ရုပ်ရှင်ရုံ ၉၃ ရုံသည် ရောင်းချစဉ်က စာချုပ်ပါ စည်းကမ်းအရလည်းကောင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၁၇-၈-၁၉၉၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၉၅ အရလည်းကောင်း၊ မူလလုပ်ငန်းနှင့် ဆက်နွယ်သော အခြားလုပ်ငန်းများနှင့် မူလလုပ်ငန်းတိုးတက်စေရန် အခြားစီးပွားရေးလုပ်ငန်းများကို အများပြည်သူအကျိုးငှာ လုပ်ပိုင်ခွင့်ရှိသော်လည်း မူလရုပ်ရှင်ပြသခြင်းလုပ်ငန်းကိုမူ မပျက်မကွက်ထည့်သွင်း လုပ်ကိုင်ရမည်ဖြစ်ပါသည်။ သို့သော်လည်း ၎င်းရုပ်ရှင်ရုံများအနက် ရုပ်ရှင်ရုံ ၇၃ ရုံသည် မူလစာချုပ်ပါအတိုင်း ရုပ်ရှင်ပြသမှုမရှိခြင်း၊ ရုပ်ရှင်ရုံဟောင်းအားဖြိုဖျက်ပြီး အသစ်ဆောက်လုပ်မှုမရှိခြင်း၊ အခြားစီးပွားရေးလုပ်ငန်းသို့ ပြောင်းလဲလုပ်ဆောင်ခြင်းတို့ကြောင့် မူလစာချုပ်ပါအတိုင်း ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမရှိသဖြင့် မူလစာချုပ်ပါအတိုင်း ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကသို့ အပြီးရောင်းချသော ရုပ်ရှင်ရုံ ၁၃ ရုံမှ ဝယ်ယူထားသူများအား ၃-၇-၂၀၁၅ ရက်နေ့က ရန်ကုန်မြို့တွင် တွေ့ဆုံပြီး ဆက်လက်အကောင်အထည်ဖော်မည့် အစီအစဉ်ကို တစ်လအတွင်းတင်ပြရန် ခြောက်လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက စာချုပ်ပါ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ရှင်းလင်းဆွေးနွေးခြင်းကို ဇူလိုင်လ ၄ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြခဲ့ပြီး အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ရုပ်ရှင်ရုံ ဝယ်ယူထားသူများထံသို့လည်း တရားဝင်စာဖြင့် ဆက်လက်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

အထက်ပါ ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချပြီး ရုပ်ရှင်ရုံများအနက် အောက်ပါရုပ်ရှင်ရုံ ၇ ရုံသည် မူလစာချုပ်ပါအတိုင်း ရုပ်ရှင်ပြသမှု လုပ်ငန်းမပါရှိဘဲ ပုဂ္ဂလိက ဘဏ်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရှိရသည်-

| | | | |
|---|---|---|---|
| (၁) | တောင်ငူမြို့ | ဆန်းသီရိရုပ်ရှင်ရုံ | CB ဘဏ် |
| (၂) | ကောလင်းမြို့ | မြို့မရုပ်ရှင်ရုံ | မြန်မာ့ရွှေ့ဆောင်ဘဏ် |
| (၃) | သထုံမြို့ | ကြယ်တာရာရုပ်ရှင်ရုံ | မြန်မာ့ရွှေ့ဆောင်ဘဏ် |
| (၄) | မြောင်းမြမြို့ | စံပြရုပ်ရှင်ရုံ | မြန်မာ့ရွှေ့ဆောင်ဘဏ် |
| (၅) | သီပေါမြို့ | စိန်မေတ္တာရုပ်ရှင်ရုံ | မြန်မာ့ရွှေ့ဆောင်ဘဏ် |
| (၆) | ကျိုင်းတုံမြို့ | ခေမရဋ္ဌရုပ်ရှင်ရုံ | မြန်မာ့ရွှေ့ဆောင်ဘဏ် |
| (၇) | အောင်ပန်းမြို့ | ငွေဗိမာန်ရုပ်ရှင်ရုံ | အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ် |

ရုပ်ရှင်ပြသမှုလုပ်ငန်းမပါဝင်ဘဲ ဘဏ်လုပ်ငန်းသက်သက်သာ ဆောင်ရွက်လျက်ရှိသော ဘဏ်များမှ တာဝန်ရှိသူများအား ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်နှင့် တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရုံး၌ တွေ့ဆုံ၍ မူလစာချုပ်ပါ စည်းကမ်းနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၉၅ တို့အရ ရုပ်ရှင်ပြသရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လက်ရှိဘဏ်အဆောက်အအုံတွင် ရုပ်ရှင်ပြသခြင်းလုပ်ငန်းထည့်သွင်းခြင်းသော်လည်းကောင်း၊ သက်ဆိုင်ရာမြို့ရှိ သင့်တော်သည့် နေရာတွင် ရုပ်ရှင်ရုံပြန်လည်တည်ဆောက်ပေးခြင်းဖြင့်သော်လည်းကောင်း မူလစာချုပ်နှင့် အမိန့်ကြော်ငြာစာပါ စည်းကမ်းအတိုင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်မည့်အစီအမံကို နှစ်လအတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်ပြရန်နှင့် ရုပ်ရှင်ရုံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပျက်ကွက်ပါက အမိန့်ကြော်ငြာစာအမှတ်၊ ၃/၉၅ နှင့်အညီ ရုပ်ရှင်ရုံအား ပြန်လည်သိမ်းယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဂျပန်နိုင်ငံအနေနဲ့ဆိုရင် သီလဝါအထူးစီးပွားရေးဇုန်မှာ ပါဝင်ဆောင်ရွက်တဲ့အပြင် အဓိကပါဝင်တဲ့မိတ်ဖက်လည်းဖြစ်ပါတယ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်

အင်တာဗျူး-တင်မောင်လွင်
ဓာတ်ပုံ-မြင့်လှိုင်

(၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ခဲ့ပြီး နိုင်ငံအတွက် အကျိုးရလဒ်များစွာ ဆောင်ကြဉ်းနိုင်ခဲ့သည့်ခရီးစဉ်အဖြစ် သမိုင်းဝင်ခဲ့သည်။

နိုင်ငံအတွင်း အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများအပါအဝင် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် ချေးငွေအကူအညီ ယန်း ဘီလီယံ ၁၀၀ ကို ပေးအပ်ရန် ဂျပန်နိုင်ငံက အတည်ပြုခဲ့သည်။

ထို့ပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ လက်ရှိမြန်မာနိုင်ငံ၌ ဆောင်ရွက်နေသည့် အထူးစီးပွားရေးဇုန်ကြီးများတွင် ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည်တို့ကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး နွေးထွေးကြိုဆိုဖိတ်ခေါ်ခဲ့သည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် **နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်**က "ဒီအစည်းအဝေးမှာ ဂျပန်နိုင်ငံအနေနဲ့ မဲခေါင်ဒေသကို ဘယ်လိုကူညီနိုင်မလဲဆိုတာကို ဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်တွေကို ချမှတ်ခဲ့ကြပါတယ်။ အထူးသဖြင့် ဒေသတွင်းမှာ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး၊ သွားလာရေး၊ ပို့ဆောင်ရေးလုပ်ငန်းတွေ ဘယ်လိုတိုးတက်အောင်လုပ်ကြမလဲဆိုတာ ဆွေးနွေးနိုင်ခဲ့တယ်။ ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာအတွင်းမှာရှိတဲ့ နိုင်ငံတွေကို ဘယ်လိုဆက်သွယ်ပေးမလဲ၊ ကုန်းတွင်းပိုင်းစကြႍကို ဘယ်လိုတည်ဆောက်မလဲ ဆိုတဲ့ကိစ္စရပ်တွေကို ဆွေးနွေးချမှတ်ခဲ့ပါတယ်။ ဒီထဲမှာ ဒေသတစ်ခုလုံးကို အန္တရာယ်ပြုနေတဲ့ သဘာဝဘေးအန္တရာယ်တွေ ဘယ်လိုကာကွယ်တားဆီးမလဲ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဘယ်လိုဦးစားပေးဆောင်ရွက်မလဲဆိုတာတွေ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ အဲဒီလိုပဲ ဒေသတွင်းမှာဖြစ်နေတဲ့ ဒေသတွင်းပြဿနာတွေမှာလည်း ဘယ်လိုရပ်တည်ချက်နဲ့ ဘယ်လိုဆောင်ရွက်သွားမလဲ၊ အဓိကဒေသတွင်း လုံခြုံရေးနဲ့ တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေး ဒီလိုကိစ္စရပ်တွေအတွက် အားလုံးကနေပြီးတော့ ပြဿနာတွေ၊ အခက်အခဲတွေ၊ အငြင်းပွားမှုတွေ၊ ငြိမ်းချမ်းစွာအဖြေရှာတဲ့နည်းနဲ့ နိုင်ငံတကာကနေ သဘောတူချမှတ်ထားတဲ့ နိုင်ငံတကာဥပဒေနဲ့အညီ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ငြိမ်းချမ်းရေးဆွေးနွေးစားပွဲဝိုင်းမှာ ဆွေးနွေးသွားကြဖို့ဆိုတဲ့ သဘောတူညီချက်တွေ ရရှိခဲ့ကြပါတယ်။

ဒီမဲခေါင်နိုင်ငံအားလုံးဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့အတွက်ကြောင့် နိုင်ငံအားလုံးဟာ အာဆီယံရဲ့ တူညီဆန္ဒတွေနဲ့ ချမှတ်ထားတဲ့ ရပ်တည်ချက်တွေပေါ်မှာပဲ ဆက်လက်ရပ်တည်ပြီး ဂျပန်နိုင်ငံအနေနဲ့လည်း ဒီရပ်တည်ချက်ကို အလေးထားကာ ဒေသတွင်းတည်ငြိမ်ရေးနဲ့ အေးချမ်းရေး၊ လုံခြုံရေးတွေကိုလည်း ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့ သဘောတူညီချက်တွေ ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ ဂျပန်နိုင်ငံကလည်း မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေ၊ နိုင်ငံရေးအသွင်ကူးပြောင်းမှုတွေမှာ ဆက်လက်အားပေးမယ်။ နောက်တစ်ခုကတော့ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး မြန်မာ-ဂျပန်-ထိုင်းသုံးနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ထောင်ရေးအတွက်ကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားဖို့ MOI သုံးနိုင်ငံ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲတွေမှာဆိုရင်လည်း ဂျပန်နိုင်ငံနဲ့ ရှေ့ဆက်အလားအလာကောင်းတွေ အများကြီးရရှိခဲ့တာ။ အလားတူပဲ ဒီဆွေးနွေးပွဲတွေနဲ့ တစ်ဆက်တည်း ဘေးမှာဆောင်ရွက်ခဲ့တဲ့ အခမ်းအနားတွေမှာလည်း အထူးသဖြင့်တော့ ဂျပန်-မြန်မာအသင်းကြီးကနေပြီးတော့ နှစ်ရှည်လများကတည်းက မြန်မာနဲ့ရင်းနှီးခဲ့ကြတဲ့ မိတ်ဆွေဂျပန် စီးပွားရေးလုပ်ငန်းရှင်တွေ၊ နိုင်ငံရေးဘက်က ပုဂ္ဂိုလ်တွေ ဒီလိုပုဂ္ဂိုလ်တွေပါ အကုန်တက်ရောက်ကြပြီး မြန်မာနိုင်ငံနဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ ဦးဆောင်မှုအောက်မှာ ဆောင်ရွက်နေတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ ရရှိခဲ့တာကို ထောက်ခံအားပေးပြီး သမ္မတကြီးရဲ့ လုပ်ဆောင်မှုကို လေးစားကြည်ညိုချစ်ခင်လေးစားစွာနဲ့ အားပေးထောက်ခံမှုတွေ အများကြီးရရှိခဲ့ပါတယ်။ နောင်မှာလည်း သီလဝါစက်မှုဇုန် ၊ ထားဝယ်အထူးစီးပွားရေးဇုန်ကိစ္စတွေကို ဂျပန်နိုင်ငံကနေ အနီးကပ်ပူးပေါင်းဆောင်ရွက်လာမယ့် အခြေအနေတွေကို တွေ့ရှိရတဲ့အတွက် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းတွေအများကြီးရရှိခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်"ဟု ပြောကြားသည်။

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း**က "ဒီ မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးမှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့၊ မြန်မာနိုင်ငံအရှေ့ပိုင်း ရှမ်းပြည်နယ် ကျိုင်းတုံမှာ မဲခေါင်တက္ကသိုလ်တစ်ခု ထူထောင်ဖို့ဆိုတာလည်း နိုင်ငံအတွက် အကျိုးရှိမယ့်ကိစ္စဖြစ်ပါတယ်။ မြဝတီ-ကော့ကရိတ်လမ်းကလည်း တော်တော်လေးဖောက်လို့ပြီးနေပြီ။ ကော့ကရိတ်ကနေ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဘက်ကို အရှေ့အနောက် ဆက်ပြီးဖောက်မှာဖြစ်တဲ့အတွက် ကောင်းပါတယ်။

နောက်တစ်ခုက သမ္မတကြီး အထူးစိတ်ဝင်စားတဲ့ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းပါ။ သမ္မတကြီး ကျိုတို-အိုဆာကာ ခရီးစဉ်အတွင်းမှာ သမဝါယမစုပေါင်းစိုက်ခင်းလေးတစ်ခုကို သွားရောက်လေ့လာခဲ့တယ်။ အဲဒီသမဝါယမစိုက်ခင်းလေးရဲ့ အနေအထားကြည့်ရတာဟာ မြန်မာနိုင်ငံအတွက်ကို Community Development ဆိုတဲ့ ကျေးလက်ပြည်သူတွေအတွက် ကျေးလက်အစုအဖွဲ့မှ လုပ်ကိုင်ဆောင်ရွက်


ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်။


ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။


ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်။

လာနိုင်တဲ့ စွမ်းဆောင်ရည်တွေ မြင့်မားတိုးတက်လာအောင်လုပ်နိုင်မယ့် နည်းလမ်းတွေကို လေ့လာခြင်းပဲဖြစ်ပါတယ်။ ဒါဆိုရင် သမဝါယမစနစ်နဲ့ Community Development စနစ် စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ဖို့နဲ့ ကျေးရွာတွေမှာ ဝင်ငွေမြင့်မားဖို့အတွက် အများကြီးအထောက်အကူပြုတဲ့ ကိစ္စတစ်ရပ်ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အိုဆာကာမှာ သဘာဝဘေးအန္တရာယ်တွေကို ကာကွယ်တားဆီးနိုင်ဖို့အတွက် သူတို့ကတော့ ဆူနာမီကို အကြောင်းပြုပြီးတော့မှ ဖြစ်ပေါ်လာလို့ရှိရင် ခိုလှုံမယ့်နေရာရော၊ လျှပ်စစ်၊ သောက်သုံးရေ၊ အစားအစာ ဒီအစီအမံတွေကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဘာပဲပြောပြော ဒီခရီးစဉ်ဟာ မြန်မာနိုင်ငံအတွက် အများကြီးအကျိုးပြုတဲ့ ခရီးစဉ်တစ်ခု ဖြစ်ပါတယ်။

ဒီခရီးစဉ်မှာ တိုကျိုမှာရှိတဲ့ ကီယိုယိုရှီရှာဆိုတဲ့ မူလတန်းကျောင်းကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ အဲဒီကျောင်းက မြန်မာနိုင်ငံလိုဆိုရင် မူလတန်းအဆင့်ကျောင်းလို့ခေါ်ရမှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ ပညာရေးစနစ်ကို ကြည့်မယ်ဆိုရင် ၆ ၃ ၃ စနစ်ပါ။ မူလတန်းမှာ ခြောက်နှစ်၊ အလယ်တန်းမှာ သုံးနှစ်၊ အထက်တန်းမှာ သုံးနှစ် စတဲ့ပညာရေးစနစ်နဲ့သွားနေတာပါ။

သွားရောက်လေ့လာတဲ့ကျောင်းက မူလတန်းကျောင်း Grade 1 to Grade 6 ခြောက်တန်းရှိပါတယ်။ ဒီကျောင်းတွေရဲ့ကလေးတွေကို လေ့ကျင့်ပျိုးထောင်ပုံတွေ လေ့လာကြည့်ရှုတဲ့အခါမှာ စာပေ၊ အသိပညာ၊ ဗဟုသုတသာမကဘဲနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ Community ဆက်ဆံပေါင်းသင်းတဲ့ လူမှုရေးဆိုင်ရာ၊ နောက်တစ်ခါ ကျန်းမာရေးဆိုင်ရာ ဒီဟာတွေကို အခြေခံပြီးတော့မှ ငယ်စဉ်ကတည်းက သူတို့ရဲ့ဘဝကို ဘယ်လိုရင်းနှီးခိုင်မာအောင် တည်ဆောက်ပြီးတော့မှ ကြိုးစားသွားရမယ်ဆိုတဲ့အနေထားလေးကို သင်ကြားလေ့ကျင့်ပေးတာကို တွေ့ရှိရပါတယ်။

"အထူးသဖြင့် ကလေးတွေရဲ့ နှလုံးရည်ရော၊ လက်ရုံးရည်ရော ပြည့်စုံအောင်အတွက်ပါ။ အဲဒီမှာ ဘာကိုအထူးပြုပြီးတော့ လေ့လာခွင့်ရလဲဆိုတော့ ကလေးတွေရဲ့ တီထွင်စဉ်းစားထိုးထွင်းကြံဆတတ်တဲ့ဉာဏ်၊ သူတို့ရဲ့ ဆွေးနွေးနိုင်တဲ့အနေအထားလေးတွေကို သင်ကြားနည်း၊ သင်ယူနည်း နည်းစနစ်လေးတွေကတော့ ကျွန်တော်တို့နိုင်ငံနဲ့ နည်းနည်းကွာတာလေးတွေ ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဂျိုက်ကာအပါအဝင် ဖွံ့ဖြိုးမှုမိတ်အဖွဲ့ ကိုးဖွဲ့ကို မြန်မာ့ပညာရေးကို နိုင်ငံတကာအဆင့်မီအောင် လုပ်တဲ့အခါမှာ ကလေးတွေရဲ့ စဉ်းစားတွေးခေါ် ဉာဏ်ရည်ဉာဏ်သွေးတွေ ပိုမိုတိုးတက်လာဖို့ အဲဒါလေးတွေကိုပြောင်းလဲပြီးတော့မှ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ ဆရာတွေရဲ့ အရည်အသွေးပိုင်းကလည်း အဓိကကျတယ်။

ဂျပန်နိုင်ငံမှာ ဆရာတွေ လေ့ကျင့်မွေးထုတ်တဲ့အပိုင်းကိုလည်း တော်တော်လေး ဂရုစိုက်ပါတယ်။ အတန်းထဲမှာ ဆရာတွေနဲ့ ကျောင်းသားတွေရဲ့ ဆက်ဆံရေးကလည်း ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း မေးနိုင်၊ ဖြေနိုင်၊ ပြောကြားနိုင်တဲ့အနေအထားလေးတွေ သင်ကြားမှုကိုလည်း အချိန်ရအောင် ဖန်တီးပေးထားတဲ့ အနေအထားလေးတွေကို တွေ့ရှိပါတယ်"ဟု ပြောသည်။

ဆက်လက်ပြီး **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**က "အခုထိပ်သီးအစည်းအဝေးမှာ ဂျပန်ကနေ မြန်မာနိုင်ငံကို တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေ ယန်း ဘီလီယံ ၁၀၀ ချေးပေးတဲ့ လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။ ဂျပန်ဝန်ကြီးချုပ်ကနေ ဒါကို ကတိကဝတ်ပြု တာဝန်ယူလိုက်တာဖြစ်ပါတယ်။ အထူးသဖြင့် ဒါကတော့ ချေးငွေဆိုတာထက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (official development assistant) လို့ ခေါ်ပါတယ်။

ချေးငွေဆိုပေမယ့်လည်း နှစ်ပေါင်း ၄၀ ကြာအောင် ပေးဆပ်ရတာဖြစ်တဲ့အတွက် အတိုးနှုန်းကလည်း သုည ဒသမ ၀၀၁ ဖြစ်တော့ တကယ်တော့ တရားဝင်ဖွံ့ဖြိုးမှုအကူအညီပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးဟာ တစ်နိုင်ငံမှ ဒီ တရားဝင်ဖွံ့ဖြိုးမှုအကူအညီငွေနဲ့ လွတ်ကင်းခဲ့တာမရှိပါဘူး။ တောင်ကိုရီးယားတို့၊ အခု ဂျပန်တို့တောင် အရင်တုန်းက သူတို့ရဲ့နိုင်ငံကို ပြန်လည်တည်ဆောက်တဲ့အခါမှာ တရားဝင်ဖွံ့ဖြိုးမှုဆိုတဲ့ အကူအညီတွေကို အနောက်နိုင်ငံတွေဆီကနေ ယူခဲ့ပြီးတော့မှ ဒီဘဝကို ရောက်ရှိအောင် ထူထောင်လာခဲ့ကြတာ ဖြစ်ပါတယ်။

အခုရရှိတဲ့ ယန်းဘီလီယံ ၁၀၀ ကို နေရာသုံးနေရာမှာ သုံးစွဲဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးနဲ့ ရန်ကုန်မြို့ပတ်ရထားများ တိုးချဲ့ဖို့ပဲဖြစ်ပါတယ်။ ဒီရက်ပိုင်းမှာပဲ ရန်ကုန်မြို့ပတ်ရထားမှာဆိုရင် အဲကွန်းရထားအသစ်တစ်တွဲ ထပ်တွဲထားပါတယ်။ ရန်ကုန်မြို့ပတ်ရထားဟာ ရန်ကုန်မှာ ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့၊ အလွန့်အလွန်လိုအပ်တဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့ မြို့ပတ်ရထားလမ်းတွေ ပိုပြီးတော့ အဆင့်မြင့်ခိုင်မာလာအောင် အဲကွန်းရထားတွဲတွေ၊ တွဲဆိုင်းယာဉ်တွေ ဝယ်ယူပြီးတော့ အသစ်တွေလောက်နီးပါးဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ လျှပ်စစ်မဟာဓာတ်အား တိုးချဲ့ရေးအတွက်ဖြစ်ပါတယ်။ လျှပ်စစ်မဟာ ဓာတ်အားလိုင်းတွေ အဆင့်မြှင့်တင်ရေးမှာဆိုရင် ယခုမြန်မာနိုင်ငံမှာ ဗို့အား ၂၃၀၀၀၀ သာ သယ်နိုင်တဲ့ ဓာတ်အားလိုင်းပဲ ရှိပါတယ်။ ဗို့အား ၂၃၀၀၀၀ အစား ဗို့အား ၅၀၀၀၀၀ သယ်ဆောင်နိုင်တဲ့ ဓာတ်အားလိုင်း တိုးချဲ့ဖို့ရယ်၊ ဓာတ်အားလိုင်းကွန်ရက်ကြီးကို ယခုထက် ပိုမိုအားတောင့်အောင် သယ်နိုင်တဲ့ ဓာတ်အားလိုင်းဖြစ်ဖို့အတွက် ဆောင်ရွက်မှာဖြစ်ပါတယ်။ နောက်တတိယတစ်ချက်ကတော့ အာရှရဲ့ အရှေ့အနောက် စကြႍလိုဖြစ်တဲ့ ဗီယက်နမ်နိုင်ငံ ပစိဖိတ်ဒေသကနေ အနာက်ဘက်အိန္ဒိယသမုဒ္ဒရာအထိ ဆက်စပ်တဲ့ အာရှအရှေ့အနောက်စကြႍရှိပါတယ်။ ဒီအာရှရဲ့ အရှေ့အနောက်စကြႍမှာ သီလဝါစီးပွားရေးဇုန်၊ ထားဝယ်စီးပွားရေးဇုန်နဲ့ ကျောက်ဖြူစီးပွားရေးဇုန်နေရာတွေကလည်း ဆက်စပ်နေပါတယ်။

အဲဒီစကြႍကြီးမှာ မြန်မာနိုင်ငံဘက်က လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ဖို့အတွက် အရှေ့အနောက်စကြႍမှာ အခုဂျပန်နိုင်ငံအနေနဲ့ဆိုရင် သီလဝါအထူးစီးပွားရေးဇုန်မှာ ပါဝင်ဆောင်ရွက်တဲ့အပြင် အဓိကပါဝင်တဲ့ မိတ်ဖက်လည်းဖြစ်ပါတယ်။ ထို့အတူပဲ ထားဝယ်စီးပွားရေးဇုန်မှာပါဝင်ဖို့ အခုခရီးစဉ်မှာ လက်မှတ်ရေးထိုးခဲ့ပြီဖြစ်ပါတယ်။

ဒါကြောင့် အရှေ့အနောက်စကြႍကြီးမှာ လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ လမ်းတို့၊ တံတားတို့ အဲဒါတွေကို တည်ဆောက်နိုင်ဖို့အတွက် ကူညီပေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ သုံးနေရာစလုံးမှာ အခြေခံအဆောက်အအုံတွေကို အဓိကလိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို အားကောင်းလာအောင် ဆောင်ရွက်ပေးတဲ့ ကာလရှည်ရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်ပါတယ်။ ချေးငွေဆိုတာထက် ဖွံ့ဖြိုးတိုးတက်မှုအတွက် တရားဝင်ကူညီတဲ့ ODA သာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားခဲ့သည့် **ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်**က "ကျွန်တော့်အနေနဲ့ ဒီမဲခေါင်ထိပ်သီးအစည်းအဝေးကို တက်တာ ဒါပထမဆုံးတက်ရောက်ခြင်းဖြစ်ပါတယ်။ အဓိကလာရတဲ့ အကြောင်းကတော့ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး လာရတာဖြစ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ အစကတည်းက ပူးတွဲလုပ်တဲ့ ထားဝယ်စီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး ဂျပန်အစိုးရက ဝင်လာခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလိုဝင်လာတဲ့အခါမှာ MOI ကို ထားဝယ်ဥက္ကဋ္ဌကနေ လက်မှတ်ထိုးပါတယ်။

မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးမှာ စီးပွားရေးဖိုရမ်တစ်ခု လုပ်ပါတယ်။ အဲဒီဖိုရမ်မှာ ထားဝယ်စီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံမှာ ထားဝယ်ကို ဘာကြောင့်လုပ်ရတယ်ဆိုတဲ့ကိစ္စတွေ၊ ထားဝယ်စီမံကိန်းလုပ်ငန်းကနေ ဘယ်လောက်ထိ အောင်မြင်မှုတွေကို ခန့်မှန်းထားတယ်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်လို့ စီးပွားရေးဖိုရမ်မှာ ရှင်းလင်းတင်ပြဖို့ လာတာဖြစ်ပါတယ်။ ဒီစီးပွားရေးဖိုရမ်မှာ ထားဝယ်နဲ့ပတ်သက်တဲ့ အာဆီယံနိုင်ငံ ငါးနိုင်ငံရောနောက်ပြီး ဂျပန်မှာရှိတဲ့ လုပ်ငန်းရှင်တွေရောကိုပါ ထားဝယ်မှာ ဘယ်လောက်အထိ အောင်မြင်နိုင်တယ် ဆိုတဲ့အကြောင်းကို ရှင်းလင်းတင်ပြတယ်။ ထားဝယ် MOI လက်မှတ်ရေးထိုးတဲ့ပွဲကို သုံးနိုင်ငံအကြီးအကဲတွေရှေ့မှာပဲ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လက်မှတ်ရေးထိုးကြတယ်။ ထားဝယ်စီမံကိန်းနဲ့ပတ်သက်ပြီး ကနဦးစီမံကိန်းအနေနဲ့ကတော့ ကျွန်တော်တို့ ဖိတ်ခေါ်တယ်။ ဒုတိယစီမံကိန်းကို လောလောဆယ် မစနိုင်သေးပါဘူး။ ထားဝယ်စီးပွားရေးဇုန်ကြီးက ထားဝယ်မြို့နဲ့တော့ နီးပါတယ်။ ဒါပေမယ့် အများကြီးတော့မနီးပါဘူး။ အဲဒီနေရာကို အစွန်အဖျားဧရိယာမဖြစ်ဘဲနဲ့

**စာမျက်နှာ ၇ ကော်လံ ၅ သို့**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများ တိုးတက်မှုရှိရမည်

နေပြည်တော် ဇူလိုင် ၇

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၈) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။**



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၈) ရက်မြောက်နေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်များဖြင့် ပေးပို့လာသော ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို တင်ပြကြရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးစိုးမြင့်က ဘွိုင်လာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ အဖွဲ့ဝင် ဦးခင်မောင်ရွှေက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအဖွဲ့ဝင်ဦးသိန်းထွန်းက မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များက တင်ပြကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ(၁)တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်ဟုပြဋ္ဌာန်းထားပါကြောင်း၊ ယင်းအနှစ်သာရကို မိမိတို့ သရုပ်ဖော်ကြရမည် ဖြစ်ပါကြောင်း၊ ယခုဥပဒေသည် အခြားသောဥပဒေများနှင့် မတူဘဲ ပြည်တွင်း၊ ပြည်ပများမှ ကန့်ကွက်နေသည့်ကြားကပင် ယင်းဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ခေတ်အဆက်ဆက်ကတည်းက မြန်မာအမျိုးသမီးများနှင့် ပတ်သက်ပြီး အသုံးပြုခဲ့သည့် ဓမ္မသတ်၊ ဓလေ့ထုံးတမ်းစဉ်လာများ ရှိခဲ့ပါကြောင်း။

၁၉၅၄ ခုနှစ် ဥပဒေထဲတွင်လည်း မြန်မာ့ထုံးတမ်းဓလေ့များနှင့် ဗုဒ္ဓဘာသာ ဓမ္မသတ်များကို ထည့်သွင်းဆုံးဖြတ်ဆောင်ရွက်ခဲ့သည်များ ရှိပါကြောင်း၊ ယခုလည်း မိမိတို့အမျိုးသားလွှတ်တော်က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတို့နှင့်အညီ ဆုံးဖြတ်ရမည်၊ ပြည်သူ့လွှတ်တော်က ဤဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်ဟု ပါဝင်ပါကြောင်း၊ ဤဥပဒေသည်မြန်မာ့ဓလေ့အားလုံးကို မစည်းနှောင်နိုင်ဟုဆိုသည့်တိုင် လိုအပ်သည့်အခါတွင် ထိရောက်မှန်ကန်သည့် အဆုံးအဖြတ်ကိုရရှိနိုင်ရန် ပံ့ပိုးအထောက်အကူပေးနိုင်မည်ဟု ယူဆပါကြောင်း။

မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက်က ကျင့်သုံးခဲ့ကြသည့် ဓလေ့ထုံးတမ်းများနှင့် အစဉ်အလာများ၊ ယဉ်ကျေးမှုများ ပျောက်ကွယ်၍ ပျက်စီးမသွားစေရန် ရည်ရွယ်ပါကြောင်း၊ ဆုံးဖြတ်ချက်မှန်ကန်၍ တိကျနိုင်ရန်လည်း ရည်ရွယ်ပါကြောင်း၊ ၁၉၅၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေ၌ ပုဒ်မ (၂၆) တွင် ဤဥပဒေအရ ထိမ်းမြားကြသူတို့သည် သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏ အမွေဆက်ခံမှုနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ ဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာ ဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်ဟု ပါဝင်ပါကြောင်း။

ယခုဥပဒေကို ပြဋ္ဌာန်းရာတွင်လည်း အစဉ်အဆက် အသုံးပြုလာခဲ့သည့်အပေါ် ဆိုးကျိုးမရှိဘဲ ယင်းကို အသုံးပြုခြင်းအားဖြင့် ကောင်းကျိုးကိုသာ ဖြစ်လာနိုင်ပြီး အမှန်ကန်ဆုံး ဆုံးဖြတ်ချက်ကိုသာ ချမှတ်နိုင်မည်ဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်၏ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားခြင်း၊ လင်မယား ကွာရှင်းခြင်း၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီး ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို ဤဥပဒေနှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတို့နှင့်အညီ ဆုံးဖြတ်ရမည် ဆိုသည်ကို မိမိက ထောက်ခံဆွေးနွေးအပ်ပါကြောင်းဖြင့် တင်ပြဆွေးနွေးပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့အား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများအဖြစ် ရငွေ၊ သုံးငွေစာရင်းများ ပြောင်းလဲပြင်ဆင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီကိုယ်စား ရွှေပြည်သာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများ တိုးတက်မှုရှိရမည်ဖြစ်ပြီး ထိုသို့ တိုးတက်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည့်အတွက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

အလားတူ မလှိုင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးအေးမောင်က လျှပ်စစ်ဓာတ်အားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကပိုင်းဖြင့် ဆောင်ရွက်နေမှု အခြေအနေများ၊ ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်မှုဖြင့် ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကြသည်။

ထို့နောက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ)တွင် အကျုံးဝင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူမည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၇-၇-၂၀၁၅) နေ့စဉ်ထုတ် သတင်းစာများတွင်ပါရှိသည့် (၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပပြီးစီးသတင်းတွင် ကျောက်မျက်နှင့် ကျောက်စိမ်းတွဲများ ရောင်းချခဲ့ရမှု၏ စုစုပေါင်း ရငွေ ယူရို ၉၄၉ သန်းကျော် အစား ၉၄၄ ဒသမ ၀၁ သန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးဦးစိုးနွယ် ၎င်း၏ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၈**

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးစိုးနွယ်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖနောင်ပင်မြို့၌ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရာဘတ်ဆမ်ဒက်ပရယ်ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လိုက်နာခြင်းမရှိသော ဂျာနယ်အား ခေါ်ယူသတိပေး

**ရန်ကုန် ဇူလိုင် ၇**

ဇွန် ၂၆ ရက်နေ့ထုတ် 8 days ဂျာနယ်အတွဲ (၇) အမှတ်(၁၁) စာမျက်နှာ (၁၈) ပါ **“ဒီတစ်ပတ် အညံ့ဆုံးဖက်ရှင် ဘယ်သူဝတ်ဆင်”** သတင်းတွင် ဝတ်လစ်စားလစ်နိုင်ငံခြား မော်ဒယ်တစ်ဦး၏ ဓာတ်ပုံအား ပုံကြီးဖြင့် ထင်ရှားစွာ ထည့်သွင်းဖော်ပြထားပါသည်။ ထိုသို့ ဖော်ပြခြင်းမှာ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအခန်း (၄) ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းအတွက် လိုက်နာရန်စည်းကမ်း ပုဒ်မ (၈) ပုဒ်မခွဲ (ဂ) ပါ ညစ်ညမ်းစာများ ကိုဖော်ပြခြင်းမပြုရဆိုသည့် စည်းကမ်းကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ၆-၇-၂၀၁၅ ရက်နေ့တွင် 8 days ဂျာနယ်တာဝန်ခံ အယ်ဒီတာ ဒေါ်မေသက်မာအား ရန်ကုန်မြို့ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတွင် ခေါ်ယူတွေ့ဆုံ၍ နောင်တွင် ယခုကဲ့သို့ ဥပဒေကို ဖောက်ဖျက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးရှင်းလင်း ပြောကြားထားပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## တိုင်းဒေသကြီးအလုပ်အမှုဆောင်အသစ်ရွေးချယ်

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာအသင်း နှစ်ပတ်လည်ညီလာခံနှင့် တိုင်းဒေသကြီးအလုပ်အမှုဆောင်အသစ် ရွေးချယ်ခြင်းအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်ရှိ “ပွင့်သစ်စမ်း” Food Center အပေါ်ဆုံးထပ်၌ ကျင်းပရာ သတင်းစာဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမြတ်ခိုင်နှင့် ရွေးချယ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့များဖြင့် စနစ်တကျရွေးချယ်ဖွဲ့စည်းကြသည်။

အဆိုပါ အလုပ်အမှုဆောင်ရွေးချယ်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြပြီး မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။

**(ဌေးကြိုင်)**

❐ **စာမျက်နှာ ၆ မှ**

စက်မှုဇုန်တွေ၊ အထူးစီးပွားရေးဇုန်တွေ ဒီထက်များလာရင် အဲဒီဒေသမှာရှိသူတွေ ပိုပြီးဖွံ့ဖြိုးတိုးတက်လာမယ်။ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ အများကြီးရလာမယ်။ နောက်ပြီး လျှပ်စစ်မီးတွေက အစ အားလုံးအဆင်ပြေလာမယ်။ အဲဒီဒေသခံပြည်သူတွေ ဒီဖွံ့ဖြိုးတိုးတက်မှုရဲ့ အနှစ်သာရကို အမြန်ဆုံးခံစားရမလားဆိုပြီး ကနဦး စလုပ်တာပါ။ စီမံကိန်း အသေးစားလေးတွေပါ။ အဓိကစီမံကိန်းတွေမှာ စက်မှုဆိုင်ရာအထူးစီးပွားရေးဇုန် အဲဒါကလည်းသိပ်မကြီးပါဘူး။ နောက်ပြီး ထိုင်းနိုင်ငံနဲ့ဆက်တဲ့ လမ်းပါ။ အဲဒါတွေကတော့ အဓိကပါ။ လျှပ်စစ်ထုတ်လုပ်ရေးတို့လို တခြားဟာတွေလည်းပါပါတယ်။ အားလုံးစီမံကိန်းကတော့ ရှစ်ခုလောက်ရှိပါတယ်။ ဒါကတော့ အီတာလျံ-ထိုင်းကုမ္ပဏီနဲ့လုပ်ဖို့ စဉ်းစားထားပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာလည်း အရင်တုန်းကလို အများကြီးပေးလိုက်တာမျိုး မဟုတ်ဘဲနဲ့ သူဘယ်လောက်လုပ်နိုင်တယ်ဆိုတဲ့အပေါ် မှာ မူတည်ပြီးတော့ အဆင့်လိုက်အဆင့်လိုက်ပေးသွားမှာ ဖြစ်ပါတယ်။

ဂျပန်ပါဝင်လာတာကတော့ ဒီထက်ပိုပြီးကြီးတဲ့ ဒုတိယအဆင့်အဆင့်တွေမှာ ဖြစ်ပါတယ်။ အဲဒီမှာ စီမံကိန်းတွေ အကြီးကြီးတွေ ရှိပါတယ်။ ကျွန်တော်တို့ အရင်တုန်းကတော့ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံ ပူးပေါင်းပြီးတော့ လုပ်တာပေါ့။ အဲဒီတုန်းကတည်းက ဂျပန်က ပါဝင်ဖို့ သူတို့အနေနဲ့ စိတ်ဝင်စားမှု ရှိပါတယ်။ နောက်ပြီး သီလဝါကတော့ မြန်မာနိုင်ငံအတွက် အလွန်ကို အရေးကြီးတဲ့ စီမံကိန်းပါ။ သီလဝါဖြစ်လာမယ် ဆိုရင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အများကြီး အကျိုးကျေးဇူးရှိမှာဖြစ်ပါတယ်” ဟုပြောသည်။

## ✻ ကရဝိက်ဥယျာဉ်မှ

ယခုအခါ ထိုနေရာလေးကို သူသဘောမတွေ့ ဖြစ်လာသည်ဟု ပြောပြပြီး "ကျွန်တော်တို့ မိသားစုအတွက် ကရဝိက်ဥယျာဉ်ကမ္ဘာက အရင်လို မအေးချမ်းတော့ပါဘူး။ စီးပွားရေးဆန်တဲ့မြင်ကွင်းတွေ အလွန်များလာတယ်။ စားသောက်ဆိုင်တွေ ဆယ်စုနှစ်အတွင်းမှာ တိုးလာတယ်။ မိသားစုလိုက်အပန်းဖြေလိုသူတွေနဲ့ လူကြီးပိုင်းတွေအတွက်ရော ထည့်မစဉ်းစားတော့ဘူးလားလို့ မေးလိုက်ချင်တယ်။ ပျော်ပွဲရွှင်ပွဲနဲ့ ယမကာကြိုက်လူငယ်တွေအတွက် သီးသန့်ကမ္ဘာတော့ မဖြစ်သင့်ပါဘူး။ သိတဲ့အတိုင်း ရန်ကုန်မှာက ညဘက်အထိ အေးအေးလူလူ လုံလုံခြုံခြုံ အပန်းဖြေစရာ ပန်းခြံအများကြီးမရှိဘူး" ဟု ကိုမင်းဇော်က ဒန်းစီးဖို့ အလှည့်မကျနိုင်သေးသည့် သားငယ်က စိတ်မရှည်စွာ ပြုစူနေသည်ကို ချော့မြှူရင်းပြောသည်။

ကရဝိက်ဥယျာဉ်ကမ္ဘာ အမည်ရ ၁၆ ဒသမ ၈၈ ဧကကျယ်ဝန်းသည့် ပန်းခြံကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှတစ်ဆင့် ၂၀၀၂ ခုနှစ်တွင် ဇေကမ္ဘာကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုက လုပ်ပိုင်ခွင့်ရရှိခဲ့ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးများ ပြုလုပ်ကာ ပြည်သူအများနှင့် သက်ဆိုင်သည့် အပန်းဖြေနေရာတစ်ခုအဖြစ် လူတစ်ဦးလျှင် ငွေကျပ် ၃၀၀ ကို ဝင်ကြေးငွေကောက်ခံကာ ဝန်ဆောင်မှုပေးလျက်ရှိသည်။

"ကန်တော်ကြီးကို စတင်အကောင်အထည်ဖော်ကတည်းက မိသားစုအပန်းဖြေအနားယူမယ့် ဧရိယာ၊ ပျော်ပွဲရွှင်ပွဲကျင်းပရာ ကစားကွင်း၊ ကားပါကင်နဲ့ စားသောက်ဆိုင်ဧရိယာစသည်ဖြင့် ခွဲခြားသတ်မှတ်ထားပါတယ်။ လက်ရှိမှာ မူလသတ်မှတ်ထားတဲ့ ပန်းဥယျာဉ်ပိုင်မြေရဲ့ ၁၈ ရာခိုင်နှုန်းမှာပဲ စားသောက်ဆိုင်တွေကို ထားရှိတာဖြစ်ပါတယ်"ဟု ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာမှ မန်နေဂျာ ကိုမျိုးသက်နိုင်က ပြောကြားသည်။

ကိုမျိုးသက်နိုင်၏ ဖြေကြားချက်အရ စားသောက်ဆိုင်ပေါင်း ၁၅ ဆိုင်ခန့်ရှိသည်ဟု သိရပြီး ကရဝိက်ဥယျာဉ်ကမ္ဘာလေးအတွင်း မျက်မြင်အားဖြင့် စားသောက်ဆိုင်အပါအဝင် အခြားဆိုင်ခန်းပေါင်း ၃၀ နီးပါးရှိနေသည်ကို မြင်တွေ့ရသည်။

ဆိုင်အများစုမှာ အစားအသောက်ရောင်းချပြီး ယမကာရောင်းချမှုကို ကန့်သတ်ထားသည်ဟု သိရသော်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်စပ်သည့် လူမှုရေးရာပညာရှင် ဒေါက်တာငုဝါနွယ်ကမူ "အရက်၊ ဘီယာသောက်သုံးနေသူတွေကို ဆိုင်အများစုမှာ မြင်ရတယ်။ ကျွန်မအမြင်ပြောရရင် Public နဲ့ဆိုင်တဲ့ ပန်းခြံတစ်ခုမှာ လိုအပ်တဲ့ စားသောက်ဆိုင်အရေအတွက်ထက် ပိုနေပါတယ်။ ဘီယာဆိုင်ဖွင့်ဖို့ ဘုရားကျောင်းကန်၊ စာသင်ကျောင်းနဲ့ဝေးရင် ဘယ်နားဖြစ်ဖြစ် ဖွင့်လို့ရပါတယ်။ ပန်းခြံတစ်ခုဟာ လိုအပ်တဲ့ အရေအတွက်ကို ကျော်လွန်ပြီး စားသောက်ဆိုင်တန်းတွေ ရှိနေရင် ပုံမှန်လာရောက်မယ့် လူတန်းစားအားလုံးကို ကိုယ်စားမပြုနိုင်ပါဘူး။ စားသောက်ဆိုင်တွေအများစုက ကန်နဖူးဘေးတွေမှာ တည်ဆောက်ထားတယ်။ နိုင်ငံတကာမှာ အများပြည်သူနဲ့ဆိုင်တဲ့ ပန်းခြံတွေထဲမှာ စားသောက်ဆိုင်တွေ ဖွင့်ခွင့်မပေးဘဲ ပန်းခြံအပြင်စည်းရိုးမှာ ဆိုင်ခန်းတွေ ထားပေးတယ်။ ပန်းခြံထဲမှာတော့ snack ရောင်းချတာလောက်ကိုပဲ ခွင့်ပြုပါတယ်။ ဒီမှာတော့ ပန်းခြံရဲ့ နေရာကောင်းအတော်များများမှာ စားသောက်ဆိုင်တွေ နေရာယူထားတာ တွေ့ရတယ်"ဟု ပြောသည်။

ကန်တော်ကြီးစိမ်းလန်းစိုပြည် သာယာလှပရေး စီမံကိန်းကို ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ပြီး ထိုစီမံကိန်းအရ ကန်တော်ကြီး ပတ်လမ်းတစ်လျှောက် Recreation Zone, Relaxation Zone, Education Zone နှင့် Forestry Zone များကို ဖော်ထုတ်ရာတွင် Recreation Zone ကို ဇေကမ္ဘာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခွင့်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ လက်လွှဲရရှိလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှတစ်ဆင့် ငှားရမ်းလုပ်ကိုင်ခွင့်ကို ရရှိထားသည်မှာ ၁၅ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ လက်လွှဲလုပ်ကိုင်သူမှတစ်ဆင့် ဆိုင်ခန်းများ ပြန်လည်ငှားရမ်းသည့်နှုန်းထားမှာမူ စတင်လုပ်ကိုင်စဉ်နှင့် နှိုင်းယှဉ်ပါက ဆယ်ဆနီးပါး မြင့်တက်လာခဲ့ကြောင်း၊ ဆိုင်ခန်းများ၏ အကျယ်အဝန်းနှင့် နေရာအပေါ်လိုက်ကာ စျေးနှုန်းများ ကွာခြားကြောင်း၊ ဆိုင်ခန်းငှားရမ်းခများမှာလည်း ဆိုင်အကျယ်အဝန်းနှင့် အမျိုးအစားအလိုက် တစ်လလျှင် ကျပ်သိန်း ၉၀ ကျော်မှ သုံးပေဝန်းကျင်အကျယ်ရှိ ဆိုင်ငယ်များမှာမူ ငွေကျပ် ငါးသောင်းအထိ ရှိနေကြောင်း ဆိုင်ခန်းငှားရမ်းသူအချို့ထံမှ သိရသည်။

"ဥယျာဉ်အတွင်းက ဆောင်ရွက်ချက်တွေနဲ့ စားသောက်ဆိုင်ဖွင့်လှစ်ခွင့်တွေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ အင်ဂျင်နီယာနှင့် အဆောက်အအုံဌာနတွေရဲ့ အဆင့်ဆင့်ခွင့်ပြုမိန့်ရရှိမှသာ ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ကိုမျိုးသက်နိုင်က ပြောကြားသည်။

ဆိုင်ခန်းဖွင့်လှစ်သူအချို့ထံမှ သိရှိရသည့် အချက်အလက်များအရ ကရဝိက်ဥယျာဉ်ကမ္ဘာအတွင်း တစ်လလျှင် ငွေကျပ်သိန်း ၅၀၀ ကျော်ကို ဆိုင်ခန်းငှားရမ်းခအဖြစ် စည်ပင်သာယာမှ လက်လွှဲလုပ်ကိုင်ခွင့်ရရှိသူက ကောက်ခံပြီး ဆိုင်ခန်းတစ်ခန်းစီ၏ ပျမ်းမျှငှားရမ်းခကို နှိုင်းယှဉ်မည်ဆိုပါက ငွေကျပ်သိန်း၂၀ ဖြင့် ငှားရမ်းထားသည့်ဆိုင်မှာ တစ်နေ့လျှင် ငွေကျပ် ၁၉၀၀၀၀ ခန့်ကို ဆိုင်ခန်းခအဖြစ် ပေးအပ်နေခြင်းဖြစ်ကြောင်း သိရှိနိုင်သည်။

လက်ရှိတွင် ဆိုင်အများစုမှာ အရက်၊ ဘီယာများ ရောင်းချလျက်ရှိပြီး တစ်နေ့တာဝင်ငွေမှာ ပုံမှန်စားသောက်ဆိုင်တစ်ဆိုင်လျှင် ငွေကျပ်တစ်သိန်းမှ လေးသိန်းနှင့် အထက်ရှိကြောင်း သိရသည်။

"သူငယ်ချင်းတွေနဲ့ အမြဲလာပါတယ်။ ဆိုင်ထိုင်ပြီး စားသောက်ကြတယ်။ ကန်တော်ကြီးမှာ လူငယ်အချင်းချင်း မူးယစ်ဆေးနဲ့ ဆေးခြောက်ရောင်းကြတာ ကြုံဖူးတယ်။ ကိုယ့်အဆက်အသွယ်နဲ့ကိုယ် ဝယ်ရတာပေါ့။ ဒီတိုင်း ရောင်းတာတော့ မဟုတ်ပါဘူး။ ညဘက်ဆိုတော့ အေးချမ်းပြီး ပွဲတွေရှိရင်လည်း နောက်ကျတဲ့အထိ နေဖြစ်ကြတယ်။ အရက်၊ ဘီယာတွေ ဆိုင်တွေမှာရောင်းပေးနေတာပဲ။ (ရယ်လျက်) ငွေရှင်းရင်တော့ အခွန်တံဆိပ် ကပ်ပေးတာတော့ မရှိသေးပါဘူး" ဟု လာရောက်အပန်းဖြေသူ လူငယ်တစ်ဦးက ပြောကြားသည်။

"ဧည့်သည်တွေရဲ့လိုအပ်ချက်နဲ့ တောင်းဆိုချက်အရ ကျွန်တော်တို့ဆိုင်တွေ ဖွင့်ပေးတာပါ။ အစကတည်းက Recreation Zone နဲ့လိုက်အောင် လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနေတာပါ။ စားသောက်ဆိုင်အတွက် ထပ်မံငှားရမ်းသူတွေရှိပေမယ့် ကနဦးသတ်မှတ်သလို ပန်းဥယျာဉ်မြေရဲ့ ၁၈ ရာခိုင်နှုန်းပေါ်မှာပဲ ဖွင့်လှစ်ခွင့်ပေးထားပါတယ်"ဟု တာဝန်ရှိသူက ပြောကြားသည်။ ပန်းခြံမြေ၏ ၁၈ ရာခိုင်နှုန်းမှာ အကျယ်အဝန်း ၃ ဒသမ ဝ၃၈၄ ဧကရှိမည်ဖြစ်သော်လည်း မျက်မြင်အားဖြင့် ဆိုင်ခန်းအရေအတွက်မှာ ရှိသင့်သည်ထက် များပြားနေသည်ကို တွေ့ရသည်။

ကရဝိက်ဥယျာဉ်ကမ္ဘာ အုပ်ချုပ်ရေးအဖွဲ့က စားသောက်ဆိုင်များ သန့်ရှင်းကျန်းမာရေးနှင့် ပြည်သူများ အေးချမ်းစွာအပန်းဖြေနိုင်ရေး၊ သဘာဝရှုခင်းများ ကြည့်ရှုနိုင်ရေးအတွက် ရွှေတိဂုံစေတီတော်ကြီးနှင့် ကရဝိက်နန်းတော်တို့ကို ကြည့်ရှုနိုင်မည့်နေရာများတွင် မည်သည့်စားသောက်ဆိုင်မျှ မဖွင့်လှစ်ကြောင်း၊ ပန်းဥယျာဉ်အတွင်း လုပ်ဆောင်ချက်အားလုံးကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ကြောင်း၊ ရေဆိုးများ ထိန်းသိမ်းမှုနှင့် PEST CONTROL လုပ်ငန်းစဉ်များကိုလည်း စည်ပင်နှင့်အတူ ဆောင်ရွက်နေကြောင်း ပြောကြားသည်။

အခြားတစ်ဖက်တွင်မူ တစ်နေ့ ပျမ်းမျှလူဦးရေ ၃၀၀၀ ဝန်းကျင် ဝင်ရောက်သည့် အများပြည်သူ အခမဲ့အပန်းဖြေရာနှင့် ကလေးများ ဆော့ကစားရာနေရာများ၌ ဝန်ဆောင်မှုအားနည်းလျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ သတင်းထုတ်ပြန်ခဲ့မှုအရ ဇေကမ္ဘာလုပ်ငန်းစုသို့ လွှဲပြောင်းထားသည့် ကရဝိက်ဥယျာဉ်ကမ္ဘာမှအပ အခြားပန်းခြံဝင်ပေါက် ခုနစ်ပေါက်မှရရှိသည့် တစ်နှစ်ဝင်ငွေမှာ ငွေကျပ်သိန်း ၂၀၀၀ ခန့်ရှိကြောင်းသိရပြီး ကရဝိက်ဥယျာဉ်ကမ္ဘာသို့ လာရောက်သူဦးရေမှာ အခြားဝင်ပေါက်များထက် ပိုမိုများပြားကြောင်း စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

"ကလေးတွေဆော့ကစားဖို့ လျှောတွေ၊ ဒန်းတွေ အလုံအလောက်မရှိသေးဘူး။ အမြဲတမ်းလိုလိုပဲ အလှည့်ကျဆော့ကစားဖို့ စောင့်မျှော်နေရတယ်။ ပန်းခြံရဲ့ အကျယ်အဝန်းနဲ့ နှိုင်းယှဉ်ရင် ထပ်ဖြည့်ပေးလို့ရပါတယ်။ ထိုင်ခုံတွေ အလုံအလောက်မရှိဘူး။ အနားယူချင်ရင် စားသောက်ဆိုင်တစ်ဆိုင်ဆိုင်မှာ သွားထိုင်ရပါတယ်"ဟု ကိုမင်းဇော်က ပြောသည်။

လုံခြုံစိတ်ချစွာ အပန်းဖြေနိုင်သည်ဟု ယူဆရသော အဆိုပါပန်းခြံအတွင်း မူးယစ်ရမ်းကားမှုများနှင့် မကြာခဏ ကျင်းပတတ်သည့် ပျော်ပွဲရွှင်ပွဲများ၏ ဆူညံမှုတို့မှာလည်း အများပြည်သူ အေးချမ်းစွာအပန်းဖြေမှုကို ထိပါးရာရောက်နေကြောင်း လာရောက်သူအချို့ထံမှ သိရသည်။

ကရဝိက်ဥယျာဉ်ကမ္ဘာအတွင်းမှ မျှော်စင်ကျွန်းမှာ ရန်ကုန်မြို့ရှိ ပျော်ပွဲရွှင်ပွဲများ ကျင်းပရာနေရာများတွင် အထင်ကရနေရာတစ်ခုဖြစ်ပြီး လစဉ် ပျော်ပွဲရွှင်ပွဲလေးပွဲမှ ပွင့်လင်းရာသီများတွင် ခုနစ်ပွဲအထိ ရှိသည်။ လူဝင်များသည့် အချို့ပွဲများတွင် လူဦးရေ တစ်သောင်းခွဲအထိ ဝင်ရောက်ကြောင်း သိရသည်။

"မျှော်စင်ကျွန်းမှာ ပွဲကြည့်စင်တွေက လူ ၁၀၀၀၀ လောက် ကြည့်လို့ရပါတယ်။ သစ်ပင်တွေ တစ်ပင်မှ မခုတ်ဘဲ ချမှတ်ထားတဲ့ စည်းကမ်းနဲ့အညီ ရင်းနှီးမြှုပ်နှံထားတာဖြစ်ပါတယ်။ ပုံမှန် တစ်လကို ပျမ်းမျှ လေးပွဲကျင်းပခွင့်ပေးပြီး ပွဲတိုင်းကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်အတိုင်းလုပ်ဆောင်ပါတယ်"ဟု ကရဝိက်ဥယျာဉ်ကမ္ဘာ စီမံခန့်ခွဲသူများက ပြောကြားသည်။

မိုးရာသီမှအပ ပွင့်လင်းရာသီများတွင် ပျော်ပွဲရွှင်ပွဲနှင့် ရှိုးပွဲများ၊ လက်ဖွဲ့ပွဲများနှင့် စျေးရောင်းပွဲများ ဆက်တိုက်နီးပါး ကျင်းပနေခြင်းကြောင့် ကန်တော်ကြီးပတ်လည်မှ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ကြီးများနှင့် ပတ်ဝန်းကျင်လူနေအိမ်များမှာ ဆူညံခြင်းများကို ခံစားနေရကြောင်း ချက်ထရီယန်ဟိုတယ်တွင် ပုံမှန်လာရောက်တည်းခိုသော ခရီးသွားအေးဂျင့်နှင့် ခရီးသွားလာမှုဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူ အိန္ဒိယနိုင်ငံသား မစ္စတာ IMTIAZ SHAIN က ဖြေကြားသည်။

Environmental Science and Technology မဂ္ဂဇင်းတွင် တစ်နေ့လျှင် အနည်းဆုံး ငါးမိနစ်ခန့် အစိမ်းရောင်ပတ်ဝန်းကျင်တွင် နေထိုင်ရန် အချိန်ပေးသင့်ကြောင်း ဖော်ပြထားပြီး မွန်းကျပ်သည့် မြို့ပြလူတန်းစားများအတွက် ငါးမိနစ်ခန့်စီကို ကိုယ်စိတ်နှစ်ပါးလုံး ကျန်းမာချမ်းသာစေရန်အတွက် အသုံးပြုသင့်ကြောင်း ဖော်ပြထားသည်။

ကလေးငယ်များအတွက် ပြေးလွှားဆော့ကစားကြရာ၊ ဆယ်ကျော်သက်များအတွက် စုပေါင်းပျော်ရွှင်ကြရာ၊ လူငယ်များအတွက် မိတ်ဆွေအချင်းချင်း နှီးနှောတိုင်ပင်အပန်းဖြေရာနှင့် လူကြီးမိဘများအတွက် ကျန်းမာရေးအထောက်အကူပြုရာနေရာများဖြစ်သော အများပြည်သူနှင့်ဆိုင်သည့် အပန်းဖြေရာနေရာများကို အားလုံးသုံးစွဲခွင့်ရရှိရန် လိုအပ်နေသေးကြောင်းနှင့် ပန်းဥယျာဉ်များကို ဖော်ထုတ်အဆင့်မြှင့်တင် အငှားချထားရာတွင်လည်း အများပြည်သူသိရှိစေပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ယခုထက်ပိုကာ ချပြလုပ်ဆောင်ရန် လိုအပ်နေသေးကြောင်း ဗဟန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုသင်းက ပြောသည်။

"ကရဝိက်ဥယျာဉ်ကမ္ဘာမှာ ပထမဆုံးရန်ကုန် သရီးဒီလမ်းရှိတယ်။ ညနေတိုင်း အခမဲ့ Unplugged ရှိုးရှိတယ်။ ကစားကွင်းလေးတွေရှိတယ်။ အဲဒါနဲ့အတူတူ စားသောက်ဆိုင်တွေအများကြီးရှိတယ်။ မနေမနားလုပ်နေတဲ့ ဖျော်ဖြေရေးနဲ့ ပွဲတော်တွေလည်းရှိတယ်။ ရီဝေတဲ့မျက်လုံးတွေနဲ့ အမျိုးသမီး၊ အမျိုးသားတွေအများကြီး ရှိပြီး ည ၁၁ နာရီကျော်တဲ့အထိ ဆက်ရောင်းချင်တဲ့ စားသောက်ဆိုင်အချို့လည်း ရှိနေပါတယ်။ အားလုံးနဲ့ဆိုင်တဲ့ ကရဝိက်ဥယျာဉ်ကမ္ဘာဖြစ်လာဖို့ မျှော်လင့်ပါတယ်" ဟု ကိုမင်းဇော်က ပြောကြားရင်း ည ၁၁ နာရီအထိ စည်ကားနေတတ်သော ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာမှ သူတို့မိသားစု ထွက်ခွာသွားကြသည်။

"ပြောသာပြောရတယ်၊ မကောင်းပေမယ့်လည်း မိသားစုသွားစရာနေရာက နည်းနေတော့ နောက်ထပ်လာနေရဦးမှာပဲ" ဟု ကားမောင်းရင်းမှ လှမ်းအော်ပြောသည့်အသံက လူငယ်အများစု နေ့စဉ်နှင့်အမျှ သွားရောက်ကြရာ ကရဝိက်ဥယျာဉ်ကမ္ဘာအတွင်း ပဲ့တင်ထပ်ကာ ကျန်ရစ်ခဲ့သည်။



ရန်ကုန်မြို့ ကန်တော်ကြီးကရဝိက်ဥယျာဉ်ကမ္ဘာအတွင်း ကန်တော်ကြီး ကန်နဖူးဘေး၌ စားသောက်ဆိုင်တစ်ဆိုင်အား တွေ့မြင်ရစဉ်။ ဓာတ်ပုံ(တင်စိုး)

●ကျောဖုံးမှ

ထိုသို့တွေ့ဆုံစဉ် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဒုတိယကျောင်းအုပ်ဆရာကြီးတို့က သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းသမိုင်းအကျဉ်းနှင့် ပညာရေးဆိုင်ရာအချက်အလက်များ၊ နှစ်အလိုက် တက္ကသိုလ်ဝင်တန်း အောင်မြင်မှုနှုန်းနှင့် ထူးချွန်အောင်မြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မိဘဆရာအသင်းအဖွဲ့ဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်များက သက်ဆိုင်ရာကျောင်းအလိုက် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးနေမှု၊ စာသင်ဆောင်နှင့် သင်ထောက်ကူလိုအပ်ချက်၊ ဆရာ ဆရာမ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန် တစ်ကျောင်းလျှင် အလှူငွေကျပ်သိန်း ၅၀ စီကို သက်ဆိုင်ရာကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စုပေါင်း၍ဓာတ်ပုံရိုက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက ယခင် လားရှိုးမြို့ခရီးစဉ်တွင် ဒေသခံများ၏ တင်ပြချက်များအရ လားရှိုးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ လိုအပ်ချက်များကို သိရှိရသည့်အတွက် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန် ယခုကဲ့သို့ လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နှစ်ထက်တစ်နှစ် ဘဏ္ဍာငွေများ ပိုမိုခွင့်ပြုချထားပေးပြီး ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသော်လည်း ပညာရေးကဏ္ဍသည် ကြီးမားကျယ်ပြန့်ပြီး လိုအပ်ချက်များစွာရှိနေသဖြင့် ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တာဝန်ရှိသူများအနေဖြင့် ဒေသဆိုင်ရာလိုအပ်ချက်များကို တင်ပြရာတွင် မိမိတို့ဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများနှင့် ချိတ်ဆက်ပြီး စနစ်တကျတင်ပြရန် လိုအပ်ပါကြောင်း၊ သို့မှသာ မိမိတို့တင်ပြချက်သည် ထိရောက်မှန်ကန်မှုရှိပြီး အကျိုးသက်ရောက်မှု မြန်ဆန်ကောင်းမွန်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့ရှိ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာဆရာမများ၊ မိဘဆရာ အသင်းအဖွဲ့များနှင့် ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီးတို့က သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းသမိုင်းအကျဉ်းနှင့် ပညာရေးဆိုင်ရာအချက်အလက်များ၊ နှစ်အလိုက် တက္ကသိုလ်ဝင်တန်း အောင်မြင်နှုန်းနှင့် ထူးထူးချွန်ချွန်အောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မိဘဆရာအသင်းအဖွဲ့ဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်များက သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းနှင့်ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ စာသင်ဆောင်နှင့် သင်ထောက်ကူလိုအပ်ချက်၊ ဆရာ ဆရာမ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန် တစ်ကျောင်းလျှင် အလှူငွေကျပ်သိန်း ၅၀ စီကို သက်ဆိုင်ရာကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတသည် မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပညာရေးသည်သာ ဦးဆောင်ဦးရွက်ပြုနိုင်သည်ဟု ယေဘုယျအားဖြင့် ပြောလိုပါကြောင်း၊ ထို့ကြောင့် ပညာရေးအဆင့်အတန်းမြင့်မားပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးသည် အလွန်အရေးကြီးပါကြောင်း။

မိမိတို့၏ အဓိကရည်မှန်းချက်သည် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ပညာအရည်အသွေးပြည့်ဝရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများကိုယ်တိုင် ပညာအရည်အသွေးမြင့်မားအောင် အမြဲမပြတ်ဖြည့်ဆည်းလျက် သားတပည့်များဖြစ်သည့် ကျောင်းသား ကျောင်းသူများကို ပညာအရည်အသွေးပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန် အထူးလိုအပ်ပါကြောင်း။

မိမိတို့ကျောင်းများ၏ ရရှိပြီးအောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး အနာဂတ်တွင် ရုပ်ပိုင်းဆိုင်ရာနှင့် ပညာအရည်အသွေးပိုင်းပါ ပိုမိုတိုးတက်အောင်မြင်အောင် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းပြောကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား UNODC မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၇**

Southeast Asia and the Pacific UNODC Regional Representative မစ္စတာ ဂျရယ်မီ ဒေါက်ဂလက်စ်နှင့် အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းထားမှု၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အခန်းကဏ္ဍနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ပြီး မစ္စတာဂျရယ်မီက ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ လေ့ကျင့်ရေးနှင့်သင်ကြားရေး အပိုင်းများတွင် အကူအညီများ ပေးသွားမည်ဖြစ်ကြောင်းနှင့် နောင်တွင် ပညာရှင်ပိုင်းကလည်း ပံ့ပိုးပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐ဒဂုံမှ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၂)လမ်း၊ (၇)လမ်းဆုံ အနီးတွင် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို ၂၀၁၃ ခုနှစ် မေလ မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် စီမံကိန်းလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည့်အတွက် အဆိုပါဒဂုံမြို့သစ်မြို့နယ်များ အပြင် သာကေတ၊ ဒေါပုံမြို့နယ်တို့နှင့် သီလဝါအထူးစီးပွားရေးဇုန်တို့သို့ပါ ရေပေးဝေနိုင်တော့မည်ဟု သိရသည်။

အဆိုပါနေရာများသို့ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လဂွန်းပြင်ဆည်မှ ရေခေါ်တူးမြောင်းဖြင့် ဆက်သွယ်ထားသော ရေများကို အကြိုအနည်ထိုင်ကန်၊ အနည်ထိုင်ကန်၊ ရေဝေအဆောက်အအုံ၊ ရေစစ်ကန်၊ သဲရေစစ်ကန်၊ ရေစုကန်၊ ရေယူအဆောက်အအုံ၊ ရေတွန်းစက်နှင့် လျှပ်စစ်ဓာတ်အားခွဲစက်ရုံ စသည်ဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းပြီးစီးပါက ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်များအပါအဝင် သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတည်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်တို့သို့ တစ်ရက်လျှင် ရေဂါလန် သန်း ၄၀ ဖြန့်ဝေပေးနိုင်မည်ဟု သိရသည်။

"မြို့သစ်တွေရဲ့ အဓိက အခက်အခဲက အများကြီးပါပဲ။ ရေရရှိမှုကလည်း တစ်ခုအပါအဝင်ပေါ့။ စည်ပင်ရေရမယ်လို့တော့ ကြားနေတာကြာပါပြီ။ လုပ်နေတာတွေလည်း ကြားရပါတယ်။ တကယ် ရေရရှိမယ်ဆိုရင်တော့ အဆင်ပြေမှာပါ။ ရေဝယ်သုံးနေရတဲ့ စရိတ်ကလည်း မနည်းပါဘူး။ မြို့သစ်တွေ တည်ခဲ့ပေမယ့် လိုအပ်ချက်တွေက အများကြီးမို့ အဆင်မပြေပါဘူး"ဟု ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် အိမ်ငှားနေထိုင်သူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဒဂုံမြို့သစ်မြို့နယ်များကဲ့သို့ ရွှေပြည်သာ၊ လှိုင်သာယာမြို့နယ်တို့သို့လည်း ရေဆက်သွယ်ပေးဝေနိုင်ရန် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုးပွားလာသည့် လူဦးရေနှင့်အညီ သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရေးမှာ အရေးကြီးသောကဏ္ဍမှ ပါဝင်လာသည့်အတွက် ရေရှည်စီမံကိန်းများဖြင့် ဆောင်ရွက်နေသည်ဟု သိရသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်သို့ နေ့စဉ်ရေပေးဝေလျက်ရှိရာတွင် ဂျိုးဖြူ၊ ဖူးကြီး၊ လှော်ကားရေလှောင်ကန်တို့နှင့် ငမိုးရိပ် ရေသန့်စင်စက်ရုံ(၁)နှင့် (၂) နှင့် စက်ရေတွင်းများအပါအဝင် နေ့စဉ်ရေဂါလန် ၂၀၅ သန်း ပေးဝေလျက်ရှိပြီး ယင်းမှာ အမှန်တကယ် ရေလိုအပ်ချက်ကို ပြည့်မီအောင် ပေးဝေနိုင်ခြင်းမရှိသေးဘဲ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

**(ဝဝ၁)**

## ဇူလိုင် ၇ ရက် အင်္ဂါနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၄၅၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၈၅၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၇၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၁၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၈၀၀၀ မှ ၈၅၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၅၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၂၀၀၀ မှ ၈၀၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၂၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၅၀၀၀ မှ ၁၉၂၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၀၀၀၀ မှ ၈၂၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၅၀၀၀ |
| ၁၉ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၅၀၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ မြင်းခြံမိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၈၅ မှ ၇၆၅ |
| ၂၁ | ကြက်သွန်ဖြူ | ကျူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၇၅ မှ ၂၀၅၀ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၄၆၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၉၅၀၀ မှ ၅၀၀၀၀ |
| ၂၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၆၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

# ဘိန်းစိမ်းနှင့် စိတ်ကြွ ရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၇**

မူးယစ်တပ်ဖွဲ့စု(၁၀၃) နေပြည်တော်၊ မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ဇူလိုင် ၅ ရက်က ပင်လောင်းမြို့နယ် ဆောင်းပြောင်းနယ်မြေရဲစခန်းရှေ့ ပင်လောင်း-လွိုင်ကော်သွားကားလမ်းပေါ်တွင် ဖယ်ခုံမြို့ဘက်မှ ပင်လောင်းမြို့ဘက်သို့ အံ့ခိုင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၁၃ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ပြည်သူ့စစ်ဂိတ်အနီး ဂေါ်သဇင်လမ်းပေါ်တွင် လမ်းလျှောက်လာသူ ထိုင်းနိုင်ငံသား စွမ်ဆပ်ခူအားစွမ်း အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ မိုင်းဆတ်မြို့နယ် မအို့ကျေးရွာအုပ်စု ဝမ်ကပ်ရွာနေ အိုက်ရီ၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၀ ကိုလည်းကောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၂၇)ရပ်ကွက် ဘုရင့်နောင်လမ်း City Mark စင်တာအနီးတွေ့ရှိသူ ကျော်ရဲအောင် အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# အလုပ်ရှင်က အလုပ်သမားကိုပေးရမည့် အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများ သတ်မှတ်နိုင်ခဲ့ပြီ

လူဖြစ်လာသည်နှင့် လူနှင့်လူ့ပတ်ဝန်းကျင်တွင် ပြဿနာတစ်ခုခုကို နေ့စဉ်လိုလို ကြုံတွေ့ရမည်မှာ မလွဲဧကန် ဖြစ်ပါသည်။ အိမ်ထောင်စုတစ်ခုအတွင်း၊ လုပ်ဖော်ကိုင်ဖက်များအတွင်း၊ လုပ်ငန်းခွင်အတွင်း အငြင်းပွားမှုများ ကြုံတွေ့လာရပြီး အဆိုပါကိစ္စရပ်များကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များပါဝင်သည့် သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အဖြေရှာခြင်းသည်သာ အောင်မြင်မှုအများဆုံးဖြစ်သည်ကို လက်တွေ့ဘဝတွင် မြင်တွေ့နိုင်ပါသည်။

ထို့အတူ စက်ရုံအလုပ်ရုံများတွင် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများဖြစ်နေသည်မှာ အထက်တွင်ဖော်ပြသကဲ့သို့ ထူးခြားသည့်ကိစ္စရပ်များမဟုတ်သော်လည်း အလုပ်ရှင်၊ အလုပ်သမားတို့သည် အကျိုးစီးပွားဖက်ဖြစ်သည်ဟု ရှုမြင်ပြီး နှစ်ဦးနှစ်ဖက်စလုံးက ကိုယ်ချင်းစာတရား ထားရှိမည်ဆိုလျှင် အငြင်းပွားမှုများ မရှိသလောက်လျော့နည်းသွားမည်ဖြစ်ပါသည်။

အငြင်းပွားမှုများအနက် အကြောင်းအမျိုးမျိုးကြောင့် အလုပ်သမားများ အလုပ်ရပ်စဲခံရမှုများဖြစ်ပေါ်လျက်ရှိပြီး အလုပ်ရပ်စဲမှုဖြစ်ပေါ်လာရခြင်းမှာ အလုပ်ရှင်စီးပွားရေးမကောင်းသဖြင့် လုပ်ငန်းကို တစ်စိတ်တစ်ဒေသ ဆက်လက်မလည်ပတ်နိုင်တော့ခြင်းနှင့် လုံးဝမလည်ပတ်နိုင်တော့ခြင်း၊ အလုပ်ရှင်မှ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းနေရာရွှေ့ပြောင်းသွားခြင်း၊ အလုပ်ရှင်၊ အလုပ်သမားလုပ်ငန်းခွင်ဆက်ဆံရေး အဆင်မပြေမှုများမှတစ်ဆင့် အငြင်းပွားမှုဖြစ်ပွားခြင်းတို့ကြောင့် အလုပ်မှရပ်စဲခံရခြင်းများ ဖြစ်ပွားခဲ့ရပါသည်။

စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားများ၏ လူမှုအကျိုးစီးပွား တရားမျှတမှု ရှိစေရန်၊ ဥပဒေပါအခွင့်အရေးများ ရရှိခံစားစေရန် ရည်ရွယ်၍ အလုပ်သမားဥပဒေများကို ခေတ်အဆက်ဆက် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

**၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းကာ အလုပ်သမားရေးရာ အငြင်းပွားမှုများကို ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ဆွေးနွေးဆုံးဖြတ်ပေးလျက်ရှိ။**

ထိုသို့ပြဋ္ဌာန်းသည့် ဥပဒေများအနက် အလုပ်သမားရေးရာ အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းခြင်း၊ အဆုံးအဖြတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ပြန်ခဲ့သော ၁၉၂၉ ခုနှစ် ဝါဏိဇ္ဇပဋိပက္ခမှု အက်ဥပဒေ (The Trade Disputes Act, 1929) သည် တစ်ခုအပါအဝင်ဖြစ်ပါသည်။

ထိုဥပဒေအရ မြို့နယ်ဝါဏိဇ္ဇပဋိပက္ခမှုကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ် ဝါဏိဇ္ဇပဋိပက္ခမှု အယူခံကော်မတီများနှင့် ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီကို ဖွဲ့စည်းခဲ့ပြီး အငြင်းပွားမှုများကို ဖြေရှင်းပေးခဲ့ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်ပါသည်။ ထိုသို့အငြင်းပွားမှုများအနက် အကြောင်းအချက်တစ်ရပ်ဖြစ်သည့် အကြောင်းအမျိုးမျိုးကြောင့် အလုပ်မှရပ်စဲခံရသည့် အလုပ်သမားများအတွက် အလုပ်ရပ်စဲမှုနစ်နာကြေးနှင့်စပ်လျဉ်း၍ မည်သို့သတ်မှတ်ပေးချေရမည်ကို ဥပဒေ၊ နည်းဥပဒေ၊ အမိန့်တို့တွင် ယနေ့အထိ ထုတ်ပြန်ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် အဆိုပါအလုပ်ရပ်စဲမှု နစ်နာကြေးနှုန်းထားများနှင့် စပ်လျဉ်း၍ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီက အမှုအကြောင်းခြင်းရာကိုမူတည်၍ သုံးသပ်ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို သာဓကပြု၍ ယနေ့အထိ အကိုးအကားပြုပြီး အလုပ်သမားများ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ရပ်စဲခံရမှုများအတွက် အောက်ပါအတိုင်းပေးချေရန် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ပေးလျက်ရှိပါသည်-

(က) လုပ်သက် သုံးလ မပြည့်သူများအား နို့တစ်ကြေးတစ်လစာ၊

(ခ) လုပ်သက် သုံးလမှ တစ်နှစ်အထိရှိသူများအား နို့တစ်ကြေး တစ်လစာနှင့် အလုပ်ထုတ်နစ်နာကြေး တစ်လစာ၊ ပေါင်း နှစ်လစာ၊

(ဂ) လုပ်သက် တစ်နှစ်မှ နှစ်နှစ်ရှိသူများအား နို့တစ်ကြေး တစ်လစာနှင့် အလုပ်ထုတ်နစ်နာကြေး နှစ်လစာ၊ ပေါင်း သုံးလစာ၊

(ဃ) လုပ်သက်နှစ်နှစ်မှအထက်ရှိသူများအား နို့တစ်ကြေး တစ်လစာနှင့် အလုပ်ထုတ်နစ်နာကြေး သုံးလစာ၊ ပေါင်း လေးလစာ၊

(င) လုပ်သက်သုံးနှစ်မှအထက်ရှိသူများအား နို့တစ်ကြေး တစ်လစာနှင့် အလုပ်ထုတ်နစ်နာကြေး လေးလစာ၊ ပေါင်း ငါးလစာ၊

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တည်ဆဲအလုပ်သမားဥပဒေများအား ခေတ်ကာလနှင့်လျော်ညီမှုရှိစေရန်၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် ပြင်ဆင်ရေးဆွဲခြင်း၊ ဖျက်သိမ်း၍အသစ်ရေးဆွဲခြင်းတို့ကို ပြုလုပ်ဆောင်ရွက်လျက်ရှိရာ The Trade Disputes Act, 1929 အား ရုပ်သိမ်း၍ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းကာ အလုပ်သမားရေးရာအငြင်းပွားမှုများကို ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ဆွေးနွေးဆုံးဖြတ်ပေးလျက်ရှိပါသည်။

The Trade Unions Act, 1926 ကို ပယ်ဖျက်၍ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သဖြင့် ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ စက်ရုံ၊အလုပ်ရုံများတွင် အခြေခံအလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါသည်။

အခြေခံအလုပ်သမား အဖွဲ့အစည်းဝင်များနှင့် အလုပ်ရှင်များ၏ ထိတွေ့ဆက်ဆံမှု အားနည်းချက်များကြောင့် သဘောထားအမြင်များကွဲပြားလာရာ လုပ်ငန်းခွင်ဆက်ဆံရေး အဆင်မပြေမှုများမှတစ်ဆင့် ကုန်ထုတ်စွမ်းအား လျော့နည်းခြင်း၊ လူမှုဆက်ဆံရေးအဆင်မပြေမှုများကို အကြောင်းပြု၍ အလုပ်ရှင်က အလုပ်သမားများအား အလုပ်ရပ်စဲခံရမှုများသည် ပို၍များလာသည်ကို လေ့လာတွေ့ရှိရပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် လုပ်ငန်းခွင်တည်မြဲရေးကို ရှေးရှုလျက် အလုပ်ရှင်၊ အလုပ်သမားအကြား ဖြစ်ပွားသောအငြင်းပွားမှုများကို ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သော သုံးပွင့်ဆိုင်စနစ်ဖြင့် ဖွဲ့စည်းထားသည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ခုံသမာဓိအဖွဲ့များနှင့် ခုံသမာဓိကောင်စီအဆင့်ဆင့်တို့ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဖြေရှင်းဆောင်ရွက်ရာတွင် အလုပ်ရပ်စဲခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ ဆုံးဖြတ်ချက်အရ အလုပ်သမားအား အလုပ်ပြန်လည်ခန့်အပ်ရန် ဆုံးဖြတ်သကဲ့သို့ အငြင်းပွားမှုပေါ်ပေါက်သော အကြောင်းအရာပေါ်မူတည်၍ အလုပ်ရပ်စဲမှုနစ်နာကြေးပေးရမည့် ကိစ္စရပ်များတွင် ထိုက်သင့်သော နစ်နာကြေးရရှိရန်အတွက် ၎င်းတို့ အလုပ်လုပ်ကိုင်ခဲ့သည့် လုပ်သက်အလိုက် အကျိုးခံစားခွင့်များ ရရှိခံစားနိုင်စေရေး ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်လာပါသည်။

ထိုသို့အလုပ်သမားများ အလုပ်ရပ်စဲခံရမှုများ မဖြစ်ပေါ်စေရေးနှင့် အလုပ်ရပ်စဲမှုခံရပါက သင့်တော်သည့် နစ်နာကြေးနှုန်းထားများ ရရှိခံစားနိုင်စေရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများ သတ်မှတ်ရန် လိုအပ်လာသဖြင့် ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေ ၃၅ တွင် "အလုပ်ရပ်စဲမှု နစ်နာကြေးနှုန်းထားများကို အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာ သတ်မှတ်၍ ထုတ်ပြန်နိုင်သည်" ဟုလည်းကောင်း၊ ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၅(ဃ) တွင် "အကြောင်းအမျိုးမျိုးကြောင့် အလုပ်ရပ်စဲရန်ကိစ္စ ပေါ်ပေါက်လာလျှင် အလုပ်ရှင်က အလုပ်သမားအား သတ်မှတ်ထားသော နစ်နာကြေးပေးရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ရမည်" ဟု လည်းကောင်း ပြဋ္ဌာန်းထားရှိ၍ နစ်နာကြေးနှုန်းထားများ သတ်မှတ်နိုင်ရန် အလွှာအသီးသီးရှိ သက်ဆိုင်ရာ မိတ်ဖက်ဌာနအသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကိုယ်စားလှယ်များအား ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများကို သတ်မှတ်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်(တောင်သူလယ်သမား၊အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ)၊ ခုံသမာဓိကောင်စီဝင်များ၊ ဥပဒေပညာရှင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များကိုဖိတ်ကြား၍ သုံးကြိမ် ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်း ၄၄ သင်းတို့မှ ကိုယ်စားလှယ်များအား ဖိတ်ကြား၍ တစ်ကြိမ်စီ ဆွေးနွေးခဲ့ပါသည်။

ညှိနှိုင်းဆွေးနွေးချက်များမှ ရရှိခဲ့သည့် အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ယာယီမြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(CTUM)၊ ယာယီမြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MTUF)နှင့် ယာယီမြန်မာနိုင်ငံ တောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (AFFM)များသို့ သဘောထားတောင်းခံခဲ့ရာ ရရှိသည့်သဘောထားအကြံပြုချက်များအား နှိုင်းယှဉ်ချက်ဇယားပြုစုပြီး ၁၅-၅-၂၀၁၅ ရက်နေ့တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဦးဆောင်၍ UMFCCI၊ CTUM၊ MTUF နှင့် AFFM တို့မှ ကိုယ်စားလှယ်များဖြင့် အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများကို သတ်မှတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ထိုသို့ အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးချက်များအရ အလုပ်မှရပ်စဲခံရသောအလုပ်သမားများအား အလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားများကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ၃- ၇ -၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ( ၈၄ / ၂၀၁၅ ) ဖြင့် အောက်ပါအတိုင်း သတ်မှတ်ကြေညာနိုင်ခဲ့ပါသည်-

(က) လုပ်သက် ခြောက်လပြည့်ပြီး တစ်နှစ်မပြည့်ပါက နစ်နာကြေး လဝက်လစာ၊

(ခ) လုပ်သက် တစ်နှစ်ပြည့်ပြီး နှစ်နှစ်မပြည့်ပါက နစ်နာကြေး တစ်လစာ၊

(ဂ) လုပ်သက် နှစ်နှစ်ပြည့်ပြီး သုံးနှစ်မပြည့်ပါက နစ်နာကြေးတစ်လခွဲလစာ၊

(ဃ) လုပ်သက် သုံးနှစ်ပြည့်ပြီး လေးနှစ်မပြည့်ပါက နစ်နာကြေး သုံးလစာ၊

(င) လုပ်သက် လေးနှစ်ပြည့်ပြီး ခြောက်နှစ်မပြည့်ပါက နစ်နာကြေး လေးလစာ၊

(စ) လုပ်သက် ခြောက်နှစ်ပြည့်ပြီး ရှစ်နှစ်မပြည့်ပါက နစ်နာကြေး ငါးလစာ၊

(ဆ) လုပ်သက် ရှစ်နှစ်ပြည့်ပြီး တစ်ဆယ်နှစ်မပြည့်ပါက နစ်နာကြေး ခြောက်လစာ၊

(ဇ) လုပ်သက် တစ်ဆယ်နှစ်ပြည့်ပြီး ၂၀ နှစ်မပြည့်ပါက နစ်နာကြေး ရှစ်လစာ၊

(ဈ) လုပ်သက် ၂၀ နှစ်ပြည့်ပြီးနှင့် ၂၅ နှစ်မပြည့်ပါက နစ်နာကြေး တစ်ဆယ်လစာ၊

(ည) လုပ်သက် ၂၅ နှစ်နှင့် အထက်ရှိပါက နစ်နာကြေး ၁၃ လစာ၊

သို့ဖြစ်ရာ အစိုးရ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အလွှာအသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များအား ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးချက်များအရ အကြောင်းအမျိုးမျိုးကြောင့် အလုပ်မှရပ်စဲခံရသည့် အလုပ်သမားများအတွက် သင့်လျော်သည့် အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများကို ထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုမြင့်ကြွယ်(ဥပဒေ)

## ဒလ၌ လေပွေကြမ်းတိုက်ခတ်

**ဒလ ဇူလိုင် ၇**

ဒလမြို့နယ်တွင် ဇူလိုင် ၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မိုးသက်လေပြင်းနှင့်အတူ ၁၀ မိနစ်ခန့်အကြာ ရုတ်တရက် လေပွေကြမ်းတိုက်ခတ်မှုဖြစ်ပွားခဲ့သည်။

ယင်းလေပွေကြမ်း တိုက်ခတ်မှုကြောင့် ဒလကားဝင်းအထွက်ပေါက်ရှိ ဆိုင်းဘုတ်တိုင် ပြိုပျက်ခဲ့ပြီး ကားဝင်းအနီး ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်း မင်္ဂလာရေကန်ရှိ ကုက္ကိုပင်များမှ အကိုင်းကြီးများ ကျိုးကျကာအနီးရှိ လျှပ်စစ်ဓာတ်ကြိုးတန်းပေါ်သို့ ကျခဲ့သောကြောင့် ဓာတ်တိုင်လေးတိုင် ပြိုလဲကာ ယာဉ်လေးစီးပေါ် ပိမိသွားခဲ့သည်။ လမ်းသွယ်(၁)တွင်လည်း သစ်ကိုင်းကျိုးကျခဲ့သဖြင့် အိမ်ငယ်သုံးလုံး ပြိုပျက်ခဲ့ရကြောင်း သိရသည်။

မြို့တွင်းရပ်ကွက်များနှင့် ဒလ-တွံတေး လမ်းဘေးဝဲ၊ ယာတစ်လျှောက်တွင် အမိုးများလန်ခြင်း၊ သစ်ပင်များကျိုးကျခြင်းများ ဖြစ်ခဲ့သည်။

**သန်းဌေး(ဒလ)**

■

## သံချေးတက် စစ်ကျန် ၃၆ ခွင်းပုံးဟောင်းတစ်လုံး ရေနံချောင်းတွင် တွေ့ရှိ

**ရေနံချောင်း ဇူလိုင် ၇**

ရေနံချောင်းမြို့နယ် ကုက္ကိုခွကျေးရွာရှိ ယာခင်းအတွင်းမှ စနက်တံမပြုတ်သေးသော စစ်ကျန်ခွင်းပုံးဟောင်းတစ်လုံးအား ဇူလိုင် ၃ ရက်က တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေနံချောင်းမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စု ကုက္ကိုခွကျေးရွာနေ အဌမတန်းကျောင်းသားများဖြစ်သည့် အောင်ကျော်ခိုင်နှင့် စည်သူအောင်တို့သည် ဇူလိုင် ၃ ရက် ညနေ ၄ နာရီက ကျောင်းဆင်း၍ နေအိမ်သို့ပြန်လာစဉ် ဒေါ်စန်းရီ၏ ယာခင်းအတွင်း၌ စနက်တံမပြုတ်သေးသော သံချေးတက်နေသည့် စစ်ကျန် ၃၆ ခွင်းပုံးဟောင်းတစ်လုံးအား တွေ့ရှိသဖြင့် ကုက္ကိုခွကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလှဦးထံအပ်နှံခဲ့ပြီး ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက လက်မှတ်ကုန်းနယ်မြေရဲစခန်းမှ ဒုရဲအုပ် မျိုးသိမ့်ဦးနှင့်အဖွဲ့၊ နယ်မြေခံတပ်မှ တပ်ကြပ်ကြီး ခင်မောင်ဇင်နှင့်အဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့ပြီး လက်ခံသိမ်းဆည်းခဲ့သည်။

**(ကျော်ဇေယျ)**

## ပြည်တွင်းရေးရာ

### ○အခြေခံမဲဆန္ဒရှင်စာရင်းမှ ထုတ်ပြန်ကြေညာထားသည့် အခြေခံမဲစာရင်းများ၏ဂရက်

အခြေခံမဲစာရင်းများ ထုတ်ပြန်ရာတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် သီတာလမ်းတွင် နေထိုင်သည့် အငြိမ်းစားဝန်ထမ်း သားအမိနှစ်ဦး၏အမည်စာရင်းသည် အိမ်ထောင်စုစာရင်းတွင်ပါဝင်သော်လည်း မဲဆန္ဒရှင်စာရင်းတွင်ပါရှိခဲ့ခြင်းမရှိပေ။ အဆိုပါသားအမိ နှစ်ဦးသာမကဘဲ တစ်လမ်းတည်းတွင် နေထိုင်သည့် မဟန်နွယ်ဦး၏အမည်မှာ ယဉ်နွယ်ဦးအမည်ဖြင့်မှားယွင်းပါရှိနေခဲ့သည်။

ယင်းကဲ့သို့ မှားယွင်းသောအဖြစ်အပျက်များစွာသည် တာမွေမြို့နယ်တစ်ခုတည်းတွင်သာမကဘဲ အခြားအခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ မှားယွင်းမှုအများအပြားဖြစ်ပေါ်ခဲ့သည်။ အခြေခံမဲဆန္ဒရှင်စာရင်းထုတ်ပြန်ခဲ့ရာတွင် ထင်ရှားကျော်ကြားသည့် အနုပညာရှင်အချို့၏အမည်များ မဲစာရင်းတွင်ပါဝင်မှုမရှိခြင်း၊ သေဆုံးကွယ်လွန်ခဲ့သူများမဲစာရင်းတွင် ပါဝင်နေခြင်း၊ ရွာလုံးကျွတ်နီးပါး မွေးလ၊ မွေးရက်တစ်ရက်တည်းထပ်တူညီနေခြင်းစသည့် အကြောင်းအရာများသည် အင်တာနက် လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့မှုအများဆုံးနှင့် လူထုစိတ်ဝင်စားမှု အများဆုံးအကြောင်းအရာများဖြစ်လာကြသည်။

**မဲဆန္ဒရှင်စာရင်းများမှာ ဘယ်အချက်တွေက မှားယွင်းမှု အများဆုံးလဲ**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်ရှိမြို့နယ်များသို့သွားရောက်၍ ပြည်သူလူထုနှင့် ကော်မရှင် အဖွဲ့ခွဲများသို့ မေးမြန်းခဲ့ချက်များအရ မဲဆန္ဒရှင် စာရင်းတွင် ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်မှုပြုလုပ်ရသည့် မဲဆန္ဒရှင်အမည် သတ်ပုံမှားယွင်းခြင်း၊ မှတ်ပုံတင်ဖြည့်စွက်/မှားယွင်းခြင်း၊ မွေးသက္ကရာဇ်မှားယွင်းခြင်း၊ အဖအမည်မှားယွင်းခြင်း၊ အမိအမည်ဖြည့်စွက်ရန်ကျန်ရှိခြင်းနှင့်မှားယွင်းခြင်း၊ ကျား/မ လွဲနေခြင်း၊ နေရပ်လိပ်စာမှားယွင်းပါရှိခြင်းတို့မှာ အများဆုံးဖြစ်သည်ကို တွေ့ရသည်။

**မဲပေးခွင့်ရှိသူပြည်သူများနှင့်ပါတီတွေက သံသယမေးခွန်းများစွာထုတ်ပြီ**

အခြေခံမဲဆန္ဒရှင်စာရင်းများ မှားယွင်းမှုအပေါ် ပြည်သူများအား တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ရာ အခြေခံမဲဆန္ဒရှင်စာရင်းအပေါ် သံသယအများဆုံးထားရှိကြသည့် အချက်များအားဤကဲ့သို့တွေ့ရှိရသည်-

- *ဘာကြောင့် ရပ်/ကျေးကော်မရှင်တွေက မဲစာရင်းကို အိမ်တိုင်ရာရောက် ကောက်ယူတာမျိုးမလုပ်သလဲ။*
- *မဲစာရင်းကို ဘယ်လို ကောက်ယူသလဲ။*
- *သေဆုံးပြီးသူတွေ မဲစာရင်းမှာ ပါနေတာ ဘာကြောင့်လဲ။*
- *အခြေခံမဲစာရင်းမှာ ရွာလုံးကျွတ်၊ ရပ်ကွက်လုံးကျွတ်ရဲ့ မွေးနေ့တွေက ဇွန်လ ၃၀ ရက်ဖြစ်နေတာ ဘာကြောင့်လဲ။*
- *အိမ်ထောင်စုစာရင်းမှာ နာမည်ပါရှိပေမယ့် ဘာကြောင့် မဲစာရင်းမှာ နာမည်ကျန်တာလဲ၊ နာမည်မှား၊ မှတ်ပုံတင်မှား၊ လိပ်စာမှား၊ မိဘအမည်မှား၊ ကျား မလွဲနေတာတွေကြောင့် မဲပေးခွင့်ဆုံးရှုံးမှာလား။*
- *အိမ်ထောင်စုစာရင်းမှာ မိခင်နာမည်မပါဘဲ အခြေခံမဲစာရင်းမှာ မိခင်နာမည်ကို ဘယ်လိုထည့်သွင်းသလဲ။*
- *အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာတုန်းက မဲစာရင်းမကြည့်ခဲ့ရတော့ နာမည်မပါရင်၊ မှားယွင်းနေရင် ပြင်ဆင်လျှောက်ထားခွင့်မရတော့ဘူးလား။ နောက်အခွင့်အရေးရနိုင်သေးလား။*

**ဘာကြောင့် ရပ်/ကျေးကော်မရှင်တွေက မဲစာရင်းကို အိမ်တိုင်ရာရောက် ကောက်ယူတာမျိုးမလုပ်သလဲ။**

မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့များသည် စေတနာ့ဝန်ထမ်းများဖြစ်ကြပြီး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၌ တစ်အိမ်တက်ဆင်း အိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ ကို လိုက်လံကောက်ယူရမည်ဟု ဖော်ပြထားခြင်းမရှိသဖြင့် မဲဆန္ဒရှင်စာရင်းကို သန်းခေါင်စာရင်း ကောက်ယူသကဲ့သို့ လိုက်လံကောက်ယူခဲ့ခြင်းမရှိပေ။ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ၎င်းတို့သည် ပင်စင်စား စေတနာ့ဝန်ထမ်းအများစုနှင့် အချို့မှာ ရုံးဝန်ထမ်းအဖြစ် အသက်မွေးဝမ်းကျောင်း ပြုကြသည်ဟုဆိုသည်။ ဝန်ထမ်းအဖြစ် လုပ်ကိုင်ကြသူများသည် နေ့စဉ်စားဝတ်နေရေးအတွက် တစ်ဖက်မှ လုပ်ကိုင်ရင်း တစ်ဖက်မှလည်း မဲဆန္ဒရှင်စာရင်းသွင်းခြင်းလုပ်ငန်းကို ပူးတွဲဆောင်ရွက်ကြရသည်ဟု ဆိုကြသည်။ လူအင်အားလုံလောက်မှုမရှိဘဲ စေတနာ့ဝန်ထမ်းအချို့နှင့်မဲဆန္ဒရှင်စာရင်းကောက်ယူရခြင်းသည်လည်း မဲစာရင်းကို အိမ်ထောင်စုအပြည့် လိုက်မကောက်နိုင်ခြင်း၏ အကြောင်းရင်းဖြစ်သည်။

**သေဆုံးပြီးသူတွေ မဲစာရင်းမှာပါနေတာ ဘာကြောင့်လဲ။**

လူတစ်ယောက်သေဆုံးပါက သေဆုံးမှု မှန်ကန်ကြောင်း ရပ်ကွက်ရုံးထောက်ခံစာအပါအဝင် လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများယူဆောင်ကာ လူဝင်မှုကြီးကြပ်ရေးဌာန၌ အိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ တွင်ပါဝင်နေသည့် သေဆုံးသူ၏ နာမည်အား မျဉ်းသား၍ ပယ်ဖျက်ရသည်။ အိမ်ထောင်စု အချို့သည် လူဝင်မှုကြီးကြပ်ရေးဌာနတွင် သေစာရင်းဖျက်ရန်မလုပ်ဆောင်ခဲ့ကြခြင်းသည်လည်း သေဆုံးသူများ မဲစာရင်းတွင် ပါဝင်လာစေသည့် အချက်တစ်ခုဖြစ်သည်။

အခြေခံမဲဆန္ဒရှင် ထည့်သွင်းရန်အတွက် ရပ်/ကျေးကော်မရှင်များအနေဖြင့် ပုံစံ ၆၆/၆ အားမိတ္တူဆွဲယူရန် လိုအပ်သည်။ ယင်းသို့ မိတ္တူဆွဲယူရာ၌ ပုံစံ ၆၆/၆တွင် သေဆုံးသူအားပယ်ဖျက်ထားသည့် မျဉ်းကြောင်းမထင်မရှားဖြစ်ခြင်း၊ ပုံစံစာရွက်မှာ ဟောင်းနွမ်း၍ တိပ်များကပ်ထားခြင်းနှင့် ကူးယူသော မိတ္တူစက်အရည်အသွေးကောင်းမွန်မှုမရှိခြင်းတို့သည်လည်း သေဆုံးသူများ အမည်မဲစာရင်းတွင် ပါဝင်ရခြင်း အကြောင်းတစ်ရပ်ပင်ဖြစ်သည်။ အဆိုပါအချက်သည်အရေအတွက်နည်းပါး၍ လူခွဲမရှိသည့် မြို့နယ်/ရပ်/ကျေး ကော်မရှင်၏ မှားယွင်းမှုတစ်ရပ်အဖြစ် ထောက်ပြနိုင်သည်။



ကွန်ပျူတာဖြင့် မဲဆန္ဒရှင်စာရင်းသွင်းသည့် ဝန်ထမ်းများအား မွမ်းမံသင်တန်းပို့ချနေစဉ်။

အလုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ဇော်က"ပုံစံ ၆၆/၆ တွေ ရရှိလာတာနဲ့ သေနေတဲ့လူကိုသိရင်တော့ တစ်ခါတည်းဖြုတ်ခဲ့ပါတယ်။ တချို့ လူတွေကျတော့ အရပ်ထဲမှာသိတဲ့ နာမည်ကတစ်မျိုး။ ပုံစံ ၆၆/၆ ထဲမှာရှိတဲ့ နာမည်ကတစ်မျိုး။ ရပ်/ကျေးကော်မရှင်တွေအနေနဲ့ ပုံစံ ၆၆/၆ ထဲက နာမည်နဲ့ အရပ်ထဲမှာ သိနေတဲ့နာမည်နဲ့ တွဲလို့ မမိနေတာမျိုးရှိနေတယ်။ ဥပမာ အရပ်ထဲမှာသူ့ကို ဖိုးတုတ်လို့ပဲသိထားတယ်။ ပုံစံ ၆၆/၆ မှာကျတော့ ကျော်မိုးဖြစ်နေတာမျိုး ပေါ့"ဟု နမူနာပြောပြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်တွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ၏ ပြောကြားချက်အရ ဇူလိုင်လ ၁ ရက်နေ့အထိ မဲစာရင်းမှ ဖယ်ရှားပေးရန် ကန့်ကွက်လာသည့်အထဲတွင် သေဆုံးသူ ၁၀၃ ဦးပါရှိနေခြင်းသည် ထူးခြားချက်တစ်ခုဖြစ်ခဲ့သည်ဟုဆိုသည်။ စမ်းချောင်းမြို့နယ်တွင် နေထိုင်သူအများစုသည် ထုံးတမ်းအစဉ်အလာယုံကြည်မှုကြောင့် ကွယ်လွန်သူ ဘိုးဘွားမိဘမိသားစုဝင်များအား သေစာရင်းမှ ပယ်ဖျက်ထားမှုမရှိခြင်းကြောင့် မဲစာရင်းတွင် သေဆုံးသူများပါရှိရခြင်းသည် ထူးခြားသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့ကြောင်း ထောက်ပြသည်။

**အခြေခံမဲစာရင်းမှာ ရွာလုံးကျွတ်၊ ရပ်ကွက်လုံးကျွတ်ရဲ့ မွေးနေ့တွေက ဇွန်လ ၃၀ ရက်နေ့ဖြစ်နေတာဘာကြောင့်လဲ။**

၆ လပိုင်း ၃၀ ရက်နေ့ကို မွေးနေ့အဖြစ် သတ်မှတ်ခြင်းသည် မွေးနေ့ မွေးလ မသိသူများအတွက် ဖြစ်သည်။ တောရွာများတွင်နေထိုင်ကြသူ အများစုသည် မိမိမွေးနေ့ မွေးလအား မြို့ပြတွင် အခြေချနေထိုင်သူများကဲ့သို့ မှတ်သားထားခြင်းမရှိချေ။ မြို့ပြတွင် နေထိုင်သည့် သက်ကြီးရွယ်အိုအချို့သည်ပင်လျှင် မွေးဖွားသည့်နှစ်ကိုသာ လဝက၏ ပုံစံ ၆၆/၆ တွင် ဖြည့်ထားကြသည်။ ၆ လပိုင်း ၃၀ ရက်နေ့ကိုမွေးနေ့အဖြစ် သတ်မှတ်ခြင်းသည် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်တစ်ခုပင်ဖြစ်သည်။ မဲပေးမည့်ပြည်သူများ မနစ်နာစေရန် နှစ်တစ်နှစ်၏ လအလယ်အား သတ်မှတ်ချက်တစ်ခုအနေအဖြစ် သက်မှတ်ပေးထားခြင်းဖြစ်သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရသည့် မဲစာရင်းထည့်သွင်းသည့် ကွန်ပျူတာစနစ်၌ မွေးနေ့ နေရာတွင် ကွက်လပ်ဖြစ်နေပါက အမည်ပယ်ဖျက်သဖြင့် မွေးရက်မရှိသူများအား ၆လပိုင်း ၃၀ ရက်နေ့ကို စံသတ်မှတ်ကာ ဖြည့်စွက်ရခြင်း ဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌက တုံ့ပြန်ဖြေရှင်းသည်။

**အိမ်ထောင်စု စာရင်းမှာ နာမည်ပါလျက်နဲ့ ဘာကြောင့် နာမည်မှား၊ မှတ်ပုံတင်မှား၊ လိပ်စာမှား၊ မိဘအမည်မှား၊ ကျား မ လွဲနေတာလဲ၊ မဲစာရင်းမှာ ဘာကြောင့် နာမည်မပါတာလဲ။**

ရန်ကုန်တိုင်းဒေသကြီးအနောက်ပိုင်းခရိုင်ရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ မဲစာရင်းမှားယွင်းရခြင်းနှင့်စပ်လျဉ်းပြီး မြန်မာ့သတင်းစဉ်မှ သွားရောက်မေးမြန်းခဲ့သည်။

အခြေခံမဲစာရင်းအများစုမှာ အိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများ၌ မိတ္တူဆွဲ၍ ကွန်ပျူတာအတွင်း စာရင်းပြန်လည်ထည့်သွင်းသည့်အဆင့်တွင် မှားယွင်းမှုများ အများဆုံးဖြစ်ပေါ်သည်ကို မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၏ ဖြေကြားချက်များအရ တွေ့ရှိရသည်။

ဖြစ်ပေါ်ရသည့် အကြောင်းရင်းသည် အခြေခံမဲဆန္ဒရှင်စာရင်းများကို ကွန်ပျူတာအတွင်း ထည့်သွင်းနိုင်ရန်အတွက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက မိတ္တူကူးယူရာတွင် မူရင်း အိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ များသည် နှစ်ကာလကြာမြင့်သောကြောင့် ဟောင်းနွမ်းနေခြင်း၊ မိတ္တူကူးယူရသည့် မိတ္တူစက်များ အရည်အသွေးကောင်းမွန်မှုမရှိခြင်း၊ စာမျက်နှာတစ်ဖက်ခြမ်းကိုကူးယူပြီးနောက် အခြားစာမျက်နှာအား ဆက်လက်ကူးယူရန်ကျန်ရှိခြင်း၊ ကွန်ပျူတာအတွင်းသို့ တစ်ရက်လျှင် လူဦးရေ ၅၀၀ နီးပါးခန့် ထည့်သွင်းရာတွင် ဝန်ထမ်းအင်အား အနည်းငယ်သာ အသုံးပြုနိုင်ခြင်းတို့သည် အခြေခံမဲဆန္ဒရှင်စာရင်းမှားယွင်းရခြင်း၏ အဓိကအရင်းခံအကြောင်းအချက်များဖြစ်သည်ကို တွေ့ရှိခဲ့ရသည်။

အလုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးဦးခင်မောင်ဇော်(အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုမြို့နယ်အုပ်ချုပ်ရေးမှူး)က "ဒီလုပ်ငန်းနဲ့ အကျွမ်းတဝင်မရှိတဲ့ ရပ်/ကျေးကော်မရှင်အတွင်းရေးမှူးက ပုံစံ ၆၆/၆ မိတ္တူစာရွက်ကို ကြည့်ပြီး ကွန်ပျူတာရိုက်သူကို ခေါ်ပေးတယ်။ စာရိုက်ဖို့အတွက် ပညာရေးဌာနကနေ အကူအညီတောင်းထားတဲ့ ဆရာ ဆရာမတွေက ကွန်ပျူတာ စာရင်းသွင်းတယ်။ ခေါ်ပေးသူက မထင်ရှားတဲ့ မိတ္တူကြောင့် မှားယွင်းဖတ်မိသလို စာရိုက်သူကလည်း အကြားမှားတာ ဖြစ်နိုင်ပါတယ်" ဟု မဲစာရင်းသွင်းရာ၌ ကြုံတွေ့ရသည့် ၎င်း၏ အတွေ့အကြုံကို ပြောကြားသည်။

**အိမ်ထောင်စု စာရင်းမှာ မိခင်နာမည် မပါဘဲ အခြေခံမဲစာရင်းမှာ မိခင်နာမည်ကို ဘယ်လို ထည့်သွင်းသလဲ။**

ပုံစံ၆၆/၆မှာ အမိနာမည်မပါဘဲနဲ့ အမိနာမည် ဘယ်ကရလဲလို့မေးရင် "ပထမဆုံးရပ်ကွက် တစ်ရပ်ကွက်ကို ရွေးထုတ်တယ်။ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ ရာအိမ်မှူးတွေ၊ ဆယ်အိမ်စုမှူးတွေနဲ့ မဲစာရင်းမှာပါတဲ့ အမိနာမည်ကို ဖြည့်ဖို့ ကြိုးစားတယ်။ တကယ်လည်း အိမ်ထောင်စုစာရင်းရှိတယ်၊ တကယ်လည်း လူနေတဲ့ အိမ်ထောင်စုတွေရှိရင်တော့ အမိနာမည်တွေ ရပါတယ်" ဟု အလုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ဇော်က ဖြေကြားသည်။

ကျောက်တံတားမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်သိန်းက "အမေနာမည်တစ်ခုရဖို့ အတွက် တိုက်ခန်း ၁၀ ခန်းရှိရင် ၁၀ ခန်းလုံးတက်လိုက် ဆင်းလိုက်လုပ်ရတယ်။ အချို့တိုက်ခန်းတွေဆို လူမရှိဘူး။ အချို့ကလည်း တံခါးကို မဖွင့်ပေးဘူး။ အဲဒီတော့ အခြေခံမဲဆန္ဒရှင်စာရင်းမှာ အမေပါတာလည်းရှိတယ်။ မပါတာလည်းရှိတယ်။ မပါရင်တော့ အခြေခံမဲစာရင်း လာကြည့်တဲ့အခါ အမေနာမည်မေးပြီးမှတ်ထားလိုက်တယ်" ဟု အမေနာမည် ပါရှိရေး အခက်အခဲကိုပြောထားသည်။

**ဆက်လက်ဖော်ပြပါမည်။**



အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံး။

# ပရိသတ်များစောင့်မျှော်နေတဲ့ Girls' Generation ရဲ့ အခွေသစ်



တောင်ကိုရီးယားနိုင်ငံ ပေါ့ပ်ဂီတလောကရဲ့ ထိပ်တန်းအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Girls' Generation အဖွဲ့ဟာ ဇူလိုင် ၁၀ ရက်မှာ ကေဘီအက်စ်တူး ရုပ်သံလွှင့်ဌာနက ထုတ်လွှင့်မယ့် "Music Bank" အစီအစဉ်အတွက် ရိုက်ကူးရေးပြုလုပ်ပေးမှာဖြစ်ပါတယ်။

Girls' Generation အဖွဲ့ဟာ အဲဒီအစီအစဉ်မှာ သူတို့ရဲ့နာမည်ကြီးတေးသီချင်းတွေဖြစ်တဲ့ Party နဲ့ Check တို့ကိုသီဆိုဖျော်ဖြေမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် သူတို့အဖွဲ့ရဲ့ အသစ်ထွက်ရှိမယ့် တေးစီးရီးအယ်လ်ဘမ်ကို ဇူလိုင် ၇ ရက်မှာ ဖြန့်ချိပေးမှာဖြစ်ပြီး အဆိုပါ တေးစီးရီးအယ်လ်ဘမ်သစ်တွင် Lion Heart နဲ့ You Think သီချင်းများပါဝင်မှာဖြစ်ကာ သီချင်းပုံစံအမျိုးအစား စုံလင်စွာပါဝင်ထားတယ်လို့ ဆိုပါတယ်။

ဆုမြတ်

## ခေါင်းပေါ်ပြောက်အိုးတင်ဖောက်ရာမှ အသက်ဆုံးခဲ့ရတဲ့ ဒစ်စနေမင်းသား

အသက် (၂၂) နှစ်အရွယ် ဒစ်စနေသရုပ်ဆောင် ဒက်ဗန် စတိတ်ပ်လက်စ်သည် ပြီးခဲ့သည့် စနေနေ့က သူငယ်ချင်းများနှင့် ပြုလုပ်သည့် ပါတီပွဲတစ်ခုတွင် ဦးခေါင်းပေါ် ပြောက်အိုးတင်ဖောက်ခဲ့ရာမှ မမျှော်လင့်ဘဲ သေဆုံးခဲ့သည်။

သူသည် သူငယ်ချင်းများနှင့် အားလပ်ရက်တွေ့ဆုံကြရာ သူငယ်ချင်းတစ်ဦး၏အိမ်အနောက်ဘက်တွင် ပါတီပွဲကျင်းပခဲ့စဉ် ပြောက်အိုးဖောက်ကစားခဲ့ပြီး တစ်ကြိမ်တွင် ဦးခေါင်းပေါ်ပြောက်အိုးတင်ဖောက်ခဲ့ရာမှ ပေါက်ကွဲအားပြင်းမှုကြောင့် ယခုကဲ့သို့ အသက်ပါဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

ဒက်ဗန်၏ အစ်ကိုက "ဒီကြောက်စရာကောင်းတဲ့ မတော်တဆဖြစ်ရပ်ကို ကျွန်တော် အစအဆုံးမြင်ခဲ့ရတယ်။ သူ့ကိုဆေးရုံတောင်မပို့လိုက်ရဘူး"ဟု နယူးယော့ခ်နေ့စဉ်သတင်းစာသို့ ပြောခဲ့သည်။

ဒက်ဗန်၏သေဆုံးမှုသည် မိန်းပြည်နယ်တွင် ပြောက်အိုးကို တရားဝင်ထုတ်လုပ်ရောင်းချခွင့်ပေးခဲ့သည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ယနေ့အထိ ပထမဦးဆုံးသော ပြောက်အိုးကြောင့် သေဆုံးခဲ့ရမှုဖြစ်ကြောင်းလည်း ပြည်နယ်အာဏာပိုင်များက ဆိုသည်။

## ထိပ်ဆုံးမှာရပ်တည်နေတဲ့ ပေါ့ပ်ဘုရင်မ



အမေရိကန်ပေါ့ပ်ဂီတလောကတွင် ဘုရင်မတစ်ပါးဟုတင်စားခံရသော ရီဟားနားသည် သူ့အတွက် ဂီတလောကသားများ၏ နောက်ထပ် ဦးညွှတ်မှုတစ်ခုကို ဖန်တီးနိုင်ခဲ့သည်။ အသက်(၂၇) နှစ်ရှိပြီဖြစ်သော ရီဟားနား၏ထွက်ရှိပြီး သမျှသော တစ်ကိုယ်တော် တေးသီချင်းများသည် အင်တာနက်တွင်ကူးယူမှုသန်းတစ်ရာကျော်ရရှိခဲ့ကာ အမေရိကန်တေးသီချင်းထုတ်လုပ်မှုမှတ်တမ်းတွင် တေးသီချင်းသန်းတစ်ရာကျော်ကူးယူခံခဲ့ရသော အဆိုတော်အဖြစ် ပထမဆုံး မှတ်တမ်းတင်ခံခဲ့ရသည်။

ရီဟားနား၏ ထွက်ရှိခဲ့သော တစ်ကိုယ်တော်တေးသီချင်းအရေအတွက် စုစုပေါင်း ၃၇ ပုဒ်ရှိကာ အဆိုပါသီချင်းများအနက် ကူးယူမှုအများဆုံးသီချင်းများမှာ "We Found Love"၊ "Stay"၊ "What's My Name"၊ "Only Girl(In The World)"နှင့် "Four Five Seconds" တို့ဖြစ်ကြသည်။

ဒုတိယနေရာတွင်ရပ်တည်နေခဲ့သော တေလာဆွစ်၏တေးသီချင်းများသည် ၈၈သန်း ကူးယူခံခဲ့ရပြီး ၇၉ သန်းခန့် ကူးယူခံထားရသော ကစ်တီပယ်ရီ၏သီချင်းများက တတိယနေရာတွင် ရပ်တည်နေခဲ့သည်။

## ရုပ်ရှင်ရိုက်တော့မယ့် ဟယ်ရီစတိုင်



ဗြိတိန်နာမည်ကျော် ဂီတအဖွဲ့ One Directionမှ အဖွဲ့သားများ၏ အနာဂတ်အစီအစဉ်များ သီးခြားစီဖြစ်ပေါ်လျက်ရှိရာ အဖွဲ့ခေါင်းဆောင် ဟယ်ရီကလည်း ဟောလိဝုဒ်လောကသို့ ခြေဆန့်ရန် အစီအစဉ်များရှိနေပြီဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

အဆိုပါ သတင်းသည် ဟောလိဝုဒ်နာမည်ကျော်ရုပ်ရှင်ထုတ်လုပ်သူဟာ ဗေးဝိုင်းန်စတိန်းနှင့် ဟယ်ရီတို့၏ တွေ့ဆုံမှုအပြီးတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့၏ အေဂျင်စီက ရုပ်ရှင်လောကသားတစ်ဦးဖြစ်လာခြင်းသည် ဟယ်ရီ၏ဂီတအသက်မွေးဝမ်းကျောင်းအတွက် ကြီးမားသော အထောက်အပံ့ဖြစ်လာနိုင်သည့်အတွက် ကြိုဆိုကြောင်းပြောကြားခဲ့ပြီး ဟယ်ရီကမူ တစ်စုံတစ်ရာအတည်ပြုပြောကြားခြင်း မရှိသေးပေ။

အခြားသောအဖွဲ့ဝင်များ ဖြစ်သည့် လူးဝစ်နှင့် လီယမ်တို့သည် တစ်ကိုယ်တော် တေးအယ်လ်ဘမ်များ ထုတ်လုပ်ရန် တိတ်တဆိတ် စီစဉ်နေကြပြီး နီးလ်ကမူ X Factorအဖွဲ့နှင့် ပူးပေါင်းဖျော်ဖြေသွားမည်ဆိုသည့် သတင်းများလည်း ထွက်ပေါ်နေသည်။

## ပါတီပွဲမှာ မြေခွဲခဲ့တဲ့ ဒေမီလက်ဗားတိုး

"Let It Go"အဆိုတော်ဒေမီလက်ဗားတိုးသည် လော့စ်အိန်ဂျလိစ်တွင် ကျင်းပခဲ့သော ရေကူးကန်ပါတီပွဲတစ်ခုတွင် ဖျော်ဖြေနေစဉ် ခြေချော်လဲခဲ့ရာမှ ရေကန်အတွင်း မကျခဲ့ဘဲ ကြမ်းပြင်ပေါ် မှောက်လျက်ကျခဲ့သည်။

ဒေမီသည် အဆိုပါ အခြေအနေတွင် သတိလွတ်ကာ ရုတ်တရက်ကြောင်သွားခြင်းမရှိဘဲ ချော်လဲရောထိုင်ဆိုသကဲ့သို့ ရေကန်တွင်းဆင်းကာ ရေငုပ်ပြခဲ့ပြီး ဆက်လက်ဖျော်ဖြေခဲ့သည်။

သူ၏ပရိသတ်များက ထိုကဲ့သို့သော နာကျင်ခံစားနေရချိန်၊ ရှက်ရွံ့နေချိန်တွင် ထွက်ပေါက်တစ်ခုကို အကောင်းဆုံး ဖန်တီးနိုင်ခဲ့သော ဒေမီလက်ဗားတိုးအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း လူမှုမီဒီယာများတွင် ရေးသားဖော်ပြခဲ့ကြသည်။

အေးပြည့် – စုစည်းသည်

## ရုပ်မြင်သံကြားအစီအစဉ်များ

၈ - ၇ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၃၅ | ဇာတ်လမ်းတို |
| ၈း၅၀ | သူနှင့်သူ၏သီချင်းများ |
| ၉း၀၀ | စာပေအလင်းစာပေသတင်း |
| ၄း၁၅ | လျှပ်တစ်ပြက် |
| ၄း၂၅ | အမျိုးသားရေးတေးကဗျာ |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၅ | ရှေးဟောင်းသုတ |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၅ | ပန်းကလေးများပွင့်တော့မည် |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း(အပိုင်း-၅၃) |
| ၆း၀၆ | Amazing Cities |
| ၆း၁၅ | Meet Whith The Celebrities |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပန်းခူးသူဆူးစူးပါစေ (အပိုင်း-၆၀) - ရယ်စရာပျော်စရာဟာသကမ္ဘာ - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၆) |

### MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာပွင့်သောပန်း" (အပိုင်း-၁၆) |
| ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၅၅ | ဟင်းချက်ရအောင် |
| ၁၁း၂၀ | MRTV-4 Stage |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၁) |
| ၁း၀၀ | "စိတ်စင်ကြယ်ရင်ကံသုံးပါး စင်ကြယ်တယ်" (အပိုင်း-၆) တရားတော် (ဆားဘူးတောင်း ဆရာတော်အရှင်ကုသလ) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၆၄) |
| ၅း၅၀ | Miss Myanmar World 2015 |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၆၅) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာပွင့်သောပန်း" (အပိုင်း-၁၇) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၂) |
| ၄း၄၅ | တန်ခိုးကြီးမား ဘုရားစေတီ ပုထိုးများ (ခနေဖြူမြို့ သမိုင်းဝင် ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး) |

### mitv

- Jeyyanandi (A Day in the Life of a Nun)
- Kambawzathardi Golden Palace - A Treasured Legacy Of Golden Days
- Lucrative Myanma Rattan Industry
- Gardener: Rose Plantation
- Wet Markets in Yangon: Thirimingalar Market
- Diary of a Fisherman
- SHWE SETTAW (Minbu)
- Herbal Medicine By Thurein (Aloe Vera)
- Culture Shows: Theatrical Art
- To The Land Of Countless Temples - Bagan Trip (EP-1)
- Sagaing: Gold Leaf
- Myanmar Traditional Identity (EP- 2) Myanmar Chinthe (Myanmar Lion)
- A Tea Business: Pankwan (Part-1)
- Youth Filmmaker: Lwin Ko Ko Oo
- Insight Myanmar: Women & Election
- Image Of The Monks
- Modifying Natural Thanakha Bark into Ready-Made Skin Care Product
- Products Of Myanmar - Power Ring
- Sagaing: Guitar
- Myanmar Performing Arts- Puppet
- Family of Toys
- A Nun's Creation in Fruit Carving
- Kyaikhteeyoe: Bamboo Guns



# ဆရီနာဝီလျံနှင့် ပက်ဒ်ဗြာတို့ ဝင်ဘယ်လ်ဒန်အိုးပင်း ကွာတား-ဖိုင်နယ်သို့တက်ရောက်

ဝင်ဘယ်လ်ဒန်အိုးပင်း စတုတ္ထအဆင့်၌ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ် ဆရီနာဝီလျံက အစ်မဖြစ်သူဗီးနပ်စ်ဝီလျံအား ပွဲကစားချိန် တစ်နာရီနှင့် ရှစ်မိနစ်အတွင်း ၆-၄၊ ၆-၃ဖြင့် နှစ်ပွဲပြတ်အနိုင်ကစားကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။ ဆရီနာသည် ဗီးနပ်စ်ထက်နှစ်နှစ်ငယ်ရွယ်ကာ တွေ့ဆုံယှဉ်ပြိုင်ခဲ့သည့် ပွဲပေါင်း ၂၆ပွဲတွင် (၁၅)ကြိမ်အထိအနိုင်ယူနိုင်ခဲ့သည့် မှတ်တမ်းတစ်ခုကိုပါရရှိခဲ့ခြင်းလည်းဖြစ်သည်။

ဆရီနာသည် တစ်ရာသီအတွင်း ဂရင်းစလင်းဖလားလေးလုံးစလုံးဆွတ်ခူးရန်ပစ်မှတ်ထားနေသူဖြစ်ကာ အမေရိကန်အိုးပင်း၊ ဩစတြေးလျအိုးပင်းနှင့်ပြင်သစ်အိုးပင်းချန်ပီယံဆုများကိုရရှိထားခဲ့ပြီးဖြစ်သောကြောင့် ဝင်ဘယ်လ်ဒန်အိုးပင်းချန်ပီယံဆုတစ်ဆုသာ လိုအပ်သည့် အနေအထားပင်ဖြစ်သည်။ ၎င်းအနေဖြင့် အဓိကပြိုင်ပွဲကြီးများတွင် နောက်ဆုံးရှုံးနိမ့်မှုမှာ လွန်ခဲ့သည့်၁၂လက ဝင်ဘယ်လ်ဒန်ပြိုင်ပွဲ၌ဖြစ်သည်။

ဆရီနာက“ ကိုယ်ချစ်ခင်ပြီး ဂရုတစိုက်ရှိရတဲ့လူတစ်ယောက်ကို ပြိုင်ဘက်တစ်ယောက်အနေနဲ့ယှဉ်ပြိုင်ရတာ အရမ်းခက်ခဲပါတယ်။ ဒါပေမယ့် ကျွန်မတို့နှစ်ယောက်လုံးဟာ ပရော်ဖက်ရှင်နယ်ဆိုတဲ့ အဓိပ္ပာယ်ကို ကောင်းကောင်းနားလည်သဘောပေါက်ထားကြတဲ့သူတွေပါ။ အခုဆိုကျွန်မက (၃၃)နှစ်၊ သူက (၃၅)နှစ် ရှိနေပြီဆိုတော့ ဒီတစ်ခါတွေ့ဆုံမှုက ကျွန်မတို့နှစ်ယောက်ရဲ့နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုဖြစ်လာနိုင်ပါတယ်။ ဗီးနပ်စ်က အခုထိ စပေးရိုက်ချက်တွေနဲ့ ပြိုင်ဘက်တွေကို အနိုင်ယူနိုင်စွမ်းရှိနေဆဲပါပဲ။ ဒါကြောင့်အခု ကစားခဲ့တဲ့ပွဲက ပရိသတ်တွေအတွက် တကယ့်ကို ဖျော်ဖြေမှုအပြည့်အဝပေးနိုင်တဲ့ပွဲ ဖြစ်ခဲ့တာပါ”ဟု ပွဲအပြီး သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၂)သတ်မှတ်ခံရသူ ဖက်ဒ်ဒရာက ရော်ဘတ်တိုအော်ဂတ်အား ၆-၂၊ ၆-၂၊ ၆-၃ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ အလွယ်တကူပင်တက်ရောက်သွားနိုင်ခဲ့သည်။ဖက်ဒ်ဒရာသည် လက်ရှိတွင် ဝင်ဘယ်လ်ဒန်ချန်ပီယံဆုကို ခုနစ်ကြိမ်အထိဆွတ်ခူးထားနိုင်ခဲ့သော်လည်း ပီထ်ဆန်းပရက်စ်နှင့် ဝီလီရန်းရှောတို့၏ စံချိန်အားကျော်ဖြတ်ရန် နောက်ထပ်ဝင်ဘယ်လ်ဒန်ဖလားတစ်လုံး ထပ်မံလိုအပ်နေသေးသည်။

ဖက်ဒ်ဒရာနှင့် အော်ဂတ်တို့ကြား လက်စွမ်းနှင့် အတွေ့အကြုံကွာဟမှုမြင့်မားလွန်းသောကြောင့် ပွဲကစားချိန်မှာ တစ်နာရီ ၂၆ မိနစ်သာ ကြာမြင့်ခဲ့ပြီး ဖက်ဒ်ဒရာမှာ ကွာတားဖိုင်နယ်အဆင့်တွင် ဂဲလက်စ်ဆိုင်မန်နှင့်ရင်ဆိုင်ရမည်ဖြစ်သည်။

**မေလှဲ့သင်း**

# တန်ဖိုးအကြီးဆုံးလူငယ်ကစားသမားမှာ စတာလင်ဖြစ်

လက်ရှိလီဗာပူးတောင်ပံကစားသမားစတာလင်မှာ ဥရောပ၏ တန်ကြေးအကြီးဆုံးကစားသမားပင်ဖြစ်သည်ဟု အားကစားလောက စစ်တမ်းအသစ်တစ်ရပ်ကဖော်ပြသည်။ မန်စီးတီးက စတာလင်အတွက် ပေါင်သန်း၄၀ဖြင့် ကမ်းလှမ်းခဲ့ရာ လီဗာပူးဘက်မှ ပယ်ချခဲ့သော်လည်း စတာလင်၏တန်ကြေးကို ပေါင်၃၅သန်းဖြင့် အဆိုပါ စစ်တမ်း၌ဆက်လက်ဖော်ပြထားသည်။

အသက်(၂၁)နှစ်အောက် ကစားသမားများကိုသာ စာရင်းကောက်ယူထားပြီး ပီအက်စ်ဂျီကစားသမား မာကွီနိုက ပေါင်၂၈ဒသမ၈သန်းဖြင့်ဒုတိယ၊ မန်ယူ တောင်ပံတိုက်စစ်မှူး မန်းဖစ်ဒီပေးက ပေါင်၂၃ ဒသမ ၈ သန်းဖြင့် တတိယနေရာတွင်အသီးသီးရပ်တည်နေသည်။

ယင်းစစ်တမ်းအားပြုစုသူအယ်လ်ဆာဒါက ကစားသမား၏အသက်အရွယ်၊ ကစားရသည့်နေရာ၊ လက်ရှိကလပ်၊ စာချုပ်သက်တမ်းကြာမြင့်ချိန်၊ဈေးကွက်အနေအထားတောင်းဆိုမှုသွင်းယူနိုင်သည့် ဂိုးအရေအတွက်၊ နည်းစနစ်ကြွယ်ဝမှုအပြင် ဒဏ်ရာရရှိခဲ့မှု အခြေအနေများ အားလုံးကိုပါ ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

**မေလှဲ့သင်း**

# ဝပါးကွင်းလယ်ကစားသမား ကာပူးအား ဝက်ဖို့ဒ်ခေါ်ယူ



ပရီမီယာလိဂ်၏ မျက်နှာသစ်အသင်း ဖြစ်သည့် ဝက်ဖို့ဒ်အသင်းသည် စပါးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ကာပူးအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

ဝက်ဖို့ဒ်အသင်းသည် ကွင်းလယ် ကစားသမား ကာပူးအား ပြောင်းရွှေ့ကြေးပေါင် ၅ ဒသမ ၇ သန်းဖြင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကာပူးသည် ၂၀၁၃ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် တူးလော့စ်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့လာခဲ့သော်လည်း စပါးအသင်းနှင့်အတူ ခြေစွမ်းပြမကစားနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းတွင် ဘောလုံးရာသီနှစ်ရာသီကြာ ကစားခဲ့သော်လည်း ပရီမီယာလိဂ်ပွဲစဉ် ၂၄ ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့သည်။

စပါးအသင်းသည် တိုက်စစ်မှူး ဂါရတ်ဘေးလ်အား ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၈၆ သန်းဖြင့် ရောင်းချခဲ့ပြီးနောက် အသင်းအတွက် အားဖြည့်ရန် ပြီးခဲ့သည့် ဘောလုံးရာသီက ကစားသမားခုနစ်ဦး ခေါ်ယူခဲ့ရာတွင် တစ်ဦးအပါအဝင်လည်းဖြစ်သည်။ သို့ရာတွင် အသင်းတွင် ခြေစွမ်းမပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ကွင်းလယ်ကစားသမား ကာပူးအား ဝက်ဖို့ဒ်အသင်းသို့ ရောင်းချခဲ့သည်။

**(ငွေကြယ်)**

# ဗဟိုနောက်ခံလူ အော့တမန်ဒီအား ခေါ်ယူရန် မန်ယူအသင်းပစ်မှတ်ထားနေ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ချီလီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီးနောက် ၎င်းအား အိုးထရက်ဖို့ဒ်သို့ အရောက်ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

အသက် (၂၇) နှစ်အရွယ်ရှိ အာဂျင်တီးနား ဗဟိုနောက်ခံကစားသမား အော့တမန်ဒီသည် အာဂျင်တီးနားအသင်းအား ကိုပါအမေရိကဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ရေး အထောက်အပံ့ပေးခဲ့သည့် ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့သော်လည်း အာဂျင်တီးနားအသင်းသည် အိမ်ရှင်ချီလီအသင်းအား ရှုံးနိမ့်ခဲ့ရသည်။

မန်ယူအသင်းသည် နည်းပြ ဗန်ဟားလ်လက်ထက်တွင် ပေးဂိုး ၃၇ ဂိုးအထိ ရှိခဲ့ပြီး ရာသီကုန်ချိန်တွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၄)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ သို့သော် အဆိုပါပေးဂိုးမှာ နောက်တန်းခံစစ်ပိုင်း အားနည်းခြင်းကြောင့်ဖြစ်ပြီး အားနည်းချက်ရှိနေသည့် နောက်တန်းခံစစ်ကို အားဖြည့်ရန် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလ၏ ပထမဦးစားပေးကစားသမားအဖြစ် ခေါ်ယူရန်စီစဉ်လာခဲ့သည်။

ထို့ပြင် လက်ရှိကစားလျက်ရှိသည့် ဗလင်စီယာအသင်းကလည်း အသင်းအတွက် အကောင်းဆုံးကစားသမားတွေထဲက တစ်ဦးအဖြစ် သတ်မှတ်ထားခြင်းမရှိဘဲ ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည့် အသင်းများကိုလည်း ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းရရှိပါက ရောင်းချမည်ဟု လည်း ဆိုထားသည်။ သို့ရာတွင် ကိုပါအမေရိကဖလားပြိုင်ပွဲတွင်မူ အာဂျင်တီးနားအသင်းအတွက် အကောင်းဆုံးကစားပေးနိုင်ခဲ့သည်။

**(ငွေကြယ်)**



# ဗိုလ်လုပွဲတွင် ရှုံးနိမ့်မှုထက်နာကျင်ရသော ခံစားချက်မရှိဟု မက်ဆီဖွင့်ဟ

အာဂျင်တီးနားအသင်းခေါင်းဆောင် လီယွန်နယ်မက်ဆီက ဘောလုံးလောကတွင်ဗိုလ်လုပွဲ၌ ရှုံးနိမ့်သောခံစားမှုလောက် ဆိုးရွားနာကျင်သည့်ခံစားချက်မျိုးမရှိကြောင်း ဖွင့်ဟပြောကြားသည်။ မက်ဆီသည် ချီလီနှင့်ယှဉ်ပြိုင်ကစားခဲ့သည့် ကိုပါအမေရိက ဗိုလ်လုပွဲအပြီးတွင် အာဂျင်တီးနားအသင်းတာဝန်ရှိသူများကို ကျေးဇူးတင်ကြောင်းစာရေးသားပေးပို့ခဲ့ရာ အထက်ပါအတိုင်း ထည့်သွင်းရေးသားခဲ့ခြင်းဖြစ်သည်။ မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်၂၀၁၄ကမ္ဘာ့ဖလားနှင့် ၂၀၁၅ကိုပါအမေရိကဖလားတို့တွင် နှစ်နှစ်ဆက်တိုက်ဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့သော်လည်း နှစ်ကြိမ်လုံး၌ ချန်ပီယံဆုနှင့်ဝေးကွာခဲ့ကာ ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

အာဂျင်တီးနားအသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် ဂျာမနီတောင်ပံတိုက်စစ်မှူးဂေါ့ဇီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အချိန်ပို ၁၅ မိနစ်တွင် အရေးနိမ့်ခဲ့ရသလို ယခုကိုပါအမေရိကဖလားပြိုင်ပွဲတွင်လည်း ပင်နယ်တီအဆုံးအဖြတ်ဖြင့်ပင်ထပ်မံအရေးနိမ့်ခဲ့ရသောကြောင့် မက်ဆီအနေဖြင့် ချန်ပီယံဆုဖလားကိုင်မြှောက်ခွင့်လွဲချော်ခဲ့ရခြင်းဖြစ်သည်။

မက်ဆီသည် ဘာစီလိုနာအသင်းနှင့် ချန်ပီယံဆုဖလားပေါင်းမြောက်မြားစွာ ရရှိခဲ့သော်လည်း နိုင်ငံလက်ရွေးစင်အသင်းအတွက်မူ အဓိကဆုဖလားဆွတ်ခူးပေးနိုင်ခဲ့ခြင်းမရှိဘဲ ၂၀၀၄အေသင်အိုလံပစ်၌ အာဂျင်တီးနား လူငယ်အသင်းအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးနိုင်ခဲ့ခြင်းမှာ အမြင့်မားဆုံးစွမ်းဆောင်ပေးနိုင်မှုဖြစ်ခဲ့သည်။

**ရှိုင်ယန်ဟေဒင်**

## အားကစားလောက သတင်းတိုများ

- ဂျူဗင်တပ်အမှုဆောင်အရာရှိချုပ် မာရော့တာက ကွင်းလယ်ကစားသမား ဗီဒယ်လ်အား ရီးယဲလ်မှ ကမ်းလှမ်းမှုများပြုလုပ်နေသည်ဆိုသည်မှာ မဟုတ်ကြောင်းရှင်းလင်းပြောကြားခဲ့သည်။
- ဂျာမနီတိုက်စစ်မှူးဟောင်း ကလိုဆေးက ၎င်း၏ ကမ္ဘာ့ဖလားသွင်းဂိုးစံချိန်ကို ဂျာမနီတိုက်စစ်မှူး မူလာအနေဖြင့် ချိုးဖျက်နိုင်လိမ့်မည်ဟု ဆိုခဲ့သည်။
- ဘိုင်ယန်တောင်ပံတိုက်စစ်မှူး ဂေါ့ဇီ၏ခြေစွမ်းအားနည်းပြဂွါဒီယိုလာက ဖျက်ဆီးပစ်နေသည်ဟု ကစားသမား၏အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။
- အာဆင်နယ်ကွင်းလယ်ကစားသမား အိုဇေးလ်၏ အိပ်မက်အသင်းတွင် အာဆင်နယ်အသင်းမှ ကစားသမားနှစ်ဦးသာပါဝင်နေပြီး အသင်းဟောင်းရီးယဲလ်ကစားသမားမြောက်မြားစွာပါဝင်နေသည်ကို တွေ့ရသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် မန်ယူတောင်ပံတိုက်စစ်မှူး ဒီမာရီယာအားခေါ်ယူခွင့်ရရန် မူလာအပြင် အာဂျန်ရော်ဘင်ကိုပါ အလိုက်ပေး၍ကမ်းလှမ်းထားသည်ဟု သိရသည်။
- မန်ယူက မန်ယူဂိုးသမားဒီဂီယာနှင့် ရီးယဲလ် နောက်ခံလူ ရာမို့စ်တို့နှစ်ဦး ကလပ်အသင်းတစ်ခု တည်းတွင် မည်သည့်အခါမျှ အတူတကွ ကစားခွင့် ရလိမ့်မည် မဟုတ်ဟု ရီးယဲလ်မက်ဒရစ် တာဝန်ရှိသူများအား သတိပေးပြောကြားခဲ့သည်။
- မန်ယူနောက်ခံလူ ရာဖေးလ်က ၎င်းအနေဖြင့် ကလပ်အသင်းမှ ထွက်ခွာရန်အသင့်ရှိနေပြီဟု ပြောကြားခဲ့ပြီးနောက်ပိုင်း ဂါလာတာစာရေး၊ နာပိုလီနှင့် ဖီအိုရင်တီးနားတို့က ချိတ်ဆက်ကမ်းလှမ်းလာခဲ့သည်။


# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၇**

မြစ်ကြီးနား မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃ ရက်က မြစ်ကြီးနားမြို့ စံပြနယ်မြေ တပ်ကုန်းရပ်ကွက် အမှတ်(၂၆)နေ မလဖိုင်ကိုင်ဆိုင်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၁၈၁ ပြား သိမ်းဆည်းရမိခဲ့သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်နှင့် မူးယစ်တပ်ဖွဲ့စု(၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် ပန့်ခမ်းကျေးရွာအထွက် မူဆယ်-နမ့်ခမ်းသွား ကားလမ်းမပေါ်တွင် နမ့်ခမ်းမြို့ ကုန်းဆာကျေးရွာသို့ စိုင်းယီအောင် မောင်းနှင်သည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀ သိမ်းဆည်းရမိသဖြင့် စိုင်းယီအောင် (၅၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



**မလဖိုင်ကိုင်ဆိုင်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# တရားမဝင်လောင်စာဆီသယ်သူအား အရေးယူ

**ချောက် ဇူလိုင် ၇**

မကွေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ချောက်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် ည ၁၁ နာရီက နယ်မြေသတင်းစုံစမ်းနေစဉ် ပျဉ်းမလမ်းအတိုင်း အနော်ရထာ တံတားဘက်သို့ ချောက်မြို့ အမှတ် (၇)ရပ်ကွက်နေသူ ကျော်မိုးဦး(ခ) ဝင်းနိုင် (၄၃)နှစ် မောင်းနှင်သည့် 8G/--- လိုက်ထရပ်ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်လာသည့် တစ်ပီပါလျှင် ဓာတ်ဆီ ၄၅ ဂါလန်ခန့်ပါ ဓာတ်ဆီ ပီပါငါးလုံးနှင့် တစ်ပီပါလျှင် ဒီဇယ် ၄၅ ဂါလန်ခန့်ပါ ဒီဇယ်ပီပါ နှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် တရားမဝင် လောင်စာဆီများ သယ်ဆောင်လာသူ ကျော်မိုးဦး(ခ) ဝင်းနိုင်အား ချောက်မြို့နယ် မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

❏

# သပိတ်ကျင်းမြို့နယ်ရှိ ရွှေတူးဖော်နေသည့် ကုမ္ပဏီဝင်းအတွင်း မီးရှို့ဖျက်ဆီးမှုဖြစ်ပွား

**မန္တလေး ဇူလိုင် ၇**

သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု အင်းမကြီးလုပ်ကွက်တွင် မြန်မာစည်သူကုမ္ပဏီက အလုပ်သမားကျား၊ မ ၆၀ ဦးဖြင့် လုပ်ကိုင်လျက်ရှိရာ ဇွန်လလယ်ပိုင်းခန့်တွင် အဆိုပါ လုပ်ကွက်အတွင်း ရွှေပါဝင်မှုများသော ဖြုန်းချောတွေ့ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ပတ်ဝန်းကျင်မှ လူအင်အား ၅၀ ခန့်က ကုမ္ပဏီအလုပ်သမားများအား ခြောက်လှန့်မောင်းထုတ်၍ လုပ်ကွက်အတွင်း ဝင်ရောက်ကာ ဖြုန်းများတူးဖော်ရယူခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့သဖြင့် ကုမ္ပဏီမှအလုပ်သမားများနှင့် တင်းမာမှုရှိနေခဲ့ရာ တာဝန်ရှိသူများက အခြေအနေလေ့လာရန်နှင့် ကွင်းဆင်းစစ်ဆေးရန် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရွှေလုပ်ကွက်ရှိရာသို့ ဇူလိုင် ၆ ရက်တွင် သွားရောက်ခဲ့ကြောင်း၊ ညှိနှိုင်းဆွေးနွေးရန် ကြိုးစားသော်လည်း လက်မခံဘဲ မွန်းလွဲ ၁ နာရီခန့်က တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များအား လေးခွ၊ ခဲ၊ ဂျင်ကလိ၊ ယမ်းထုပ်၊ ပုလင်းပုံးများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းတို့ကုမ္ပဏီလုပ်ကွက်အတွင်း ဝင်ရောက်ခဲ့၍ ကုမ္ပဏီအလုပ်သမားများက ကာကွယ်သည့်အနေဖြင့် ခဲများဖြင့် ပြန်လည်ခုခံပစ်ခတ်ခဲ့ကြောင်း၊ ထို့နောက် လူအုပ်စုမှာ လုပ်ကွက်အတွင်း ဆိုင်ကယ်များ၊ ကားများနှင့် ဝင်ရောက်၍ အဆောက်အအုံများအား မီးရှို့ပြီး နာရီဝက်ခန့်အကြာ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် ၁၂ ဦး၊ ကုမ္ပဏီဝန်ထမ်း သုံးဦး၊ ရေထွက်ရွာသား ခုနစ်ဦးတို့(မစိုးရိမ်ရ) ထိခိုက်ဒဏ်ရာရရှိပြီး ကုမ္ပဏီ အဆောက်အအုံ လေးလုံး၊ မော်တော်ယာဉ်လေးစီး၊ ဆိုင်ကယ် ၁၉ စီး ပျက်စီးခဲ့ပြီး ယခုအခါ အခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သိရသည်။

**(မန်းကိုယ်ပွား)**

## (၃၁) နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ ဦးအောင်ဝင်း(ဗိုလ်ကြီး-ငြိမ်း)နှင့် မေမေ ဒေါ်စန်းစန်းသွယ်တို့၏ ၈-၇-၂၀၁၅ ရက်နေ့တွင် ကျရောက်သော (၃၁) နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်မှသည် သက်ဆုံးတိုင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် အတူတကွ လျှောက်လှမ်းနိုင်ပါစေကြောင်း ချစ်သားများက မေတ္တာပို့ ဆုတောင်းအပ်ပါသည်-

**သားကြီး - အောင်ခိုင်မွန်-အိခိုင်ကျော်**
**သားငယ် - သုဝဏ်**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

Mitsubishi Electric Corporation နှင့် Asia General Transformer Co., Ltd. တို့၏အကျိုးတူပူးပေါင်းဆောင်ရွက်မည့်

**Technical Transformer Agreement (230KV/100MVA) "Transformer" & Technical Assistance Agreement (11 KV Switchgear)**

သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားအား ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ထပ်မံ၍ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် -

- **U Aik Htun (Chairman)** Shwe Taung Development Co., Ltd.
- **U Ni (Managing Director)** Shwe Mi Industrial Co., Ltd.
- **U Kyaw Khaing (Chairman (CEO))** Myanmar AHla Construction Group
- **U Maung Maung Gyi (Managing Director)** Maung Maung Gyi Construction & Trading Co., Ltd.
- **U Kyaw Naing Oo (Chairperson)** NAING Group of Companies
- **U Aye Thaung (Director)** Comet Co., Ltd.
- **U Maung Maung Oo (Managing Director)** Shwe Super Light Co., Ltd.
- **U Kyin Tun (Managing Director)** Newest Garment Manufacturing Co., Ltd.
- **U Aik Yee (Vice Chairman)** Yadanar Theingi Co., Ltd.
- **U Kyaung Yu Wan (Vice Chairman)** Great Ayeyarwaddy Co., Ltd.
- **U Yone Mu (Chairman)** Green Light Treasure Co., Ltd.
- **U Tin Oo (Managing Director)** Y.Y.T Int'l Co., Ltd.
- **U Thaw Zin (Managing Director)** YTT Co., Ltd.
- **U Ye Mint (Managing Director)** Punyoma International Co., Ltd.
- **U Tin Latt (Managing Director)** Sein Diamond Paint Co., Ltd.
- **U Thein Han (Chairman)** Myanmar Pipes & Accessories Co., Ltd. (Tokyo Pipe)
- **U Soe Tint (Chairman)** Soe Electric & Machinery Co., Ltd.
- **U Aung Shwe (Chairman)** Fantasy World Co., Ltd.
- **U Kyaw Aung (Managing Director)** BENHUR Trading Co., Ltd.
- **U Kyi Soe (Managing Director)** Khit Thit Trading

## မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်များအသင်း မန္တလေးတိုင်းဒေသကြီး

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်း၊ မန္တလေးတိုင်းဒေသကြီး၏ သွားနှင့်ခံတွင်းဆရာဝန်ညီလာခံ (၂၀၁၅) ကို၊ ပြည်တွင်း၊ ပြည်ပ သွားနှင့်ခံတွင်း ဆေးပညာရှင်တို့၏ ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ သွားနှင့်ခံတွင်း ဆေးပစ္စည်းကိရိယာပြခန်းများ နှင့်အတူ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော သွားနှင့်ခံတွင်း ဆရာဝန်များ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်
- နေ့ရက် .... (၂၅.၇.၂၀၁၅) စနေနေ့၊ (၂၆.၇.၂၀၁၅) တနင်္ဂနွေနေ့
- အချိန် .... နံနက် (၈:၀၀) နာရီမှ ညနေ (၄:၃၀) နာရီအထိ
- နေရာ .... သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး။

ညီလာခံမှတ်ပုံတင်ကြေးမှာ (၃၀၀၀၀/- ကျပ်) ဖြစ်ပြီး

ဒေါက်တာကျော်သီဟ၊ ဒေါက်တာသက်နိုင်၊ ဒေါက်တာအောင်ဇေလတ် (သွား/ဆေး ၊ မန္တလေး။)
ပက်ဆိုးဒင့် သွားနှင့်ခံတွင်းဆေးခန်း (၆၈ လမ်း၊ ၂၆ × ၂၇ လမ်းကြား)(၀၉-၄၄၄၀၀၅၄၅၄)
ပုလဲဖြူ သွားနှင့်ခံတွင်းဆေးခန်း (၇၃ လမ်း၊ ၃၀ × ၃၁ လမ်းကြား) (၀၉-၆၈၀၆၈၁၀)
ပွင့်ဖူး သွားနှင့်ခံတွင်းဆေးခန်း (၆၃ × ၆၄ လမ်း၊ ၃၂ × ၃၃ လမ်းကြား၊ CAE လမ်းသွယ်) (၀၉-၂၁၀၀၀၈၀)
ထွန်း သွားနှင့်ခံတွင်းဆေးခန်း (၆၂ လမ်း၊ ၃၀ × ၃၁ လမ်းကြား) (၀၉-၂၀၀၀၆၃၃)
တို့တွင် (၁၀.၇.၂၀၁၅)နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း
မန္တလေးတိုင်းဒေသကြီး

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် အားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

### ဖခင်အမည်မှန်

မြောက်ဥက္ကလာပ၊ အ. ထ. က(၁)၊ အဋ္ဌမတန်း(G) မှ မောင်ကောင်းထက်ကျော်၏ ဖခင် အမည်မှန်မှာ ဦးတင်အောင်မြင့်ဖြစ်ပါကြောင်း။

**ဦးတင်အောင်မြင့်**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၈-၇-၂၀၁၅ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၀-၇-၂၀၁၅ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

— သတင်းဆောင်းပါး —

# လိပ်သောင်ပင်လယ်လိပ်မျိုး ထိန်းသိမ်းကာကွယ်စောင့်ရှောက်



ရွှေငါး

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းအရှည် ၂၃၈၂ ကီလိုမီတာခန့်ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းပိုင်ဆိုင်ထားပြီး မြန်မာနိုင်ငံကမ်းရိုးတန်းသည် နွေသမပိုင်းရာသီဥတု (Tropical Weather) နှင့် မုတ်သုံရာသီ ( Monsoon) ရောက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး ကမ်းရိုးတန်းသည် ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသဖြင့် ပင်လယ်ရေနေဇီဝမျိုးစုံမျိုးကွဲများ ပေါများကြွယ်ဝသော တိုင်းဒေသကြီးတစ်ခု ဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ပင်လယ်လိပ်များကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများအား ၁၉၈၆ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် SEAFDEC, ASEAN, CITES,IOSEAESifh CMS စသည့်အဖွဲ့များဖြင့် မျိုးသုဉ်းရှားပါးရေနေသတ္တဝါ (Endangered Species) အဖြစ်သတ်မှတ်၍ မျိုးထိန်းသိမ်းခြင်းလုပ်ငန်းများအား ပူးပေါင်းပါဝင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာပေါ်တွင် ပင်လယ်လိပ် ခုနစ်မျိုးတွေ့ရှိရပြီး မြန်မာနိုင်ငံတွင် ပင်လယ်လိပ်ငါးမျိုး နေထိုင်ကျက်စားလျက်ရှိပါသည်။

၎င်းပင်လယ်လိပ်များမှာ ပြင်သာလိပ် (Green Turtle)၊ လိပ်ကြက်တူရွေး (Hawksbill Turtle)၊ လိပ်စောင်းလျား (Latherback Turtle)၊ လိပ်လှောင်း (Olive Ridely Tuttle)၊ လိပ်ခွေး(Loggerhade Turtle)တို့ ဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၏ထူးခြားချက်မှာ ထိုပင်လယ်လိပ်ငါးမျိုးအနက် မြန်မာနိုင်ငံတွင် သတင်းအချက်အလက်ပျောက်ဆုံးနေသော လိပ်ခွေး (Loggerhade Turtle) အား တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ ကျောက်ဖျာကျေးရွာနေ ကမ်းနီးမျှောပိုက်ရေလုပ်သား ဦးဟန်စိုးက ၂၀၁၂ ခုနှစ် ဧပြီ ၁၂ ရက်က မြိတ်မြို့ မီးပြသစ်ယာတောင်ကျွန်းအနီး ရေပြင်တွင် စတင်တွေ့ရှိရပြီး မြန်မာနိုင်ငံတွင် တန်ဖိုးမဖြတ်နိုင်သော ပျောက်ဆုံးနေသော ရေသယံဇာတအရင်းအမြစ်တစ်မျိုးအား ပြန်လည်တွေ့ရှိရသဖြင့် နိုင်ငံတော်အတွက် ဂုဏ်ယူစရာဖြစ်ပါသည်။ လိပ်ကြက်တူရွေး (Hawksbill Turtle) မှာလည်း ဥချမှုသတင်းအချက်အလက်များပျောက်ဆုံးနေသော်လည်း လောင်းလုံးဘုတ်ကျွန်းတစ်ဝိုက်တွင် လိပ်ကြက်တူရွေးများဆုံးနေထိုင်ကျက်စားလျက်ရှိပါသည်။

တနင်္သာရီတိုင်းဒေသကြီးသည် ပင်လယ်လိပ်ကျွန်း၊ လိပ်သောင်ပေါများပြီး ပင်လယ်လိပ်ဥအထွက်များသောဒေသတစ်ခု ဖြစ်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းအရ ပင်လယ်လိပ်ကျွန်း လိပ်သောင်ပေါင်း ၁၅ ခု ရှိရာ ထားဝယ်ခရိုင်တွင် ဗျူကြီးဗျူက်လိပ်သောင်၊ ပြင်ကြီးကျွန်း၊ ဘဝါလိပ်သောင်၊ ကမ်းတောင်လိပ်သောင်၊ ပိတက်လိပ်သောင်၊ ပိုက်တဲလေးလိပ်သောင်၊ ဓမင်းဆိပ်လိပ်သောင်၊ မောင်းမကန်ဘုတ်ကျွန်း၊ လောင်းလုံးဘုတ်ကျွန်း၊ ပညစ်လိပ်သောင်၊ ရှင်မော်လိပ်သောင်၊ ကော့သောင်းခရိုင်တွင် လမ်ပိကျွန်း၊ ဒုံးကျွန်း၊ ပြင်စဘုကျွန်းတို့ ဖြစ်ပါသည်။ ၎င်းလိပ်သောင်များမှာ ယခင်နှစ်ပေါင်း ၂၀ မှ ၃၀ ခန့်ကထွက်ရှိလာသော ပင်လယ်လိပ်ဥများအား ဒေသတွင်းစားသုံးခြင်း၊ ရောင်းချခြင်းနှင့် အိမ်နီးချင်းထိုင်းနိုင်ငံသို့လည်းတင်ပို့ရောင်းချခဲ့ပါသည်။ ယခုအခါ လောင်းလုံးဘုတ်လိပ်သောင်၊ မောင်းမကန်ဘုတ်ကျွန်းလိပ်သောင်နှင့် ဗျူကြီးဗျူက်လိပ်သောင်များသာ ပင်လယ်လိပ်များ တက်ရောက်ဥချလျက်ရှိကြောင်း သိရပါသည်။

ထားဝယ်ခရိုင်အတွင်း လိပ်သောင်များလေလံတင်ရောင်းချခြင်းအား ၁၉၇၈ ခုနှစ်မှစတင်၍ ပင်လယ်လိပ်များတက်ရောက်ဥချလျက်ရှိသော ကမ်းရိုးတန်းတစ်လျှောက်ရှိ သဲသောင်များအား ပြည်တွင်းအခွန်ဦးစီးဌာနမှလည်းကောင်း၊ သစ်တောကြိုးဝိုင်းတွင်းကျရောက်သော လိပ်ကျွန်းလိပ်သောင်များအား သစ်တောဦးစီးဌာနမှလည်းကောင်း လေလံတင်ရောင်းချခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ လိပ်သောင်များ လေလံတင်ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများမှ အခွန်ရရှိရန် ဦးစားပေးဆောင်ရွက်ပြီး လိပ်ဥတူးဖော်ရာတွင် ဥပမာ ဥကျင်းတစ်ကျင်းတွင် လိပ်ဥ ၂၀ မှ ၃၀ ရာခိုင်နှုန်းခန့် မျိုးချန်ခြင်းစသည့် ပင်လယ်လိပ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အလေးပေးဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် ပင်လယ်လိပ်တက်ရောက်ဥချမှု တစ်နှစ်ထက်တစ်နှစ်ကျဆင်းလာကာ ယခုအခါ ပင်လယ်လိပ်များမျိုးသုန်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိခဲ့ရပါသည်။

စာရေးသူငယ်စဉ်က ပင်လယ်ကမ်းခြေရွာများတွင် အဘွားမှ ဈေးရောင်းပြီးအပြန်တွင် လိပ်ဥများဝယ်လာသဖြင့် မကြာခဏစားရပါသည်။ ယခုခေတ်လူငယ်များ လိပ်ဥများစားဖူးသူ ပင်လယ်လိပ်ကိုမြင်ဖူးသူများ မရှိသလောက်ဖြစ်နေပါပြီ။ ဝမ်းနည်းစရာကောင်းလှသည်မှာ အချိန်မီကာကွယ်ထိမ်းသိမ်းမှုမရှိပါက နောင်လာနောက်သားများ ပင်လယ်လိပ်အား ဓာတ်ပုံ၊ ပန်းချီ၊ Discovery Channel တို့မှာသာ တွေ့ရှိရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်း နေထိုင်ကျက်စားလျက်ရှိသည့် ပင်လယ်လိပ်ငါးမျိုးစလုံး ယနေ့အထိတွေ့ရှိရပြီး ပင်လယ်လိပ်မျိုးထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးအတွက်ကို ပြုပြင်ပြောင်းလဲသင့်ကြောင်းနှင့် မဆောင်ရွက်ပါက လာမည့်ဆယ်စုနှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံတွင် ပင်လယ်လိပ်များ ပျောက်ကွယ်မည်ဟု ပင်လယ်လိပ်သုတေသနပညာရှင် ဒေါက်တာကောလင်းလင်းပတ်စ်၏ သုတေသနပြုလေ့လာတွေ့ရှိချက်အရ သိရှိရပါသည်။ ယခင်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ၁၉၈၆ ခုနှစ်မှစတင်၍ မျိုးသုဉ်းရှားပါးအန္တရာယ်နှင့်ရင်ဆိုင်နေရသော ပင်လယ်လိပ်များကို မြန်မာနိုင်ငံကမ်းရိုးတမ်းတစ်လျှောက်ရှိ ကမ်းပေါ်ဒေသ၊ ပင်လယ်ရေမျက်နှာပြင်နှင့် ကျွန်းများအပါအဝင် မည်သည့်ဒေသမဆို သုတေသနရှာဖွေရန်မှအပ ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ နှောင့်ယှက်ခြင်းတို့အပြင် ဥကျင်းများမှ ဥများကို ရွှေ့ပြောင်းခြင်း၊ သယ်ယူခြင်း၊ တူးဖော်ခြင်း (သို့မဟုတ်) အခြားတစ်စုံတစ်ရာ နှောင့်ယှက်ခြင်းများ မပြုလုပ်ရန် ပိတ်ပင်တားမြစ်လိုက်ကြောင်း အမိန့်ကြေညာစာ၊ ညွှန်ကြားချက်များထုတ်ပြန်၍ ပင်လယ်လိပ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လာခဲ့ပါသည်။

လောင်းလုံးဘုတ်ကျွန်းလိပ်သောင်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ် လောင်းလုံးဘုတ်ကျွန်း (South Moscos Island) တွင်တည်ရှိပြီး လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာကမ်းခြေမှ ရေမိုင် ၁၀ မိုင်ခန့်ကွာဝေးပြီး ရေလမ်းတစ်ခုတည်းဖြင့်သာ သွားလာနိုင်ပါသည်။ ကျွန်း၏အကျယ်အဝန်းမှာ တောင်မှမြောက်သို့ ရှစ်မိုင်ခန့်၊ အရှေ့မှအနောက်သို့ တစ်မိုင်ခန့်ကျယ်ဝန်းပြီး သဲသောင်ပေါင်းရှစ်ခုရှိကာ ပင်လယ်လိပ်ဥချမှု အများဆုံးဖြစ်သော သိုင်းလိပ်သောင်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ပင်လယ်လိပ်သုတေသနစခန်းတစ်ခု ဖွင့်လှစ်ဆောင်ရွက်ထားရှိပါသည်။ ထိုကျွန်းပတ်ပတ်လည်တွင် ပင်လယ်လိပ်များအစာဖြစ်သည့် သန္တာကျောက်တန်းများ (Corals) နှင့် ပင်လယ်မြက်များ (Seagrasses) ပေါများစွာတည်ရှိကာ ပင်လယ်လိပ်စားကျက်နှင့် လိပ်ကျွန်းမှာ နီးကပ်စွာတည်ရှိသဖြင့် ပြင်သာလိပ်များ တစ်နှစ်ပတ်လုံးတက်ရောက်ဥချလျက်ရှိပါသည်။ ကျွန်း၏အရှေ့ဘက်တွင် စမ်းလှမ်းကျေးရွာ၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်၊ တောင်ဘက်တွင် မောင်းမကန်ဘုတ်ကျွန်း (Maddle Moscos Island)၊ ဟိန်းဇဲဘုတ်ကျွန်း (North Moscos Island)နှင့် မြောက်ဘက်တွင် မလိကျွန်းတို့ တည်ရှိပါသည်။

ပင်လယ်လိပ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအနေဖြင့် ပြင်သာလိပ်သားဖောက်ခြင်းလုပ်ငန်း(Hatching)၊ ပင်လယ်လိပ်မျိုးစိတ်များ မျိုးခွဲခြင်း (Classification)၊ အရွယ်အစား(Size)၊ အလေးချိန် (Weight)၊ တိုင်းတာခြင်း (Measuring)၊ ပင်လယ်လိပ်များ ရွှေ့ပြောင်းသွားလာရာလမ်းကြောင်း (Migration)၊ စားကျက်ဒေသ(Feeding Ground)၊ ပင်လယ်လိပ်အရေအတွက်များသိရှိရန် Inconel Tag (သတ္တုပြား) သင်္ကေတအမှတ်အသားပါသော နံပါတ်များရိုက်နှိပ်ခြင်း (Tagging)၊ ပင်လယ်လိပ်များအား မျိုးရိုးဗီဇသုတေသနပြုရန် ပင်လယ်လိပ်များ အသားစနမူနာ (Tissue Simple) ရယူခြင်းလုပ်ငန်း၊ ပြည်သူလူထု၊ ကျောင်းသူ၊ ကျောင်းသားများအား အသိပညာပေးလုပ်ငန်းများအနေဖြင့် ပညာပေးဟောပြောခြင်း (Awearness)၊ ဓာတ်ပုံ၊ ဗီဒီယိုများပြသခြင်း၊ မြေစိုက်ပိုစတာများစိုက်ထူခြင်း၊ ဌာနအတွင်း သင်တန်းများနှင့် ရန်ကုန်မြို့ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးတွင် ငါးလုပ်ငန်းဦးစီးဌာန အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ပင်လယ်လိပ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (IOSEA) တို့မှ ဌာနဝန်ထမ်းများ၊ တက္ကသိုလ်များမှဆရာ၊ ဆရာမများနှင့် အဖွဲ့အစည်းများအား ပင်လယ်လိပ်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာနှင့် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရန် သင်တန်းများပို့ချပေးခဲ့ပါသည်။

လောင်းလုံးဘုတ်ကျွန်းလိပ်သောင်မှ ပြင်သာလိပ်ဥချ (Nesting) မှာ ၂၀၀၆ မှ ၂၀၁၅ အထိ ၁၀ နှစ်အတွင်း ဥကျင်းပေါင်း ၈၃ ကျင်း ဥချခဲ့ပြီး တစ်နှစ်ပျမ်းမျှဥကျင်းကိုးကျင်း၊ ဥလုံးရေ ၇၂၈၉ လုံး ဥချခဲ့ပါသည်။ အခြားပင်လယ်လိပ်များ တက်ရောက်ဥချမှုမရှိပါ။ ပင်လယ်လိပ်သားပေါက်ထုတ်လုပ်မှု (Hatching) မှာ သားပေါက်ကောင်ရေ ၃၂၉၅ ကောင် ထုတ်လုပ်နိုင်ခဲ့ပြီး သားဖောက်ရရှိသော ပြင်သာလိပ်သားပေါက်များအား ပင်လယ်ပြင်သို့ ပြန်လည်မျိုးစိုက်ပေးနိုင်ခဲ့ပါသည်။ သားပေါက်အောင်မြင်မှု တစ်နှစ်ပျမ်းမျှရာခိုင်နှုန်း ၄၅ ရာခိုင်နှုန်းသာ ရရှိခဲ့ပါသည်။ တစ်နှစ်ထက်တစ်နှစ် သားပေါက်နှုန်းမှာ ကျဆင်းနေကြောင်း တွေ့ရှိရသည်။

ပင်လယ်လိပ်များ ရွှေ့ပြောင်းသွားလာရာလမ်းကြောင်း၊ အရေအတွက်၊ ကြီးထွားမှုများအား သုတေသနလေ့လာရန်အတွက် ပင်လယ်လိပ်များတွင် Tagging ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ပြင်သာလိပ်အကောင် ၂၀၊ လိပ်လှောင်း ၁၀ ကောင်၊ လိပ်ကြက်တူရွေး အကောင် ၂၀ စုစုပေါင်း အကောင် ၅၀ အား Tag ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပင်လယ်လိပ်များအား မျိုးရိုးဗီဇသုတေသနပြုရန် ပင်လယ်လိပ်များ အသားစနမူနာ (Tissue Simple) ရယူခြင်းလုပ်ငန်းမှ ပြင်သာလိပ် နှစ်ကောင်၊ လိပ်ကြက်တူရွေး အကောင် ၂၀၊ လိပ်လှောင်းသုံးကောင် စုစုပေါင်း ၂၅ ကောင်မှ ရယူခဲ့ပါသည်။

လိပ်ကျွန်းလိပ်သောင်များအပေါ် အန္တရာယ်ကျရောက်မှုမှာ လောင်းလုံးဘုတ်ကျွန်းလိပ်သောင်သည် သွားရေးလာရေးခက်ခဲခြင်း၊ ကျွန်းပေါ်တွင် လူနေထိုင်မှုမရှိခြင်း၊ ပင်လယ်ရေတိုက်စားမှုကြောင့် ပင်လယ်လိပ်တက်ရောက်ဥချသဲသောင်ဧရိယာများ ကျဉ်းမြောင်းလာခြင်း၊ ကမ်းရိုးတန်းတစ်လျှောက် ကမ်းခြေသဲသောင်များတွင် လူနေထိုင်မှုများပြားလာခြင်း၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလှေများကြောင့် မတော်တဆထိခိုက်သေဆုံးမှုများရှိခြင်း၊ အချို့ရေလုပ်သားများ ပင်လယ်လိပ်ဥ၊ အသားများကို စားသုံးမှုရှိခြင်း၊ ပင်လယ်လိပ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရေလုပ်သားများပူးပေါင်းပါဝင်မှုအားနည်းနေခြင်း၊ နွေရာသီတွင်ဥချသော လိပ်ဥများ သားပေါက်နှုန်းကောင်းသော်လည်း မိုးရာသီတွင် ဥချသောလိပ်ဥများ သားဖောက်ရာတွင် အောင်မြင်မှုမရှိခြင်း စသည့်အခက်အခဲများ ရှိနေပါသည်။

ထားဝယ်ဒေသခံများမှ ပင်လယ်လိပ်များ ဥချမည့်အချိန်ရောက်ပါက ဥနေကျနေရာအား မဖြစ်မနေလာရောက်ကြကြောင်း ပြောဆိုလေ့ရှိကြပြီး ထူးခြားသည်မှာ ၎င်းတို့သည် မိမိဇာတိမွေးရပ်ကိုသိသော သတ္တဝါမျိုးဖြစ်ပြီး သားပေါက်ခဲ့သော လိပ်ကျွန်းလိပ်သောင်မှ သားပါက်ပြီး ပင်လယ်ပြင်သို့ ထွက်ခွာသွားသော်လည်း အရွယ်ရောက်ချိန်တွင် မိမိဇာတိမွေးရပ်လိပ်သောင်သို့ လာရောက်ဥချလေ့ရှိသော သတ္တဝါမျိုးဖြစ်ပါသည်။

စမ်းလှမ်းကျေးရွာသား ဦးစစ်အေးမှ လိပ်မကြီး ဥဥပြီးလျှင် မျက်ရည်များစီးကျကာ ငိုလေ့ရှိကြောင်း ပြောသည့်စကားအရ စာရေးသူငယ်စဉ်အချိန် လိပ်ဥပျောက်လို့ လိပ်မရှာ သူ့ခမျာငိုမဲ့ငိုမဲ့ ကစားနည်းနဲ့ ကလေးဘဝ ပျော်စရာကစားနည်းအား သတိရလာကာ အမှန်စင်စစ် ဥဥရန် ပင်လယ်မှ ကုန်းပေါ်သို့တက်လာစဉ် ရေအငန်နှုန်းလျှော့ချရန်နှင့် ဥကျင်းတူးရာတွင် သဲ၊ အမှုန်များဝင်သဖြင့် မျက်ရည်များကျလာခြင်း ဖြစ်ပါသည်။ နိုင်ငံတကာပင်လယ်လိပ်ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သားပေါက်အကောင် ၁၀၀၀ လျှင် အရွယ်ရောက်ပင်လယ်လိပ်နှစ်ကောင်ခန့်သာ ရှင်သန်မှုနှုန်းနည်းပါးသဖြင့် မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ကျရောက်နေသော ရေသတ္တဝါတစ်မျိုးဖြစ်ပါသည်။

ထို့ကြောင့် ပင်လယ်လိပ်မျိုးထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်နိုင်မှသာ လိပ်ကျွန်းလိပ်သောင်များ ပပျောက်ခြင်းမှ ကာကွယ်နိုင်ပြီး ပင်လယ်လိပ်မျိုးမသုဉ်းစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန်လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



ဖတ်စရာ

# မဟာမုနိဘုရားကြီး၌ဘုရားဖူးများနေ့စဉ်စည်ကား



**ခ** တိမ်တမန်

မန္တလေးမြို့တွင် စိတ်ကိုကြည်နူးစေသည့်နေရာများစွာရှိသည်။ ကျုံးအနောက်ဘက်ခိုစာကျွေးသည့်နေရာ၊ မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရားရင်ပြင်မှ ပတ်ဝန်းကျင်ရှုခင်းကို ကြည့်နိုင်သည့်နေရာ၊ မန္တလေးကန်တော်ကြီးပန်းခြံ၊ ရှုခင်းသာပန်းခြံနှင့် အခြားပန်းခြံနေရာများပင်ဖြစ်သည်။ မန္တလေးမြို့တွင် မြို့ခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များကို စိတ်ငြိမ်းချမ်းမှု၊ စိတ်ကြည်လင်မှုကိုရရှိစေနိုင်သောအဓိကနေရာမှာ မဟာမုနိဘုရားကြီးပင်ဖြစ်သည်။

နေ့စဉ် ဘုရားဖူးများဖြင့်စည်ကားသလိုပင် ကောင်းမှုပြုနေသည့်အသံများ ခေါင်းလောင်းထိုး အမျှဝေသံများနှင့်အတူ ကြုံတောင့်ကြုံခဲ ညနေလေးနာရီ၊ နံနက်လေးနာရီတွင်တီးလေ့ရှိသည့် ဗုံတောင်သံသည် သာယာကြည်နူးမှုကိုပေးသည်။ နယ်ပယ်ပေါင်းစုံမှ လူငယ်များ၊ အမှုထမ်း၊ အရာထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်မှ ဆရာ၊ ဆရာမများအပါအဝင် စုပေါင်းဖွဲ့စည်းထားသည့် တနင်္ဂနွေအသင်းမှလည်း တနင်္ဂနွေနေ့ညနေတိုင်း လူငယ်အင်အား ၂၀၀ ခန့်စုပေါင်းကာ မဟာမုနိဘုရားကြီးရင်ပြင်တော်ပေါ်တွင် သန့်ရှင်းရေးလုပ်နေသည့်မြင်ကွင်းမှာ အားကျစရာကောင်းသလိုပင် စိတ်ကြည်နူးမှုကိုပေးလျက်ရှိသည်။

အထူးသဖြင့် သစ်ပင်ပန်းမန်များစိမ်းစိုနေအောင်ပြုလုပ်ထားသည့် ဘုရားကြီးပန်းခြံများမှာ လှပအေးချမ်းလျက်ရှိသည်။ လိပ်ကန်၊ ငါးကန်များအတွင်းမှ လိပ်နှင့်ငါးများကိုကုသိုလ်ပြုခြင်း၊ လိပ်ကန်ဘေးမှနာရီစင်အနီးတွင် ခိုစာများကျွေးနေကြသည်မှာ စိတ်လွတ်လပ်ကာ ပျော်ရွှင်ကြည်နူးမှုပေးနေသည်။ အခါကြီး ရက်ကြီးများသာမက နေ့စဉ်လူစည်ကားလျက်ရှိသော မဟာမုနိဘုရားကြီးသည် ဘုရားဖူးများကို ကုသိုလ်စိတ်များပွားများစေကာ စိတ်ကြည်လင်မှု၊ စိတ်ကြည်နူးမှုကိုပေးစွမ်းသော နေရာတစ်ခုအဖြစ် အသိအမှတ်ပြုထားကြသည်။ မြို့ခံများနှင့် နယ်မှဘုရားဖူးများမှာ မဟာမုနိဘုရားကြီးကို ရွှေချသည့်ကုသိုလ်ကို အထွတ်အမြတ်ထား လုပ်ဆောင်လေ့ရှိသည်။ မဟာမုနိဘုရားကြီး မျက်နှာသစ်တော်ရေယူခြင်းများကိုလည်း အလေးထားယူဆောင်ကြသည်။ ယခုအခါ မန္တလေးမြို့တွင် စိတ်ငြိမ်းချမ်းမှုကိုပေးစွမ်းသည့်နေရာ၊ စိတ်ကြည်နူးမှုကို ပေးစွမ်းသည့်နေရာ၊ ကုသိုလ်စိတ်တို့ဖြစ်ပေါ်ရာနေရာ၊ ပရဟိတလုပ်အားရှင်တို့၏ လုပ်အားအလှကိုမြင်တွေ့ရာနေရာ၊ ထူးခြားသောယဉ်ကျေးမှုဓလေ့ဖြစ်သည့် ဗုံတောင်သံသာကြားရသည့်နေရာအဖြစ် မန္တလေးမဟာမုနိဘုရားကြီးမှာ ထိပ်ဆုံးမှ တည်ရှိနေကြောင်း မြို့ခံတစ်ဦးကပြောသည်။

## ဝါးဖြူတောင်ကျေးရွာအုပ်စု အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်

**ရမည်းသင်း ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်နှင့် မိုင် ၂၀ ကျော်ကွာဝေးသော တောင်ပေါ်ဒေသဖြစ်သည့် ဝါးဖြူတောင်ကျေးရွာအုပ်စုအတွင်း အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၅ ရက်က ကျောင်းကုန်းကျေးရွာမူလတန်းကျောင်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးလှသွင်က ၂၀၁၅-၂၀၁၆ ပညာသင်နှစ် နိုင်ငံတော်အစိုးရမှ ကျောင်းနေအရွယ်မှစ၍ အထက်တန်းပညာရေးကိုသင်ကြားရာတွင် အခမဲ့သင်ကြားတက်ရောက်ခွင့်၊ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်စေရန် မြို့ပြနှင့်ကျေးလက် မခွဲခြားစေဘဲ နိုင်ငံတော်မှ ကျောင်းများကို အဆင့်တိုးမြှင့်ပေးနေသလို မြန်မာတစ်ပြည်လုံးရှိ မူလတန်းကျောင်းသား၊ ကျောင်းသူများကို ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံတို့ကိုလည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများကို ပုံနှိပ်စာအုပ်များ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ လုံခြုံရေးနှင့်ထုတ်လုပ်မှုမြှင့်တင်ရေးတာဝန်ခံ ဦးဆန်နီက ဝါးဖြူတောင်အုပ်စုအတွင်းရှိ အခြေခံပညာကျောင်းငါးကျောင်းအတွက် ကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ ဝါးဖြူတောင်အုပ်စု ချောင်းဖျားကျေးရွာအခြေခံပညာမူလတန်းကျောင်းအား မူလတန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကို မွန်းလွဲ ၂ နာရီတွင် ချောင်းဖျားရွာမူလတန်းလွန်ကျောင်းဝင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

## မော်တော်ယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေး အစည်းအဝေးကျင်းပ

**ရွှေဘို ဇူလိုင် ၇**

ရွှေဘိုမြို့ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက ဧဒင်ခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်က အဖွင့်အမှာစကားပြောကြားပြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးနေထွန်းဦးက မ. စ. က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မ. စ. က ကော်မတီအတွင်းရေးမှူး ဦးမြင့်ကျော်က ကော်မတီအစီရင်ခံစာများနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ရှင်းလင်းတင်ပြပြီး မော်တော်ယာဉ်အသင်းများ၊ ယာဉ်မှူး၊ ယာဉ်နောက်လိုက်များအား ဆုကြေးငွေ ငါးရာခိုင်နှုန်းကို တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ရွှေဘိုခရိုင်(ပြန်/ဆက်)**

## ရွှေဘိုမြို့တွင် စက်ပြင်ဆင်မှုသင်တန်းဖွင့်

**ရွှေဘို ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရေးရန်ပုံငွေအထောက်အပံ့ဖြင့်ဆောင်ရွက်သည့် လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်းဖွင့်ပွဲကို ရွှေဘိုမြို့ ရွှေနိုင်ငံခန်းမ၌ ဇူလိုင် ၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းလွင်က "ကျွန်တော်တို့ ရွှေဘိုခရိုင်ဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ စပါးကျီဖြစ်သလို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်များဆောင်ရွက်လျက်ရှိရာ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရေးဟာ အဓိကလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပါဝင်လျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆွေက "ရွှေဘိုခရိုင်အတွင်း စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းများဆောင်ရွက်ရာမှာ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုပြီး လုပ်ငန်းစဉ်အဆင့်ဆင့်ကို တလင်းပျောက်စနစ်ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် ထွန်စက်ကြီး ၅၅၆ စီး၊ လက်တွန်းထွန်စက် ၁၈၂၉၉ စီး၊ ကောက်ရိတ်စက် ၂၁ စီး၊ စပါးရိတ်စက် ၂၈ စီး၊ စပါးခြွေလှေ့စက် ၅၀၆၁ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၆၆ စီးကို တောင်သူများပိုင်ဆိုင်နေပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

အဆိုပါသင်တန်းသို့ ခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။

**ရွှေဘိုခရိုင်(ပြန်/ဆက်)**

## မိုးစပါးပုလဲသွယ် GW1 စံပြကွက်တွင် ထွန်ယက်သရုပ်ပြပွဲ ကျင်းပ



**မြိတ် ဇူလိုင် ၇**

မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် SAS ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ လယ်ယာထုတ်ကုန် တိုးတက်မြင့်မားစေရန်နှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းနိုင်စေရန်ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ ကွင်းအမှတ် ၂၅၃ ဦးပိုင်အမှတ်(၈၃/၃) တောင်သူ ဦးအေးလွင်ပိုင်လယ်ယာမြေတွင် မိုးစပါးပုလဲသွယ် GW1 ငါးဧက စိုက်ပျိုးရန်ဇူလိုင် ၆ ရက်က ခေတ်မီကူဘိုတာထွန်စက်ကြီးများဖြင့် တောင်သူပညာပေး ထွန်ယက်သရုပ်ပြပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းမြတ်စိုးနှင့် စိုက်တိုးမြှင့် ဝန်ထမ်းများ၊ စန္ဒဝတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းစိန်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စန္ဒဝတ်၊ ကျွဲကူး၊ ကျောက်ဖျာ၊ အင်္ဂမော်၊ တုံးဗျော၊ သဘွတ်၊မဇော့ကျေးရွာများမှ ဒေသခံများတက်ရောက်ခဲ့သည်။

ယခုစိုက်ပျိုးမည့် ပုလဲသွယ် GW1 စပ်မျိုးသည် တစ်ဧကအထွက်နှုန်း ၁၅၀ တင်း ထွက်ရှိနိုင်ပြီး အရည်အသွေးကောင်းမွန်သော စပါးမျိုးဖြင့်သာ သက်တမ်းအားဖြင့် ရက် ၁၁၀ သာရှိသဖြင့် စိုက်ပျိုးသူတောင်သူများအနေဖြင့် အချိန်တိုတိုဖြင့် ဝင်ငွေပိုမိုတိုးတက်နိုင်သော စပါးမျိုးဖြစ်ကြောင်း သိရသည်။

၎င်းမျိုးများကို မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများလက်ဝယ်သို့ တိုက်ရိုက်ဖြန့်ဖြူးပေးကာ စိုက်ပျိုးနည်းစနစ်များကိုလည်း အနီးကပ် အချိန်နှင့်တစ်ပြေးညီ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ခေတ်မီထွန်စက်ကြီးများဖြင့် ထွန်ယက်ခြင်းကြောင့် ထွန်ရေးနက်၍ ထယ်ရေးနက်ကာ ပေါင်းမြက်များကိုသေစေပြီး မြေချဉ်ဓာတ်ကိုလည်း လျော့ကျစေသဖြင့် အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သည့်အခြေအနေတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုစိုက်ပျိုးမည့် ပုလဲသွယ်စပါးမျိုးကဲ့သို့သော စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဖြူးလျက်ရှိသည့် မျိုးကောင်းမျိုးသန့်များသည် တစ်ဧကအထွက်နှုန်းမြင့်မား၍ အရည်အသွေးကောင်းမွန်သည့်မျိုးများဖြစ်သဖြင့် ဒေသခံတောင်သူများအနေဖြင့် ယခင်စိုက်ပျိုးလျက်ရှိသော မျိုးဟောင်းများနေရာတွင် အစားထိုးစိုက်ပျိုးသင့်ကြောင်း ဦးစီးမှူး ဦးဝင်းမြတ်စိုးက ပြောကြားခဲ့သည်။

၎င်းအထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးမှသာလျှင် အချိန်တိုတိုနှင့် ဝင်ငွေတိုးတက်၍ တောင်သူများ၏လူမှုစီးပွားဘဝများမြင့်တက်လာမည်ဖြစ်ကြောင်း ယခင်က ကျွဲ၊ နွား၊ လုပ်သားများကိုအခြေခံသည့် လက်မှုလယ်ယာစနစ်မှ ယနေ့မျက်မှောက်ကာလနှင့် လိုက်လျောညီထွေရှိသည့် နည်းပညာနှင့် ငွေကြေးအရင်းအနှီးလိုအပ်သော စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင်လည်း အရှိန်အဟုန်ဖြင့် ကူးပြောင်းနိုင်မည်ဖြစ်ကြောင်းအဆိုပါ ဦးစီးမှူးက ပြောခဲ့သည်။

တောင်သူတစ်ဦးချင်းစီတွင်ရှိသည့် မတူကွဲပြားသောပြဿနာများကို ဖြေရှင်းပေးရန် မိမိတို့ဌာနမှ တာဝန်ရှိသည်ဟု ခံယူသည့်အလျောက် တောင်သူများဘက်မှလည်း ပြုပြင်ပြောင်းလဲလိုသည့် ထက်သန်သည့်စိတ်ဖြင့် ပြောင်းလဲသင့်သည့်အရာများကို ပြောင်းလဲသွားရန် လိုအပ်ကြောင်း မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြတ်စိုးက ဒေသခံတောင်သူများအား ရှင်းလင်းစည်းရုံးပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မီးသတ်နည်းစာတွေ့လက်တွေ့သင်တန်းဖွင့်

**ထန်တလန် ဇူလိုင် ၇**

ထန်တလန်မြို့တွင် INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Save the Children ရုံးဝန်ထမ်းများနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်နည်းပညာ စာတွေ့လက်တွေ့သင်တန်းကို ထန်တလန်မြို့နယ် မီးသတ်တပ်ဖွဲ့ရုံး၌ ဇူလိုင် ၃ ရက်က ကျင်းပလျက်ရှိကြောင်း မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးမှ သိရသည်။

အဆိုပါသင်တန်းကို Save the Children အဖွဲ့က မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဝန်ထမ်းများ ပညာပေးသင်တန်း ဖွင့်လှစ်ပေးနိုင်ပါရန် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးထံသို့ တင်ပြလျှောက်ထားခြင်းကြောင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက စာတွေ့ရော၊ လက်တွေ့ပါ သင်ကြားပို့ချခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် Save the Children ဝန်ထမ်း ၁၅ ဦးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးဆွေးနွေး

**ဘောလခဲ ဇူလိုင် ၇**

ကယားပြည်နယ် ဘောလခဲမြို့တွင် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးဆွေးနွေးပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးဆွေးနွေးပွဲ အခမ်းအနားကို ဘောလခဲခရိုင်ပညာရေးမှူး ဦးထောင်တီလ်က အဖွင့်အမှာစကားပြောကြားပေးခဲ့သည်။ ဆက်လက်၍ ကျောင်းဆရာတစ်ဦးက အခြေခံပညာရေးဥပဒေမူကြမ်းကိုလည်းကောင်း၊ ဆရာမနှစ်ဦးက ပုဂ္ဂလိကပညာရေးဥပဒေမူကြမ်း၊ နည်းပညာနှင့် အသက်မွေးမှုဥပဒေမူကြမ်းများကိုလည်းကောင်း အသီးသီးဖတ်ကြားတင်ပြဆွေးနွေးခဲ့ကြသည်။

**လှရွှေ(ပြန်/ဆက်)**

## လျှော်ပင်ကျေးရွာမူလတန်းကျောင်းအဆင့်တိုးမြှင့်

**မင်းကင်း ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျောက်တန်းကျေးရွာအုပ်စု လျှော်ပင်ကျေးရွာ တွဲဖက်အခြေခံပညာမူလတန်းကျောင်းအဆင့်မှ အခြေခံပညာမူလတန်းကျောင်းအဆင့်သို့ တိုးမြှင့်ပွဲကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းအဆောက်အအုံရှေ့၌ ကျင်းပခဲ့သည်။

ယင်းကျောင်းအဆင့်တိုးမြှင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရီနှင့် ဒုတိယမြို့နယ်ပညာရေးမှူးဦးဌေးတို့က ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# လူလေးသို့ပေးစာများ –၁၉

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

မြသန်းတင့်



**လန်ဒန်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ ၁၇၄၉ ခုနှစ်**

**လူလေး**

ဘာလင်ကိုရောက်တော့ မင်းကိုဆီးကြိုကြတဲ့ အကြောင်းရေးလိုက်တဲ့စာကို ဖတ်ရလို့ ဖေဖေ ဝမ်းသာတယ်။

ဒါပေမယ့် အဲဒီလို ဆီးကြိုကြတာကို မင်းဘယ်လို တုံ့ပြန်တယ်ဆိုတဲ့အကြောင်းမင့် ဆရာမစ္စတာဟာတီ ရေးလိုက်တဲ့စာကိုဖတ်လိုက်ရတော့ ဖေဖေ ပိုပြီးတောင် ဝမ်းသာရသေးတယ်။

သရဖူဆောင်းတဲ့ ဘုရင်တွေကို မင်းတွေ့ရတဲ့အခါ သူတို့နဲ့ ထိုက်တန်သော လေးစားမှု၊ ကိုယ့်ကိုယ်ကို နှိမ့်ချမှုတို့နဲ့ မင်းဘယ်လို ဆက်ဆံပုံ၊ တစ်ချိန်တည်းမှာ ကိုယ်နဲ့ အဆင့်တူတွေကို ဆက်ဆံရတာမျိုးလောက်ပဲ ရှက်စနိုးဖြစ်နေပုံစသည်တို့ကို မင့်ဆရာက ရေးထားတယ်။ ဒီလို လွယ်ကူစွာ အရိုအသေပြုတတ်ခြင်းဟာ ယဉ်ကျေးရည်မွန်တဲ့ အပြုအမူတစ်ရပ်ပဲ။ အလွန်အဆင့်အတန်းမြင့်တဲ့ ဉာဏ်အမြော်အမြင်နဲ့ လောကကြီးကို သိမြင်နှံ့စပ်မှုတို့ကသာ ပေါ်ထွက်နိုင်တဲ့ အရည်အချင်းတွေဖြစ်တယ်။ မင်းအဖို့ ပြောရရင် ဒီအရည်အချင်းဟာ ဒုတိယအကြောင်းကြောင့်တော့ မဖြစ်နိုင်ဘူး။ ပထမအကြောင်းကြောင့်သာ ဖြစ်လိမ့်မယ်ဆိုတာ ထင်ရှားနေတယ်။

ခုဆိုရင် လအနည်းငယ်အတွင်းမှာ မင်းဟာ ဥရောပတိုက်က ထင်ရှားတဲ့ နန်းရင်ပြင်သုံးခုလောက်ကို ရောက်ခဲ့ဖူးပြီ။ ဘာလင်ရွှေနန်းရယ်၊ ဒရက်စဒင်ရွှေနန်းရယ်၊ ဗီယင်နာရွှေနန်းရယ်ပေ့ါ။

ဒါကြောင့် တူရင်ရွှေနန်းတော်ကို ရောက်ရင်လည်း ချောမောပြီး နောက်ဆုံးအချောသတ်အတွက် အသင့်ဖြစ်နေလိမ့်မယ်လို့ မျှော်လင့်တယ်။ အဲဒီမှာတော့ မင့်အတွက် အကောင်းဆုံးပညာရမှာပဲ။

တူရင်ရွှေနန်းတော်လောက် ရည်မွန်ယဉ်ကျေးပြီး နှစ်လိုဘွယ်ကောင်းတဲ့ လူတွေရှိတဲ့ နန်းရင်ပြင်မျိုးဆိုလို့ ဖေဖေတစ်ခုမှ မတွေ့သေးဘူး။ ဒီတော့ ရည်မွန် ယဉ်ကျေးခြင်း၊ ကိုယ်အမူအရာ သိမ်မွေ့ခြင်း၊ အပြောအဆိုယဉ်ကျေးခြင်းနဲ့ (ပြောရမယ်ဆိုရင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ) ဝတ်စားဆင်ယင်ခြင်းဟာ အရေးကြီးတယ်ဆိုတာကို အမှတ်ရပါ။ အဲဒီကိစ္စတွေအတွက် သတိထားသင့်သလောက်ထားပါ။

ကောင်းစွာအသုံးချတတ်တယ်ဆိုရင် နေ့တာဟာ အဲဒီအရာတွေအားလုံးအတွက် အလွန်ရှည်ပါတယ်။

နေ့တစ်ဝက်ကို မင်းရဲ့သင်ခန်းစာတွေနဲ့ လေ့ကျင့်ခန်းအတွက်အသုံးပြုရမယ်။ ကျန်တဲ့နေ့တာကိုတော့ အပေါင်းအဖော်များနဲ့နေရမယ်။ အဲဒီအချိန်ကတော့ မင်းရဲ့အပြုအမူများနဲ့ စရိုက်ကိုတိုးတက်ပြည့်စုံအောင် လုပ်ဖို့ဖြစ်တယ်။ ဒီမိုစသင်းကို မနက်ပိုင်းမှာဝေဖန်တဲ့ သဘောနဲ့ ဖတ်ပြီး သူ့ကို အခြားသူများထက် နားလည်အောင်ကြိုးစားပါ။ မွန်းလွဲပိုင်းမှာ နန်းရင်ပြင်မှာရှိတဲ့ အခြားသောသူများထက် ယဉ်ကျေးစွာပြုမူပါ။

ညနေပိုင်းမှာ အခြားသောသူများထက်ရွှင်မြူးစွာ အပေါင်းအဖော်များနဲ့ နေထိုင်ပါ။ ဒီအချက်တွေကို နှစ်သက်တယ်ဆိုရင် အသုံးပြုပါ။ မင်းမှာ နည်းလမ်းတွေရှိတယ်။ အခွင့်အလမ်းတွေရှိတယ်။ ဒီနည်းလမ်းတွေ၊ အခွင့်အလမ်းတွေကို ကောင်းရာကောင်းကျိုးအတွက် အသုံးပြုပါ။ ဖေဖေ မင်းကို ဖြစ်စေချင်တဲ့အတိုင်း အောင်မြင်ပေါက်မြောက်တဲ့ ယောက်ျားကောင်းတစ်ယောက်ဖြစ်အောင်လုပ်ပါ။ ဒီလိုဖြစ်အောင်လုပ်ဖို့ဟာ ဒီနှစ်နှစ်အတွင်းမှာ တည်နေတယ်။ ဒီနှစ်နှစ်ဟာ အဆုံးအဖြတ်ပေးမယ့်နှစ်တွေပဲ။

ဒီစာနဲ့အတူ ဗင်းနစ်မြို့မှာရှိတဲ့ မွန်စီယာ ကာပယ်လိုဆီကို ထောက်ခံချက်တစ်စောင်ရေးပေးလိုက်တယ်။ ရောက်ရောက်ချင်းဒီစာကိုသွားပေးပြီး သူနဲ့သူ့ဇနီးတို့ကို ဖေဖေက နှုတ်ဆက်လိုက်ကြောင်းပြောပြပါ။ သူတို့နှစ်ယောက်စလုံးကို မင်းလန်ဒန်မှာ တွေ့ဖူးပြီပဲ။ မွန်စီယာကာပယ်ဟာ မင်းကို ယဉ်ကျေးစွာဆက်ဆံပြီးဗင်းနစ်မှာ မင်းကို အကူအညီပေးနိုင်ပါလိမ့်မယ်။ သူလဲမကြာခင်မှာပဲ ရောမမြို့ကို သံအမတ်ကြီးအဖြစ်ပြောင်းရတော့မယ်။

စကားစပ်လို့ ပြောလိုက်ဦးမယ်။ မင်းရောက်လေရာရာမှာ ဗင်းနစ်မြို့သံအမတ်တွေဆီကို မကြာခဏသွားဖို့ ဖေဖေ အကြံပေးချင်တယ်။ ဗင်းနစ်သံအမတ်များဟာ သူတို့ရောက်ရှိရာနန်းတော်တွေ အကြောင်းကို အခြားသော သံအမတ်များထက်ပိုသိကြတယ်။ သူတို့အစိုးရဆီကို တိကျမှန်ကန်တဲ့ သတင်းတွေ ရေးပို့ရလေတော့ သူတို့ဟာ အမြဲလုံ့လဝီရိယ ရှိပြီး အမြဲ လေ့လာစူးစမ်းနေတတ်ကြတယ်။

မင်းလည်း ကာနီဗယ်ပျော်ပွဲကြီးပြီးအောင် ဗင်းနစ်မှာ နေဦးပေ့ါ။ မင်းကို ကျူရင်ကို မြန်မြန်ရောက်စေချင်ပေမယ့် ဗင်းနစ်မြို့လို ထူးခြားတဲ့မြို့တစ်မြို့မှာ ကြည့်စရာရှိတာကိုလည်း ကုန်စင်အောင်ကြည့်ခဲ့စေချင်တယ်။ အထူးသဖြင့် ခုလို ကာနီဗယ်ပျော်ပွဲကျင်းပတဲ့ စည်ကားချိန်မျိုးမှာ ပိုနေစေချင်တယ်။ ပြီးတော့နိုင်ငံခြားသား တွေကြည့်ခွင့်ရတဲ့ အစိုးရအဖွဲ့အစည်းဝေး သဘင်တွေကိုလည်း အထူးသတိထားပြီးကြည့်ခဲ့စေချင်တယ်။ ဆီးနိတ်လွှတ်တော် အစည်းအဝေးတို့ဘာတို့ပေ့ါ။ ဗင်းနစ်အစိုးရရဲ့ ထူးခြားဆန်းကြယ်တဲ့ အုပ်ချုပ်ရေးယန္တယားဖွဲ့စည်းပုံကိုလည်း လေ့လာစေချင်တယ်။ အဲဒီအကြောင်းရေးထားတဲ့ စာအုပ်တွေလည်းရှိတယ်။ အဲဒီထဲမှာ အကောင်းဆုံးကတော့ Amelot de La Houssaye ဆိုတဲ့ကျမ်းပဲ။ အဲဒီကျမ်းကို ကြိုတင်ဖတ်ထားစေချင်တယ်။ အဲဒီကျမ်းကို ဖတ်ရင် ဗင်းနစ်မြို့ပြနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ ယေဘုယျသဘောကို နားလည်ရုံမျှမက ဗင်းနစ်မြို့နဲ့ ပတ်သက်တဲ့ သိသင့်သိထိုက်တာတွေကို လည်းသိနိုင်တယ်။

ဗင်းနစ်မြို့က ပန်းပုတွေ၊ ပန်းချီကားတွေထဲမှာ မင်းလေ့လာသင့်တဲ့ ရှေးပန်းချီကျော်တွေ၊ ပန်းပုကျော်တွေရဲ့ လက်ရာတွေ အများကြီးကျန်သေးတယ်။

ဒီစာကိုရပြီး မကြာခင်မှာပဲ မင်းလည်း ဗီယင်နာကို ရောက်နေလိမ့်မယ်ထင်တယ်။ ဒီတော့ဗီယင်နာကို ရောက်ချိန်မှာ နောက်တစ်စောင်မရေးတော့ဘူးလို့ အောက်မေ့တယ်။

နောက်တစ်စောင်ရေးရင်လည်း ဖေဖေ ဗင်းနစ်မြို့ လိပ်စာနဲ့ပဲ ရေးလိုက်မယ်။ တူရင်ကိုမရောက်ခင်မှာ စာစောစော ရောက်နိုင်တဲ့ နေရာဟာ ဒီတစ်နေရာပဲရှိတယ်။ ဒါပေမယ့် မင်းကတော့ စာပို့တိုက်ရှိတဲ့နေရာတိုင်းက ဖေဖေ့ဆီကိုစာတည့်နိုင်တယ်။ စာထည့်လိမ့်မယ်လို့လည်း ဖေဖေမျှော်လင့်တယ်။

တစ်ချို့စာတွေကိုတော့ ဖေဖေဗီယင်နာလိပ်စာနဲ့ ထည့်လိုက်မယ်။ ဒါမှမဟုတ်ရင်လည်း ဗင်းနစ်မှာရှိတဲ့ မင့်ဘဏ်တိုက်လိပ်စာနဲ့ ထည့်လိုက်မယ်။ မင်းရောက်တာနဲ့ တစ်ပြိုင်နက် လူလွှတ်ယူပေတော့။

တစ်ချို့လူတွေလုပ်ကြသလိုကြည့်သင့်တဲ့ နေရာတွေ မကြည့်မိ၊ သိသင့်တာတွေကိုမသိဘဲ ပြန်လာမှာစိုးလို့ ဖေဖေဂရုတစိုက်စာရေးနေတာ။ အထူးသဖြင့် လူတွေနဲ့ ပြုမူဆက်ဆံပုံတွေကို မသိမှာစိုးတယ်။ မင်းကို ဘုရားသခင်စောင်မပါစေ။ ဖေဖေရဲ့ ဆန္ဒတွေကိုလည်း ဖြည့်စွမ်းနိုင်ပါစေ။ မျှော်လင့်နေမယ်ဆိုတာ ဖေဖေ ပြောလိုက်ပါတယ်။

**အားဒီးယူး။**

၀၀၀

**လန်ဒန်၊ ဇူလိုင် ၆ရက်၊ ၁၇၄၉ ခုနှစ်**

**လူလေး**

ခုချိန်လောက်ဆိုရင် မင်းလည်း ကျန်းမာရေး အခြေအနေ ပြန်ကောင်းလာလောက်ပြီလို့ ဖေဖေ ယူဆတယ်။

ဒါကြောင့် မင်းကျန်းမာရေးနဲ့ ပတ်သတ်လို့ ဖေဖေ ဘာမှ စိုးရိမ်သောက မဖြစ်တော့ဘူး။ အလားတူပဲ မင်းနဲ့ ပတ်သတ်တဲ့သတင်းတွေကို ရပြီးဖြစ်တဲ့အတွက် မင်းရဲ့ပညာသင်ကြားရေးနဲ့ ပတ်သတ်လို့လည်း ဖေဖေဘာမှ စိုးရိမ်သောက မဖြစ်တော့ဘူး။ အနာဂတ်မှာ မင်းနဲ့ ဖေဖေတို့ အပြန်အလှန်စာရေးကြမယ့် အကြောင်းအရာတွေဟာ နိုင်းယှဉ်ချက်အားဖြင့် ပြောရရင် သိပ်အရေးမကြီးတဲ့ အချက်အလက်တွေ အကြောင်းပဲဖြစ်နေတော့မယ်။ ဒါပေမယ့်အလွန်အရေးကြီးတဲ့ အကြောင်းတွေပဲ ဖြစ်နေသေးတယ်။ လူ့လောကကြီးအကြောင်း၊ ယဉ်ကျေးဖွယ်ရာမှု၊ အပြုအမူ၊ အနေအထိုင်နဲ့(အားလုံးက ခေါ်နေကြတဲ့) အသေးစား လိမ္မာရေးခြားရှိမှုကလေးတွေကို ဖေဖေဆိုလိုတာပါ။

အကြီးစားလိမ္မာရေးခြားရှိမှုကြီးတွေကို အပြည့်အဝတန်ဖိုးရှိအောင်၊ အပြည့်အဝတောက်ပပြောင်လက်အောင်လုပ်ပေးတဲ့နေရာမှာ အဲဒီအသေးစားလိမ္မာရေးခြားရှိမှုကလေးတွေဟာ လုံးဝလိုအပ်တယ်။

ဖေဖေ့မှာသာ ဒဏ္ဍာရီထဲကလို ကိုယ်ပျောက်စေနိုင်တဲ့ ဂိုင်ဂျီရဲ့ ကိုယ်ပျောက်လက်စွပ်ရှိခဲ့ရင်၊ တစ်နေရာကနေ တစ်ခြားတစ်နေရာကို ချက်ချင်းရောက်သွားနိုင်တဲ့ စက္ကောမအတတ်ကိုများ တတ်ခဲ့ရင် ဖေဖေရဲ့ ပထမဆုံးခရီးကတော့ ဗင်းနစ်မြို့ပဲပေ့ါ။ မင်းဘယ်လိုနေထိုင်သလဲဆိုတာ မင်းမမြင်ရဘဲ ကင်းထောက်ကြည့်ဖို့လေ။

ပထမဆုံး မင်းနဲ့ မင်းဆရာမစ္စတာဟာတီ မနက်စာစားကြတာကို ကြည့်မယ်။ မနက်စာစားပုံကို လာကြည့်ရင်း မင့်ဆရာကို လွတ်လွတ်လပ်လပ်၊ သဘာဝအတိုင်းပြောဆိုနေပုံတွေကို နားထောင်မယ်။ ဒီလို နားထောင်လိုက်ရင် မင်းရဲ့ ပင်ကိုယ်စိတ်ထားကို ဖေဖေ ကောင်းကောင်းအကဲခတ်နိုင်ပြီပေ့ါ။ အသုံးကျတဲ့ အကြောင်းအရာတွေနဲ့ ပတ်သတ်လို့ မေးသင့်မေးထိုက်တဲ့ မေးခွန်းတွေကို မေးနေတာ၊ အဲဒီနေ့ မနက်က သင်ခဲ့တဲ့သင်ခန်းစာတွေကို ပြန်လှန်ဆွေးနွေးကြတာ၊ ဒါမှမဟုတ် မနေ့က အဖြစ်အပျက်တွေကို ပြန်လှန်သုံးသပ်နေကြတာတွေကိုများ ကြားရရင် ဖေဖေ ဘယ်လောက်များဝမ်းသာမလဲမဆိုနိုင်ဘူး။ ပြီးရင် အဲဒီနေ့တစ်နေ့လုံး မင်းသွားတဲ့ အမျိုးမျိုးသော အပေါင်းအသင်းတွေဆီကို နောက်ကတကောက်ကောက်လိုက်နေမှာပဲ။ ပြီးတော့ဉာဏ်ရှိဂုဏ်ရှိသူတွေရဲ့ ရှေ့မှာ မင်းဘယ်လို ပြုမူနေထိုင်သလဲ၊ သူတို့နဲ့ဘယ်လို ဆက်ဆံသလဲဆိုတာကို မျက်စေ့ဒေါက်ထောက်ကြည့်နေမှာပဲ။

မင်းပြုမူနေထိုင်ပုံဟာ လွတ်လွတ်လပ်လပ်ရှိသည့်တိုင်ကဏ္ဍြေသိက္ခာရှိရဲ့လား၊ မင်းဟန်ပန်ဟာရှက်ရွံ့စိုးရိမ်ပုံမရသည့်တိုင်ရိုကျိုးနှိမ့်ချမှုရှိရဲ့လား ဆိုတာကို ကြည့်ချင်တယ်။ ပြီးတော့လည်း မင်းကို ပထမဆုံးအကြိမ်မြင်လိုက်တဲ့ သူတွေရဲ့စိတ်ထဲမှာ မင်းကို ဘယ်လိုထင်သွားကြသလဲဆိုတာ သူတို့စိတ်ထဲဝင်လိုက်ကြည့်လိုက်ချင်တယ်။ ဟန်ပန်တစ်ခုနဲ့ အပြုအမူတစ်ခုဟာ တစ်ဖက်သားရဲ့ အပေါ်မှာ ထင်မြင်ချင်တစ်ခုကိုဖြစ်စေတာချည်းပဲ မဟုတ်လား။ နောက်ပြီးတော့ ညနေပိုင်းမှာ မင်းရဲ့အမျိုးမျိုးသော အပေါင်းအသင်းတွေဆီကိုသွားရာမှာလည်း လိုက်ကြည့်ရဦးမယ်။ ဘုရားရှိခိုးကျောင်းတက်တာတို့ ညစာစားပွဲသွားတာတို့ကို လိုက်ပြီး မင်းရဲ့ညနေခင်း အပေါင်းအသင်းတွေဆီကိုလည်း လိုက်ကြည့်ရဦးမယ်။ သူတို့နဲ့အတူ မင်းသိက္ခာရှိရှိ၊ သိမ်သိမ်မွေ့မွေ့ အပျင်းဖြေသလား၊ မင်းရဲ့ရည်မွန်ယဉ်ကျေးမှုနဲ့ သိမ်မွေ့မှုတို့ဟာမင်းရဲ့ပညာဗဟုသုတအတွက် အသုံးဝင်ရဲ့လားဆိုတာကို ကြည့်ရဦးမယ်။

ဒီအချက်တွေမှာ ဖေဖေစိတ်တိုင်းကျသွားရင် ဖေဖေဟာ ချက်ချင်းရုပ်လုံးပေါ်လာပြီး မင်းကို ကိုယ်ထင်ပြမယ်။ ပြီးတော့ မင်းကို အားရဝမ်းသာ ဖက်မယ်။ ဒီလိုမဟုတ်ဘဲ ဖေဖေမျှော်လင့်ထားတာတွေနဲ့ တစ်လွဲဖြစ်နေမယ်ဆိုရင်တော့ ဖေဖေဟာ ကိုယ်ကို ဖျောက်မြဲဖျောက်ထားပြီး အိမ်ကို ကုပ်ကုပ်ကလေးပဲ ပြန်သွားတော့မယ်။ အိမ်ရောက်တော့မှ မင်းနဲ့ လောကကြီးကို စိတ်ပျက်လက်ပျက်ဖြစ်သမျှတွေကို ဖြေဖျောက်ရတော့မှာပဲ။ ဒါပေမယ့် ကံမကောင်း၊ အကြောင်းမလှချင်တော့ ဖေဖေပြောခဲ့တဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကိုယ်စောင့်နတ်၊ မြေစောင့်နတ်စတဲ့ တန်ခိုးရှင်တွေကလည်း ခုခေတ်မှာ မရှိကြတော့ဘူး။ တန်ခိုးမပြနိုင်ကြတော့ဘူး။ ဒီတော့ ဖေဖေမှာ မင်းနဲ့ ပတ်သတ်လာရင် မစ္စတာဟာတီ ပို့ပေးတဲ့ သတင်းတွေ၊ မင်းနဲ့တွေ့ခဲ့တဲ့ လူတွေရဲ့ ပြောစကားတွေနဲ့ပဲ ကျေနပ်ရတော့မှာပဲ။ ဒါပေမယ့် ဖေဖေဟာ မင်းအနားမှာ အမြဲရှိနေပြီး မင်းလုပ်သမျှတွေကို မြင်နေတယ်၊ ကြားနေတယ်လို့ မင်းနှလုံးပိုက်ထားမယ်ဆိုရင်လည်း မင်းအတွက် အကျိုးမယုတ်ဘူးလို့ ဖေဖေ ထင်တယ်။

လောကကြီးမှာ အရေး မကြီးတဲ့ ကိစ္စကလေးတွေကို အလျှော့ပေး သဘောတူလိုက်ရတဲ့အခါတွေရှိတယ်။

(ဒါမျိုးကို ပြင်သစ်တွေကတော့ ချစ်စရာကောင်းတဲ့ အလေ့လိုပြောလေ့ရှိကြတယ်။)ခုဆိုရင် မင်း ဟာ လောကကြီးထဲကို ဝင်ဖို့ခြေလှမ်းပြင်နေပြီ။ ဒီလို သဘောတူတတ်တဲ့ အတတ်ပညာမျိုးကို မင်းတတ်ရလိမ့်မယ်။ ဒီလိုမဟုတ်ရင် မင်းရဲ့ပညာတွေ၊ မင်းရဲ့လေ့လာမှုတွေဟာ စာအုပ်ကြီးဆန်နေမှာပေ့ါ။

တရားသေဆန်နေမှာပေ့ါ။ မင်းရဲ့ စကားပြောပုံဟာလည်း မဖွယ်မရာဖြစ်ပြီး အမြဲစိတ်မချမ်းမသာစရာဖြစ်နေမှာပေ့ါ။

မင်းရဲ့ပုံပန်းသဏ္ဌာန်ဟာလည်း ဘယ်လောက်ပဲ အချိုးအစားကျသည်ဖြစ်စေ ကို့ယို့ကားယား၊ ပုံပန်းမလှဖြစ်နေမှာပေ့ါ။

စိန်တစ်လုံးဟာ မသွေးရခင်ကတည်းက ကိုယ်ပိုင်တန်ဖိုးရှိတယ်။ ဒါပေမယ့် သွေးလို့မပြီးမချင်း ဘာမှတော့အသုံးမကျသေးဘူး။ ဘယ်သူကမှလည်း လိုချင်မှာ မဟုတ်ဘူး။ ဘယ်သူမှလည်း ဝတ်ဆင်မှာ မဟုတ်သေးဘူး။ စိန်ရဲ့ ပြိုးပြက်တဲ့ အရောင်ဟာ စိန်သားရဲ့ မာကျောမှု၊ အစိတ်အပိုင်းများရဲ့ ခိုင်မာတဲ့ စေးငြိဖွဲ့တွယ်မှုတို့ကပေါ်ထွက်လာတယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် သူ့ကို သွေးပြီး အရောင်တင်မပေးခဲ့ရင် စိန်ဟာခပ်ကြောင်ကြောင် စိန်စုဆောင်းသူတစ်ချို့ရဲ့ သေတ္တာထဲက ညစ်ပတ်တဲ့ အကြမ်းထည် သတ္တုခဲကြီးတစ်ခဲပဲ ဖြစ်နေမှာပေ့ါ။ မင်းမှာ အဲဒီလို မာကျောမှုမျိုး၊ အဲဒီလို ဖွဲ့စည်းမှုမျိုးတော့ရှိတယ်လို့ ဖေဖေမျှော်လင့်တယ်။ ဒီတော့ အရောင်ထွက်အောင်ကြိုးစားဖို့ပဲ လိုတော့တယ်။ ကောင်းစွာအသုံးချတတ်ရင် ကောင်းတဲ့အပေါင်းအသင်း (ကလျာဏမိတ္တအသိုင်းအဝိုင်း) ဟာ မင်းကို ပုံပန်းကျအောင် ဖြတ်တောက်ပေးပြီး တကယ်စစ်မှန်တဲ့ အရည်အသွေးထွက်အောင် အရောင်တင်ပေးလိမ့်မယ်။

စိန်အကြောင်းစကားစပ်မိလို့ ပြောလိုက်ရဦးမယ်။ စက်တင်ဘာလဆန်းလောက်ဆိုရင် ဘုရင်မင်းမြတ်ရဲ့ ဝန်ကြီးဖြစ်တဲ့ ဆာဂျိမ်းဂရေး ဗင်းနစ်ကို ရောက်လာလိမ့်မယ်။ သူနဲ့အတူ ဖေဖေနဲ့ မတော်တော့ဘဲ မင့်ခြေထောက်နဲ့ တော်မယ့် စိန်ကြိုးကလေးပေးလိုက်မယ်။ မင်းဝတ်ရင် အဆင်တန်ဆာဖြစ်မှာပဲ။ ဖေဖေဝတ်ရင်တော့ ကို့ယို့ကားယားဖြစ်မှာပေ့ါ။ ဆာဂျိမ်းဟာ ဗင်းနစ်ရောက်ရင် စိတ်ချယုံကြည်ရမယ့်သူကိုရှာပြီး မင်းဆီကို ပို့ပေးလိမ့်မယ်။ စိတ်ချရတဲ့သူ ရှာမတွေ့ခဲ့ရင် ဒါမှမဟုတ် သူမရောက်ခင် မင်းက ဗင်းနစ်က ထွက်သွားခဲ့ရင် မင်းရောက်တဲ့နေရာကို အရောက်ပို့ပေးဖို့ မင်းရဲ့ပစ္စည်းအပ်နှံသူ မွန်စီယာ ကောနက်ကို ပေးပစ်ခဲ့လိမ့်မယ်။ ခုဆိုရင် မင်းလည်း အရွယ်ရောက်ပြီ။ ဒီအရွယ်မှာ ကိုယ့်ကိုယ်ကိုယ်ဆင်ယင်မွမ်းမံခြင်းဟာ ရယ်စရာမကောင်းရုံမျှမက တင့်တယ်လျောက်ပတ်တဲ့ အရွယ်ဖြစ်တယ်။ ကဗျစ်ကညစ်နေခြင်းဟာ တစ်ဖက်သားရဲ့စိတ်ချမ်းသာမှုကို လျစ်လျူရှုရာရောက်တယ်။ ဒါမှ မဟုတ်ရင်လည်း အခြားသူများလိုက်နာကြတဲ့ နည်းလမ်းတွေကို မထေမဲ့မြင်ပြု ရာရောက်တယ်။

ကိုယ်ခန္ဓာပြည့်ဝစွာ သန့်ရှင်းရေးဟာ မင်းရဲ့ ကျန်းမာရေးအတွက် လိုအပ်တာပဲ။ ကိုယ့်ကိုယ်ကိုယ် သန့်ရှင်းခြင်း၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများကို ရေမြှုပ်နဲ့ မကြာခဏတိုက်ခြင်းဟာ ကျန်းမာရေးအတွက် အထောက်အကူဖြစ်ရုံမကဘူး၊ သန့်ရှင်းရေးအတွက် အထောက်အကူဖြစ်တယ်။ ပါးစပ်၊ သွား၊ လက်နဲ့ လက်သည်းများကို ဂရုတစိုက် သန့်ရှင်းအောင်လုပ်ခြင်းဟာ အထက်တန်းကျမှုကို ဖော်ပြတာဖြစ်တယ်။

အခြားသူများရဲ့ မျက်စေ့နဲ့နှာခေါင်းတို့ကိုလည်း မထိခိုက်အောင် လုပ်ရာရောက်တယ်။

ဒီစာနဲ့အတူ ရောမမြို့မှာရှိတဲ့ ပြင်သစ်သံအမတ်ကြီး နီဗာန္ဒိုင်းနယ်စားကြီးကို သွားပေးဖို့ ထောက်ခံစာတစ်စောင်ရေးပေးလိုက်တယ်။ သံအမတ်ကြီးဟာ ဖေဖေ့တစ်သက်မြင်ဖူးခဲ့သမျှတွေထဲမှာတော့ အချောမောဆုံး ယောက်ျားတစ်ယောက်ဖြစ်တယ်။ မင်းကိုယ်မင်း ပြုပြင်ချင်တယ်ဆိုရင် သူ့ထက်ကောင်းတဲ့ နမူနာစံပြမရှိတော့ဘူး။ အပြုအမူ၊ အသိမ်အမွေ့ဆိုတာ ဘာလဲဆိုတာကို မင်းကို ပြလိမ့်မယ်။ နောင်မှာ ရောမနဲ့ နေပဲလ်တို့ရောက်ရင် ဘယ်လိုနေရထိုင်ရမယ်ဆိုတာ ကိုလည်း ဆက်ရေးဦးမယ်။ အဲဒီမှာ အကောင်းဆုံးအထက်တန်းအကျဆုံး အသိုင်းအဝိုင်းတွေကို မပေါင်းအသင်းဘူးဆိုရင်တော့ မင်းအပြစ်ပဲ။

သွားလေရာမှာ ဂျာမနီလူမျိုးတော်တော်များများကို တွေ့မှာဖြစ်လေတော့ သူတို့နဲ့စကားပြောရင် ဂျာမန်စကားကိုပဲ အမြဲပြောစေချင်တယ်။ ဒီလိုပြောရင် မင်းလည်း ဂျာမန်စကား တိုးတက်လာမယ်။ ပြီးတော့သူတို့ကိုလည်း ယဉ်ကျေးသမှုပြုရာရောက်တယ်။

အီတလီကိုရောက်ရင် မင်းဟာ အီတလီစကားကို ပိုင်ပိုင်နိုင်နိုင်ပြောနိုင်မယ်ဆိုတာ ဖေဖေ ဘာမှသံသယမဖြစ်ဘူး။ မင်းသဘောကျမယ်လို့လည်း ဖေဖေယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ အီတလီစကားဟာ ပုံမှန်ဖြစ်ပြီး လွယ်လည်းလွယ်လို့ပဲ။

**အားဒီယူး၊**

**မင်းကို ဘုရားသခင် ကောင်းချီးပေးတော်မူပါစေ။**

**(ဆရာမြသန်းတင့်၏ လူလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ဘာ(လ်)ကီက နားမလည်ဟန် ကျွန်တော့်ကိုတစ်လှည့်၊ လှိုင့်ကိုတစ်လှည့် ကြည့်နေဆဲ။ လှိုင်သည် အခုတ်မခံရသေးဘဲ ကျန်နေသေးသော စွယ်တော်ပင်ပေါက်ကလေးတစ်ပင်၏ အနီးတွင် ဒူးထောက်ထိုင်ချလိုက်သည်။

လှိုင်သည် စွယ်တော်ပင်ကလေးအား တိရစ္ဆာန်လေးတစ်ကောင်ကို ကိုင်သည့်အလား ယုယစွာကိုင်ရင်း ကျွန်တော့်ထံ လှမ်းပြော၏။

" တော်ပါသေးရဲ့ အစ်ကိုမောင်၊ ဟောဒီမှာ တစ်ပင် ကျန်နေသေးတယ်။ ဘာ(လ်)ကီရေ . . . သွားစမ်း၊ တူရွင်း သွားယူခဲ့စမ်း "

ထုံးစံအတိုင်း ဘာ(လ်)ကီသည် လှိုင့်အမိန့်ကို နာခံ၍ ခြံတွင်းသို့ ဝင်သွား၏။ ကျွန်တော်ကသာ လှိုင့်အပါးကပ်သွားပြီး မေးသည်။

" ဘာလုပ်ဖို့ တူရွင်း ယူခိုင်းတာလဲ လှိုင် . . . "

"ဒီစွယ်တော်ပင်ကလေးကို တူးယူပြီး ခြံထဲမှာ ရွှေ့စိုက်မလို့ . . . "

"ဩော် . . . လှိုင်ရယ်၊ အပင်ပန်းခံလို့၊ ဟိုဘက်လမ်းဘေးမှာ စွယ်တော်ပင်တွေ အများကြီးရှိသေးတာပဲ ဥစ္စာ"

"လမ်းဘေးမှာရှိတာ လှိုင်သိသားပေါ့။ လမ်းဘေးပေါက်နေတာတောင် ဘယ်လောက်လှသလဲ။ ခြံထဲမှာ ယုယုယယ စိုက်ထားရင် ပိုလှမှာပေါ့။ ပိတောက်အကြောင်း ဆရာဇော်ဂျီစပ်ထားတဲ့ စာတစ်ပိုဒ်ရှိတယ်။ ဘာပါလိမ့်။ ဩော် . . . ဩော် . . . သူလည်းလေ လောကီသားပေမို့ . . . တဲ့။ စွယ်တော်ပင်ကလေးဟာလည်း လောကီသားပေမို့၊ အယုအယ ခံချင်မှာပေါ့ . . . နော် . . .။ မဟုတ်လား . . . အပင်ကလေးရယ် . . . " လှိုင်က စွယ်တော်ပင်ကလေးနှင့်ပင် စကားဆိုနေပြန်ချေ၏။

တူရွင်းနှင့် ဘာ(လ်)ကီ ပြန်ရောက်လာသောအခါ လှိုင်သည် အမြစ်များကို မထိခိုက်အောင်ညွှန်ကြား၍ တူးစေသည်။ တူးပြီးသောအခါ ခြံတွင်းသို့ ယူလာစေ၏။

"ဘယ်နားစိုက်ရမလဲ။ ဟော . . . အကြံရပြီ။ စွယ်တော်စင်ဆိုတာ နန်းဦးမှာ ရှိသတဲ့။ စွယ်တော်ပင်ဟာလည်း အိမ်ဦးမှာ ရှိရမှာပေါ့။ မဟုတ်ဘူးလား အစ်ကိုမောင်။ ဘာ(လ်)ကီ လာ . . . လာ ဒီနားမှာစိုက် "

လှိုင်သည် သူ့အဆိုသူပြု၊ သူ့ဘာသာသူ ထောက်ခံဆုံးဖြတ်၍ စွယ်တော်ပင်လေးကို ကျွန်တော့်အိမ်ဦး၌ စိုက်စေသည်။

ဘာမျှပြန်မပြောနိုင်သော ကျွန်တော်သည် လှိုင်လုပ်သမျှကို အလိုက်သင့်ကြည့်နေရသည်။

စွယ်တော်ပင်ကလေးကို မြေ၌ စိုက်ပြီးသောအခါ ဘာ(လ်)ကီက ရေလောင်းပန်းကရားလေးကိုသွားယူ၏။

လှိုင်သည် ပန်းကရားကို လှမ်းယူပြီး သူကိုယ်တိုင် ရေလောင်းသည်။ ကိစ္စအားလုံးပြီးသောအခါ မိမိထင်ရာကို လုပ်ပြီးသဖြင့် ကျေနပ်သော ကလေးငယ်တစ်ဦးပမာ အသံလေးများထွက်အောင် ရယ်လိုက်၏။

"ကြည့်စမ်း အစ်ကိုမောင်။ ဝမ်းသာလွန်းလို့ စွယ်တော်ရွက်ကလေးတွေက လှိုင့်ကို လက်ခုပ်တီးပြနေတယ်။ လိပ်ပြာတောင်ခတ်တာနဲ့ မတူဘူးလား။ နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်နေတဲ့ ချစ်စရာကလေးတွေပါ။ မမခိုင် လာမှပြပြီး ကဗျာတစ်ပုဒ်စပ်ခိုင်းရဦးမယ်သိလားအစ်ကိုမောင်"

ကျွန်တော်က မဖြေနိုင်။ လှိုင် မမြင်အောင် မျက်နှာလွှဲ၍ သက်ပြင်းကိုသာ ရှိုက်လိုက်မိပါ၏။

တောင်ကြီး၏ ဆောင်းရာသီသည် ငွေနှင်းမှုန်မှုန်ပန်းထုံထုံနှင့် ဆိုက်ရောက်လာသောအခါ မကြုံဖူးသူ ခိုက်ခိုက်တုန်အောင် အအေးဓာတ်လည်း ကဲလွန်းပြန်ခဲ့၏။ နိုင်ငံရေးရာသီသည်သာ မအေးပါ။

ဖဆပလ တစ်ခြမ်းကွဲအဖြစ်မှ ပြည်သူ့အသည်းကြားက မဲတစ်ပြားကို အများစုရယူ တန်ခိုးထွားလာသော ပထစအဖွဲ့ကြီးသည် ဦး၊ ဗိုလ်၊ သခင်ဟူ၍ ကျော်ကြားမကောင်းအောင် ဖုံးဖိမရ သုံးခြမ်းထပ်ပဲ့တော့၏။

လွတ်လပ်ပြီးသည်မှာဘက် ဘယ်ခရီးကြမ်းတစ်လျှောက်တွင် ပြည်ထောင်စုအပေါ် တာဝန်သိစွာသစ္စာရှိသောကချင်ပြည်နယ်ဆီ၌ ဝမ်းနည်းဖွယ် လှုပ်ရှားထကြွမှုများပေါ်ပေါက်လာခဲ့၏။

ရှမ်းပြည်နယ်တွင်မူ ပြည်သူအများကို ဆယ်ရာစုနှစ်ကံကြွေးချ စနစ်ထမ်းပိုးအောက်မှ လွတ်မြောက်ခွင့် မပေးလိုကြသူ တစ်သိုက်က ဖက်ဒရယ်မူနှင့် မျက်လှည့်ပြကာ သီးခြားထောင်ထားရန် စည်းရုံးလှုပ်ရှားနေကြ၏။

ကြားရ၊ မြင်ရ၊ ကြုံရသမျှတို့၌ စိတ်ချမ်းသာဖွယ် တစ်ကွက်မျှ မရှိ။

ခေတ်အမြင်ရှိ၍ သမိုင်းစဉ်ကို မျက်ခြေမပြတ်သူအများက ပြောင်းလဲမှု တစ်စုံတစ်ရာကို စောင့်မျှော်ငံ့လင့်နေကြသည်။ စောင့်မျှော်ငံ့လင့်နေကြသော ပြောင်းလဲမှု ဆိုသည်မှာလည်း အကောင်းအတွက် ပြောင်းလဲမှုကိုသာ ဖြစ်သည်။ အခြေအမြစ်မှစ၍ တစ်ဟုန်ထိုး ပြောင်းလဲမှုမျိုးသာ ဖြစ်ပါ၏။

အကောင်းအတွက် အခြေအမြစ်မှစ၍ တစ်ဟုန်ထိုး ပြောင်းလဲခြင်းဆိုသည်မှာ တော်လှန်ရေးပင်ဖြစ်ပါ၏။

တော်လှန်ရေးကို မျှော်မိကြသူအများတွင် ကျွန်တော်လည်း ပါသည်။ ဖာရာ၊ ထေးရာ၊ ဆွေးရာပျက်ရာ အပြည့်နှင့် ဤနိုင်ငံအိမ်အိုကို ပြုပြင်တည်ဆောက်ရန် အခြားနည်းလမ်း ဘယ်မမြင်။

ကံကောင်းသည်မှာ လူ့အသက်ကိုသာ ကိုင်တွယ်ကုသရန်းကန်နေရသော ကျွန်တော်တို့၏ ဆရာဝန် လောကဆီသို့ နိုင်ငံရေးဂယက်များသည် တိုက်ရိုက်ပုတ်ခတ်မလာ။ လူနာရောဂါကိုသာ ခွဲစိတ်ကုသတတ်သော ကျွန်တော်တို့၌လည်း ဤနိုင်ငံရေး နာတာရှည်ကြီးကို ကုသရန် ဆေးမရှိ။

အများပြည်သူတို့နည်းတူ အကောင်းအတွက် ပြောင်းလဲမှုကို မျှော်လင့်မိခြင်းသာရှိသည်။

ထိုနှစ် ဆောင်းအစတွင် သူငယ်ချင်း ဒေါက်တာတို့နှင့် လမ်းအရေးပိုင် ဦးမြင့်သောင်း အဆွယ်ကောင်းသဖြင့် ကျွန်တော်ဂေါက်သီး စ,ရိုက်သည်။ ဤကစားနည်းကား စွဲမိလျှင် အလွန်ဆိုး၏။ အားလပ်သည်နှင့် တစ်ပြိုင်နက် ဂေါက်ကွင်းသို့ မသွားဘဲ မနေနိုင်။ အခြေအနေ အကြောင်းကြောင်းကြောင့် ဂေါက်ကွင်းသို့ မသွားနိုင်သော ညနေမျိုး၌ပင် ခြံတွင်း မြက်ခင်းပေါ်တွင် လေ့ကျင့်ရိုက်နေမိတတ်သည်။

ကျွန်တော်နှင့် တပူးတွဲတွဲ မခွဲတမ်းရှိနေသူ လှိုင်သည် ဂေါက်သီးရိုက် ဝါသနာပါလာ၏။ လှိုင်ဝါသနာပါသောအခါ ကျွန်တော်ကလည်း တတ်သမျှ မှတ်သမျှ တစ်ဆင့်သင်ပေးသည်။ မကြာမီ လှိုင်ကလည်း ကျွန်တော်နှင့် ဂေါက်ကွင်းသို့ မှန်မှန် လိုက်ပါတော့၏။

ချယ်ရီတို့ လှိုင်လှိုင်ပွင့်သော ဒီဇင်ဘာလနောက်ပိုင်းတစ်နေ့တွင် ကျွန်တော်သည် မည်သို့မျှ မမျှော်လင့်သော ကိုကို့ထံမှ စာတစ်စောင်ရသည်။ အလုပ်သည် ဘဝ၊ ဘဝသည် အလုပ်ဖြစ်နေသော ကျွန်တော့်ကိုကိုထံမှ စာဟူ၍ ရခဲ့သည်။ ကျွန်တော်တို့ ညီအစ်ကို၏ မေတ္တာနှောင်ဖွဲ့မှုသည် စာမှန်မှန်ရေးခြင်းကဲ့သို့ အပေါ်ယံဆက်ဆံရေးတို့၌ မတည်။ နှလုံးသားတို့၌သာရှိနေသော တူညီသည့် ယုံကြည်မှုတို့ပေါ်မှာသာ တည်နေသည်။ ထို့ကြောင့်ပင် ကိုကို့ထံမှ စာရသောအခါ ကျွန်တော် အံ့ဩမိသည်။

အစပိုင်းတွင် ကိုကိုသည် မူမရှိ၊ လမ်းစဉ်မရှိသူတို့ နိုင်ငံတော်သဘော်ကြီး မာလိန်မှူးတက်ဖြစ်နေသောကြောင့် စိုးရိမ်ကြောင်း၊ အသက်သွေးပေါင်းများစွာ စတေး၍ တည်ထားရသော ပြည်ထောင်စုကြီးမှာမူ အမှားနှင့်လူမတရားတို့ကြောင့် ပျက်ပြားပြိုကွဲရမည်ကို မရှုရက်ကြောင်း . . . စသည်တို့ကို ဖော်ပြထား၏။

စာနောက်ပိုင်းတွင် သူအဓိက ဆိုလိုရာကို သူ့ဝသီအတိုင်းလိုရင်းမိအောင် တိုတိုတုတ်တုတ်နှင့်ရေးထား၏။

အဲဒါတွေက . . . စကားစပ်လို့ ရေးမိတာပဲ။ ကိုကို ပြောချင်တာ တစ်ခုကတော့ရှင်းရှင်းပဲကွာ . . .။

မောင့်ကို လှိုင်နဲ့ ပေးစားချင်တယ်။ဘယ့်နှယ်လဲ . . .။

အရွယ်ရောက်ပြီး အလုပ်အကိုင် အတည်တကျရှိနေသူတိုင်း အိမ်ထောင်ပြုရတယ်။ ဒါဟာ လူ့ဝတ္တရားပဲ။ အဲ . . . လူ့မင်္ဂလာလည်း ဟုတ်တယ်ကွဲ့။

မောင့်မှာ ရာထူး . . . ဘွဲ့ထူးကောင်းကောင်းတွေ လက်ကိုင်ရှိနေပြီ။ ဒါတွေ လက်ကိုင်ပြု၊ လူပျိုကြီးလုပ်ပြီး ရှုပ်နေမှာမျိုးကိုလည်း ကိုကို မကြိုက်ဘူး။

လှိုင်ဟာ . . . မောင်နဲ့ အသင့်တော်ဆုံးပဲလို့ ကိုကို ထင်တယ်။ ဖေဖေနဲ့ မေမေကလည်းသဘောတူတယ်။ မမမြိုင်ကလည်း သဘောတူတယ်။ ကိုကိုကလည်း သဘောတူတယ်ကွာ။

မောင့်မှာ တခြားချစ်သူရှိနေရင်တော့ သဘောပဲ။ မချစ်သူကိုတော့ မယူကြနဲ့။

မောင်တို့ချင်း သဘောမျှနိုင်ကြမယ်ဆိုရင်တော့ မြန်မြန်လက်ထပ်ကြစေချင်တယ်။ ကြီးကြီးကျယ်ကျယ် အကုန်ခံမင်္ဂလာဆောင်တာမျိုးတော့ မထောက်ခံချင်ဘူး။

လှိုင့်ဆီကိုလည်း မင်းမမမြိုင်က စာရေးလိုက်ပြီးပြီ။

**ကိုကို ...**

ကိုကို့စာကြောင့် တစ်ညလုံးလိုလို ကျွန်တော် မအိပ်နိုင်။ မအိပ်နိုင်သည်မှာ စဉ်းစားရသောကြောင့်ဖြစ်သည်။

နောက်တစ်နေ့ အိပ်ရာမှ ထသောအခါ ကျွန်တော်သည် အိပ်မက်မှ လန့်နိုးလာသူပမာ ဖြစ်နေသည်။

စင်စစ်မူလည်း ကျွန်တော့်အတွက် အိပ်မက် မဟုတ်လေသော ဘဝကို အမှန်တရားဖြင့် ရင်ဆိုင်သင့်ချိန်တန်ပါလေပြီ။

ညနေတွင် လှိုင့်ကို ဖီးယက်ကားလေးဖြင့် ကျွန်တော်သွားခေါ်သည်။ ကားကို အိမ်၌ ထားခဲ့ပြီး လှိုင်နှင့် ကျွန်တော်သည် ကောင်စီလမ်းမကြီးအတိုင်း လျှောက်လာကြသည်။

လမ်းတစ်လျှောက်တွင် ချယ်ရီတို့က ပင်လုံးကျွတ် ပွင့်ဝေနေကြသည်။ လှိုင်က ထိုညနေ၌ အထူးနှုတ်နည်းနေ၏။ မျက်တောင်ကော့များကို စင်း၍ မျက်လွှာချရင်း အသာလျှောက်နေသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း အတန်ကြာနှုတ်ဆိတ်နေမိပြီးမှ စကားစ,ဆိုသည်။

"မနေ့က . . . အစ်ကိုမောင် ကိုကို့ဆီက စာရတယ် . . . "

လှိုင်က ဘာမျှမဖြေ။ ဆိတ်ငြိမ်မြဲ ဆိတ်ငြိမ်နေ၏။

" အစ်ကိုမောင် ညက တစ်ညလုံး စဉ်းစားမိတယ်။ ဦးနှောက်နဲ့လည်း တိုင်ပင်တယ် လှိုင်၊ အသည်းနှလုံးကိုလည်း မေးကြည့်တယ်။ မိုးလင်းခါနီးမှာ အဖြေတစ်ခုရတယ်။ အဲဒီအဖြေကို လှိုင့်ကို ပြောပြချင်လို့ "

လှိုင်သည် ကွက်ကနဲ ကျွန်တော့်ကို လှမ်းကြည့်သည်။ ဘာမျှတော့ မပြော။

"အစ်ကိုမောင် ပြောနေတာကို လှိုင် နားလည်ရဲ့လား . . .။ မမမြိုင်ဆီက လှိုင်ကော . . . စာရပြီလားဟင် . . . " လှိုင်က တိုးတိုးပင် " ရပါပြီ "ဟု ဖြေသည်။

" ဒီလိုဆိုရင် လှိုင် နားလည်ပါပြီ၊ ဒီတော့ . . . လှိုင့်သဘောက ဘယ်လိုလဲ "

လှိုင်က ကျွန်တော့်ကို မော့ကြည့်သည်။

လှိုင့်မျက်လုံးများက လဲ့လဲ့ပြာနေ၏။ လှိုင့်မျက်လုံးများ လဲ့လဲ့ပြာကြောင်းကို ကျွန်တော် အကြိမ်ကြိမ်ဆိုခဲ့ပြီ။ ယခုလည်း ထပ်ဆိုရဦးမည်။

လဲ့လဲ့ပြာသော လှိုင့်မျက်လုံးများသည် အရောင်လည်း တဖျပ်ဖျပ် တောက်ပသည်။ သန့်စင်ခြင်း၊ ကြည်လင်ခြင်း၊ ရွှင်ပျခြင်းတို့ကြောင့်လည်း ရီရွှန်းနေတတ်၏။ မျက်လုံးပြာနှင့် မွေးညင်းရှိမ်းသော လှိုင့်မျက်နှာလေးကို မြင်ရသည်မှာ ရင်၌ ထာဝစဉ် အေးချမ်း၏။

ချယ်ရီဝင်းမိသော ထိုညနေ၏ ပတ်ဝန်းကျင်၌ လှိုင့်မျက်နှာလေးသည် ခါတိုင်းထက် ပိုအေးချမ်းနေသည်။ လဲ့လဲ့ပြာသော မျက်လုံးများကလည်းခါတိုင်းထက် ပိုတောက်ပနေပါ၏။

" ဖြေလေ . . . လှိုင် "

" အို . . . လှိုင် ဘာဖြေရမှာလဲ "

" လှိုင့်သဘောကိုပဲ ဖြေပါ လှိုင်ရယ် . . . "

လှိုင့်ပါးကလေးက ရဲနေသည်။ ရင်လေးက ဖိုနေ၏။

လှိုင်သည် သက်ပြင်းလေးရှိုက်ပြီး နူးညံ့စွာဆို၏။

" လှိုင်က ဖြေရမှာလား . . . အစ်ကိုမောင်က ဖြေရမှာလား . . . ပြောပါဦး ရှင်ရယ် "

ကျွန်တော်က ကျေနပ်သွားသည်။ ကျွန်တော့်မျက်လုံးများကလည်း ကောင်စီခန်းမရှေ့မှ ချယ်ရီပင်ပျိုတစ်ပင်ကို မြင်သည်။

"ခဏနေဦးနော် လှိုင် . . . "

ကျွန်တော်သည် ကိုင်းနိမ့်သော ချယ်ရီပင်ပျိုထက် အလွယ်တကူ တက်လိုက်သည်။ ချယ်ရီဦးကိုခူးခဲ့သည်။

ကျွန်တော်က ချယ်ရီတစ်ခိုင်ကို လှိုင့်ခေါင်းတွင် ပန်ပေးသည်။

" ကြည့်စမ်း၊ အို . . . အစ်ကိုမောင် ဘာလုပ်တာလဲ။ လမ်းမကြီးမှာ လူတွေ မြင်ကုန်လိမ့်မယ် . . . "

" လူတွေ မြင်အောင်ပဲ အစ်ကိုမောင် တမင် အဖြေပေးတာလေ။ ကဲ . . . လှိုင့်အလှည့် ဖြေတော့ . . . "

လှိုင်သည် မျက်စောင်းလေးထိုးပြီး ဆိုနေကျစကားကို ဆိုသည်။

"သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး . . .။ သိပ် . . . သိပ် . . . သိပ်ကို သူပိုတယ်။ ဟွန်း . . . မုန်းတယ် . . . "

လှိုင်က လက်သီးလေးဖြင့် ကျွန်တော့်လက်မောင်းကို ထုသည်။ ကျွန်တော်က လှိုင့်လက်ကလေးကိုဖမ်းကာ မလွှတ်ဘဲ ဆုပ်ကိုင်ထားလိုက်သည်။

နှင်းမှုန်လေးတို့ဝေ၍ ချယ်ရီပန်းတို့ ထိန်နေသော ထိုညနေတွင် လှိုင်နှင့် ကျွန်တော်သည် တစ်ယောက်လက်တစ်ယောက်တွဲ၍ ဆက်လျှောက်ခဲ့ကြပါသည်။

" ဘုန်းချင်းတွေ့ဆုံ၊ ချစ်ရိပ်မြုံ၍၊ ကြေးမုံထင်ထင်၊ သွင်ပြင်လျှလျှ၊ နှမလည်းကောင်း၊ ဆွေမပြောင်းသား၊ တောင်စောင်းလက်နီး၊ တစ်ပွင့်ထီးနှင့်၊ ညီးညီးတခြား၊ မယားပီပီ၊ ကလျာဏီဖြင့်၊ ငယ်ချီငယ်ပိုး၊ အမျိုးအချင်း၊ ဆွေညီမင်းတို့၊ ကျိုးကျင်းရယ်ပြုံး၊ ယဂင်ထုံးလျှက် . . . "

သောဏဒိန်နတ်သားနှင့် သူ့သက်ထားတို့၏ မေတ္တာရိပ်မြုံကို ဖွဲ့ဆိုအပ်သော နေမိဘုံခန်းပျို့လာ အထက်ပါစာသည် လှိုင်နှင့် ကျွန်တော့်အတွက်ပါ မှန်လာနေခဲ့ပါ၏။

မချစ်မိခင်ကပင် ကြင်နာပြီးသည်။ ချစ်ခဲ့ရပြန်တော့ အသည်းအူတုန် ကုန်ကုန်မြတ်နိုးမိသည်။

"ငယ်ချီငယ်ပိုး၊ အမျိုးအချင်း၊ ဆွေညီမင်း"မှ သံယောဇဉ်ကြီးကလည်း ပို၍သာ တင်းလာခဲ့သည်။

"တစ်ပွင့်တည်းနှင့်၊ ညီးညီးတခြား၊ မယားပီပီ "ဟု မဆိုနိုင်သေးသော်လည်း ဆိုပိုင်ခွင့် ရှိခဲ့လေပြီမို့ လှိုင်ကလည်း ကျွန်တော့်အပေါ် တီတာနွဲ့ဆိုးသမျှ ကြင်နာ၍လည်း ရိုကျိုးပါသည်။ ပေါက္ခရဏီ၊ နဒီရေကန် ဟူ၍မူ စာကိုကွန့်၍ အညွှန့်မပိုလိုပါ။ သို့ရာတွင် "ရေကန်တန်ဆာ၊ စုံအင်္ဂါဖြင့်၊ ဟသ်ာဝမ်းဘဲ၊ ပျံဝဲလည်ယှက်၊ ကြင်ဖော်ဘက် "သည် အင်းလေး၊ ကျီးဖြူတည်းဟူသော ကန်မင်းနှစ်ဆူ၏ ရေပြင်ထက်ဝယ် . . . အားလပ်ရက်ရ လေတိုင်း လှိုင်နှင့် ကျွန်တော်သည် အတိုင်းမသိ ပျော်ရွှင်ခြင်းရှိခဲ့ပါသည်။

လှိုင်ကို ကျွန်တော်က ရှမ်းဘာသာ " စု "ဟူသော ချစ်သူဘွဲ့တပ်၍ ခေါ်သည်။ လှိုင်က ကျွန်တော့်ကိုကိုကိုဟု ပြင်ခေါ်၏။

ဤသို့လျှင် ထင်းရှူးနံ့သင်း၍ ချယ်ရီတို့ဝင်းရာ ကမ္ဘောဇမြို့တော်သည် ကျွန်တော်နှင့် လှိုင့်အတွက် ဘုန်းချင်းတွေ့ဆုံရာ ချစ်ရိပ်မြုံ မြေမဟာ ဖြစ်နေခဲ့ပါသည်။

ကျွန်တော့်ဆီ စာရေးစဉ်က သဘောမျှကြလျှင် မြန်မြန်ယူရန် ကိုကို အကြံပေးထားခဲ့သည်။

အမှန်မှာ လက်တွေ့ဆန်သော အကြင်လင်မယားဘဝထက် အငွေ့ဆန်သော ချစ်သူဘဝသည် ပိုမိုသာယာလှပါ၏။ သို့မဟုတ် ပိုမိုသာယာသည်ဟု ကြားဖူးပါ၏။

လှိုင်နှင့် ကျွန်တော်သည် အငွေ့ဆန်သော ချစ်သူဘဝ၌ သာယာမေ့မူးလျှက် ရှိခဲ့မိကြသည်။

တစ်ချိန်တွင် ငြိမ်းမောင် ရန်တွေ့ဖူးသည်ကစ၍ ကျွန်တော်သည် နေ့စဉ်သတင်းစာများကို မှန်မှန်ဖတ်သည်။ အလုပ်ဝတ္တရားကြောင့် နေ့လယ်၊ ညနေတို့၌ မဖတ်နိုင်လျှင် အိပ်ရာမဝင်မီ ဖတ်သည်။ အနည်းဆုံး ဟိုလှန်သည်လှန်ပြီး အကြမ်းကြည့်လေ့ရှိသည်။

တစ်ညတွင် ခက်ခဲသော အရေးပေါ်ခွဲစိတ်မှုတစ်ရပ်ကို ပြုအပြီး ပင်ပန်းစွာဖြင့် ကျွန်တော် အိမ်ပြန်ရောက်ခဲ့သည်။

အိပ်ရာမဝင်ခင် မမေစန်း အလိုက်သိစွာ ပေးလာသော ကြက်ဥဟတ်(ဖ်)ဘွိုင်နှင့် နွားနို့ပူပူတစ်ခွက်ကိုစားသောက်ရင်း သတင်းစာများကို လှန်ကြည့်မိသည်။

ရှေ့ဆောင်မြန်မာသတင်းစာကြီးတစ်စောင်၏ မျက်နှာဖုံးတွင် စာလုံးမည်းများဖြင့် ဖော်ပြထားသော သတင်းတစ်ရပ်က ကျွန်တော့်မျက်လုံးများကို ပြူးကျယ်စေသည်။

**သူပုန်နှိမ်နင်းချက်မိ၍**
**သစ်တောအရေးပိုင်တစ်ဦး ကျဆုံးခြင်း**

ဤခေါင်းစဉ်အောက်၌ တောင်ငူသတင်းထောက်က ဖြစ်ခဲ့သမျှကို အသေးစိတ် ဖော်ပြထားသည်။

သစ်တောအရေးပိုင် ဦးတင်မောင်ညွန့် ခေါင်းဆောင်သောအဖွဲ့သည် တောင်ငူ အရှေ့ဘက် သစ်ထုတ်လုပ်ရေးစခန်းများကို လိုက်လံစစ်ဆေးစဉ် ခရီးလမ်းတစ်ခု၌ သူပုန်နှိမ်နင်း ထိသည်။ ချုံခိုတိုက်ခိုက်လာသော သူပုန်များကို ဦးတင်မောင်ညွန့် ခေါင်းဆောင်၍ ပြန်လှန်ပစ်ခတ် ခုခံသည်။ သူပုန်များ ဆုတ်ခွာသွားရပါ၏။ သို့ရာတွင် ဦးတင်မောင်ညွန့်နှင့် သစ်တောဝန်ထောက်တစ်ဦး ကျဆုံးခဲ့ရရှာပါ၏။

ထိုညက တစ်ညလုံး ကျွန်တော် အိပ်မပျော် . . .။

နောက်တစ်နေ့တွင် လှိုင့်ကို အကြောင်းအကျိုး ရှင်းပြပြီး အလောင်းမြေမကျမီ တောင်ငူသို့ ကျွန်တော်ဆင်းပြေးသွားသည်။ မျှော်လင့်သည့်အတိုင်း တောင်ငူတွင် တင်မောင်ညွန့်၏ မိဘများအပြင် ခိုင်နှင့် ငြိမ်းမောင်ကိုပါ တွေ့ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# မူလတန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်



**ကံမ ဇူလိုင် ၇**

သရက်ခရိုင် ကံမမြို့နယ် ပယ်ကျကျေးရွာအုပ်စု တောင်ပို့နီကျေးရွာ တွဲဖက်အခြေခံပညာမူလတန်းကျောင်းအဖြစ်မှ အခြေခံပညာမူလတန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ကျောင်းဆောင်အား မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဆလိုင်းလှထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်မြင့်ဦးနှင့် လက်ထောက်ပညာရေးမှူး ဦးမြင့်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးက ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ချင်းတိုင်းရင်းသားအများစုနေထိုင်ကြပြီး ပယ်ကျကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စုအချို့သည် တောင်ယာစိုက်ပျိုးလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုရန်အတွက် ရွှေ့ပြောင်းခဲ့ကြရာမှ ရွာတည်ခဲ့ကြခြင်းဖြစ်သည်။

ယခင်က တွဲဖက်မူလတန်းကျောင်းအဆင့်သာရှိခဲ့ရာမှ အိမ်ထောင်စု လူဦးရေတိုးပွားလာပြီး ကျောင်းသားဦးရေ ၂၂ ဦးထိ တိုးမြင့်လာ၍ ယနေ့အချိန်တွင် မူလတန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

စာသင်ကျောင်းအဆောက်အအုံမှာ သက်ငယ်မိုး၊ ဝါးထရံကာဖြစ်ပြီး ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ပြန်/ဆက်)**

# မြန်အောင်မြို့နယ် ရွာဘုရားကြီးကျောင်းတိုက်သို့ ငွေလှူဒါန်း

**မြန်အောင် ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မြို့မတဲကြီးကုန်းအုပ်စု မောင်ပေါက်ကုန်းကျေးရွာရှိ ဘုရားကြီးကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ဓမ္မဆာယာကျောင်းဆောင်သစ်ကြီးအတွက် ကိုရီးယားနိုင်ငံ Daewoo သင်္ဘောကျင်းမှ မြန်မာလုပ်ငယ်များစုပေါင်း၍ မြန်မာကျပ်ငွေစုစုပေါင်း ရှစ်သိန်းတိတိကို လှူဒါန်းခဲ့ကြသည်။

ယင်းအလှူငွေရှစ်သိန်းကျပ်အား မောင်ပေါက်ကုန်းကျေးရွာ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဦးဝိစိတ္တက လက်ခံရယူပြီး မြန်မာပြည်သို့ပြန်လည်ရောက်ရှိလာသော ကိုလှိုင်မျိုးထွန်း ဇနီးမကျော့ကေသီဟန်၊ သမီးမလဝန်းအိမ်မိသားစုတို့က Daewoo လူငယ်များကိုယ်စား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **နေဝင်းဇော်(မြန်အောင်)**

# ကျိုက်ထီးရိုးတောင်တန်း စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲကျင်းပ

**ကျိုက်ထို ဇူလိုင် ၇**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မွန်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှကြီးမှူး၍ ဇူလိုင် ၄ ရက် နံနက် ၉ နာရီတွင် ကျိုက်ထီးရိုးတောင်တက်ကားလမ်းဘေးရှိ စခန်းလေး၌ ကျိုက်ထီးရိုးတောင်တန်းစိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပခဲ့သည်။ သစ်ပင်စိုက်ပွဲတွင် မွန်ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ဦးဌေးလွင်၊ မွန်ပြည်နယ်သစ်တောရေးရာဝန်ကြီး ဦးဝင်းမော်ဦး၊ မွန်ပြည်နယ် သစ်တောရေးရာညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဖိုးလတ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်းအင်အား ၆၀၀ ခန့်တက်ရောက်စိုက်ပျိုးခဲ့သည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲ၌ ကျွန်း ၅၀၊ ပျဉ်းကတိုး ၅၀၊ ပိတောက် ၁၅၀၊ မဟော်ဂနီ ၁၀၀၊ ငုရွှေဝါ ၂၀၊ စိန်ပန်းကြီး ၁၃၀၊ ပျဉ်းမ ၁၀၀၊ ပင်လယ်ကဗွီး ၁၀၀၊ ခရေ ၁၅၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ခရိုင်အဆင့်ဆွေးနွေး

**သထုံ ဇူလိုင် ၇**

မွန်ပြည်နယ် သထုံခရိုင်တွင် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး (အခြေခံပညာကဏ္ဍ) ခရိုင်အဆင့် ဆွေးနွေးပွဲကို ဇူလိုင် ၅ ရက်က သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း (ကျိုက္ကော်) ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မွန်ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးတင်အောင်က ပြည်သူလူထု၊ လူထုလူတန်းစား အလွှာအသီးသီးမှ အကြံဉာဏ်ကောင်းများ ရယူနိုင်စေရန် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပြီး ပညာရေးသည် လက်ရှိနိုင်ငံသားအားလုံး၏ ပစ္စုပ္ပန်နှင့် အနာဂတ်အရေးဖြစ်သည့်အတွက် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒများ၊ လုပ်ငန်းစဉ်များ အပါအဝင် ပညာရေးဥပဒေရေးဆွဲရာ၌ အထောက်အကူဖြစ်စေရေး ပညာရေးဆိုင်ရာ တတ်သိနားလည်သည့် စိတ်ပါဝင်စားသူများက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များဖြင့် အပြုသဘောဆောင်ပြီး အကြံဉာဏ်များပေးကြဖို့ တိုက်တွန်းလိုပါကြောင်းပြောကြားခဲ့သည်။

ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်းအဆင့်(၃) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (မူကြမ်း)ကို CESR မှ ကျောင်းပြင် ပညာရေးကျွမ်းကျင်ပညာရှင် ဒေါက်တာဝင်းအောင်က ကဏ္ဍအလိုက်ဆွေးနွေးကာ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ (မူကြမ်း)ကို ခရိုင်ပညာရေးမှူး ဒေါ်ကြည်ကြည်မာ၊ အခြေခံပညာရေးဥပဒေ(မူကြမ်း)ကို ပေါင်မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်သန်းနှင့် ပုဂ္ဂလိကပညာရေးဥပဒေ(မူကြမ်း)ကို ဘီးလင်းမြို့နယ် ပညာရေးမှူး ဒေါ်လှဆန်းဝေတို့က အသီးသီး ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အသီးသီးရှိ ပညာရေးဌာနများမှ တာဝန်ရှိသူများ၊ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ အသီးသီးတက်ရောက်ခဲ့ကြပြီး ဘက်စုံလွှမ်းခြုံသောပညာရေးလေ့လာသုံးသပ်မှုအပေါ် မူတည်ရေးဆွဲထားသည့် ပညာရေးမူဝါဒ၊ ပညာရေးဥပဒေနှင့် ပညာရေးစီမံကိန်းများအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်သွားနိုင်ရေးအတွက် တစ်ဦးချင်း ကဏ္ဍအလိုက်၊ နယ်ပယ်အလိုက် နံနက် ၈ နာရီခွဲမှ ညနေ၅ နာရီအထိ အကြံပြုဆွေးနွေးခဲ့သည်။ **သက်ဦး(သထုံ)**

# ကျောက်တန်းမြို့နယ် မြကိုင်းကျေးရွာအား အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ပေးရန် ဒေသခံများလိုလား

**ကျောက်တန်း ဇူလိုင် ၇**

ရန်ကုန်တောင်ပိုင်းခရိုင်ကျောက်တန်းမြို့နယ် မြကိုင်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးရန် ဒေသခံပြည်သူများလိုလားလျက်ရှိကြောင်း သိရသည်။

မြကိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသားဦးရေ ၂၄၂ ဦးရှိပြီး ထိုမူလွန်ကျောင်းကို အမှီပြု၍ ပင်လယ်ကမ်းခြေရွာလေးများဖြစ်ကြသည့် ကျုံခိုက်ကျေးရွာမှ မူလတန်းကျောင်းသား ၁၅၀၊ ဘူးကုန်းကျေးရွာမှ မူလတန်းကျောင်းသား ၁၂၀ နှင့် စစ်တပင်ကျေးရွာမှ မူလတန်းကျောင်းသား ၄၀ တို့ ပညာဆက်လက်သင်ကြားနေရသော်လည်း အလယ်တန်းမရသည့်အတွက် အလယ်တန်းပညာကို ဆုံးခန်းတိုင်အောင် သင်ကြားခွင့်မရကြောင်း သိရသည်။

မြို့နှင့်အလှမ်းကွာသည့် ပင်လယ်ကမ်းခြေရွာလေးများဖြစ်သည့်အပြင် ဒေသခံများက လယ်သမားများဖြစ်ကြ၍ ကျောင်းစရိတ်မတတ်နိုင်ကြပါ။ "အလယ်တန်းကျောင်းရမယ်ဆိုလို့ ၂၀၁၀ ခုနှစ်ကတည်းက အလျား ပေ ၃၀၊ အနံပေ ၂၀ ရှိတဲ့ကျောင်းဆောင်သစ်တစ်ဆောင်ကို ကျွန်တော်တို့ဒေသလယ်သမားများနဲ့စေတနာရှင်များ စုပေါင်းတည်ဆောက်ထားခဲ့ပေမယ့် ယနေ့အချိန်ထိအလယ်တန်းကျောင်းဖြစ်မလာလို့ ကျောင်းဆောင်ကြီးလည်း ဒီအတိုင်းပါပဲ။ အထက်တန်းအထိ မထားနိုင်ပေမယ့် ကျွန်တော်တို့သားသမီးတွေကို အလယ်တန်းပညာအဆင့်လောက်တော့ တတ်မြောက်စေချင်ပါတယ်" ဟု ဒေသခံလယ်သမားတစ်ဦးက ပြောပြသည်။ **အောင်ဆွေ(ရွှေတံတား)**

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်

**မြိတ် ဇူလိုင် ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ဇူလိုင် ၆ ရက် နံနက် ၈ နာရီက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်း၊ ခရိုင်ဥပဒေအရာရှိ ဦးလှထွန်း၊ မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်မှ ဦးစီးအရာရှိ ဦးလှိုင်ဘွား၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် အရန်မီးသတ်တပ်ခွဲမှူး ၁၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၆၀၊ စုစုပေါင်းအင်အား ၈၀ ခန့်တက်ရောက်ခဲ့သည်။

ခရိုင်ဥပဒေအရာရှိ ဦးလှထွန်းက ရွေးကောက်ပွဲကာလဖြစ်ပေါ်လာနိုင်သည့် ဥပဒေမဲ့လုပ်ရပ်များအပေါ် အရေးယူနိုင်သည့် လုပ်ထုံးလုပ်နည်းများအကြောင်းအားလည်းကောင်း၊ မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယခင်နှစ်ရွေးကောက်ပွဲဆိုင်ရာအတွေ့အကြုံများနှင့် ယခုနှစ်ကြိုတင်စီမံဆောင်ရွက်ထားမှုများအားလည်းကောင်း၊ မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးလှိုင်ဘွားက ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ရပ်ကွက်မဲစာရင်းများ၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်ခြင်း၊ စည်းရုံးခြင်းဥပဒေအကြောင်းများအားလည်းကောင်း အသီးသီးဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

ယင်းရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေးသင်တန်းကို ဇူလိုင် ၆ ရက်မှ ၇ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# မဲဆန္ဒရှင်အသိပညာပေးသင်တန်း ဖွင့်လှစ်

**တီးတိန် ဇူလိုင် ၇**

ချင်းပြည်နယ် တီးတိန်မြို့တွင် ဖလမ်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဖွင့်လှစ်သော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်အသိပညာပေးသင်တန်းကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးသန်းဇော်ဦးက လွှတ်တော်သုံးရပ်ဖွဲ့စည်းပုံ၊ အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များကိုလည်းကောင်း၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲအရာရှိ ဦးမျိုးမင်းစိုးက ကော်မရှင်၏လုပ်ပိုင်ခွင့်များ၊ ဥပဒေ၊ နည်းဥပဒေများစသည့် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း အသီးသီးဆွေးနွေးပို့ချပြီး သင်တန်းသားများသိရှိမေးမြန်းလိုသည့် အကြောင်းအရာများကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်စုစုပေါင်း ၇၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **ဒိုဟေဆာ**

# မုံရွာခရိုင် ချောင်းဦးမြို့တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲ ကျင်းပ



**ချောင်းဦး ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီက ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဘော်လီဘောပြိုင်ပွဲကို ချောင်းဦးမြို့နယ်အတွင်းမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၅ ရက်မှ ၆ ရက်အထိ ယှဉ်ပြိုင်ကစားကြသည်။ ပထမဆု တစ်သိန်းခွဲ၊ ဒုတိယဆု တစ်သိန်း၊ နှစ်သိမ့်ဆုငါးသောင်း ချီးမြှင့်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ **ချောင်းဦးမြို့နယ်(ပြန်/ဆက်)**

ဥတုရာသီ တောကိုမှီ

# မွန်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များကို လူ့အခွင့်အရေးဆိုင်ရာ သင်တန်းပေး၍ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**မော်လမြိုင် ဇူလိုင် ၇**

မွန်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်များကို ပိုမိုသိရှိပြီး နိုင်ငံတကာရဲတပ်ဖွဲ့ဝင်များ၏ လူ့အခွင့်အရေးနှင့်စံနှုန်းများကိုသိမြင်ကာ အမိကရုဏ်းများ၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရာ၌ လူ့အခွင့်အရေးရှုထောင့်မှ ရှုမြင်သုံးသပ်၍ လုပ်ဆောင်ရမည့်အချက်များကို ပိုမိုသိရှိလာရန်ရည်ရွယ်ပြီး မွန်ပြည်နယ်ရဲတပ်ဖွဲ့နှင့် UN-OHCHR အဖွဲ့တို့ပူးပေါင်း၍ လူ့အခွင့်အရေးဆိုင်ရာသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီမှစတင်ကာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် အခြေခံလူ့အခွင့်အရေးများကို အခြေခံပြီး ရဲများလုပ်ဆောင်ချဉ်းကပ်ခြင်း၊ စုံစမ်းမှုအတောအတွင်း လူ့အခွင့်အရေးများ ဆုံးရှုံးမှု၊ ပျက်စီးမှု၊ ထိခိုက်မှုမရှိအောင် ကာကွယ်ပေးခြင်း၊ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကို ကာကွယ်ခြင်း၊ ဆန္ဒပြမှုနှင့် အင်အားသုံးခြင်းပြုလုပ်နေသည့်အတောအတွင်း လူ့အခွင့်အရေးများဆုံးရှုံးမှု၊ ပျက်စီးမှု၊ ထိခိုက်မှုမရှိအောင် လုပ်ဆောင်ခြင်း၊ ထိရောက်သော အများပြည်သူများတိုင်ကြားမှုယန္တရားများကို တည်ထောင်ခြင်းနှင့် တာဝန်ခံခြင်း၊ အနှစ်ချုပ်ခြင်းနှင့် ရှေးလုပ်ငန်းစဉ်များအကြောင်းကို အုပ်စုအလိုက် လေ့ကျင့်ခန်းလုပ်ဆောင်ခဲ့ကြသည်။ ယင်းအပြင် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အပြန်အလှန်သင်ကြားပို့ချခြင်းနှင့် ဗီဒီယိုပြသခြင်းနည်းများဖြင့် ပို့ချဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မွန်ပြည်နယ် ၁၀ မြို့နယ်မှ ရဲအုပ်၊ ရဲမှူးများအပါအဝင် အရာရှိ ၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၅ ရက်မှ ဇူလိုင် ၆ ရက်အထိဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး ရဲတပ်ဖွဲ့ဝင်များအတွက် လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို ပြည်နယ်နဲ့တိုင်းဒေသကြီးကိုးခုမှာ ဆောင်ရွက်ခဲ့ပြီးပါပြီ။ ကျန်ရှိတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးများကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာပါ။ မွန်ပြည်နယ်ပြီးရင် ကရင်ပြည်နယ်ကို သွားမှာပါ" ဟု UN-OHCHR မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဆက်နေမင်းအောင်**



# အမှိုက်သိမ်းယာဉ်နှင့် ယာဉ်မောင်းတစ်ဦး အစားထိုးပေးရန် ဒေသခံများလိုလား

**နတ်တလင်း ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်တွင် စည်ပင်သာယာရေးဈေးရှိပြီး အိမ်ခြေစုစုပေါင်း ၉၁၀၊ အိမ်ထောင်စု ၁၁၈၅ စု ရှိပါသည်။ မြို့နယ်စည်ပင်သာယာရေးဌာနမှ ရေခွန်၊ မီးခွန်၊ ဥပဇာခွန်များကို-၆ လတစ်ကြိမ် ကောက်ခံနေသော်လည်း အမှိုက်သိမ်းယာဉ်မှာ လွန်ခဲ့သော ၁၅ နှစ်ခန့်ကချထားပေးသော ထော်လာဂျီဖြစ်ပြီး ယခုအခါ ဟောင်းနွမ်းပျက်စီးယိုင်နဲ့နေပြီး ယာဉ်မောင်းသူမှာလည်း ကျန်းမာရေးအခြေအနေအရ မောင်းနိုင်ခြင်းမရှိဖြစ်နေကြောင်း ဒေသခံများကပြောသည်။

မိုးရာသီဖြစ်နေ၍ အမှိုက်များသယ်ယူရှင်းလင်းပေးနိုင်မှုမရှိသဖြင့် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပေါ်စေနိုင်သည့် ခြင်၊ ယင်များ ပေါ်များလာသည်။ သို့ပါ၍ ဒေသနေပြည်သူများက အမှိုက်သိမ်းယာဉ်နှင့် ယာဉ်မောင်းတစ်ဦး လိုအပ်နေသည်ကို သက်ဆိုင်ရာမှ တတ်နိုင်သမျှ အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးရန်လိုကြောင်း ဒေသခံများကပြောသည်။ **(ဝ၇၁)**

# ခြင်နှင့်ပတ်သက်သောရောဂါများ ကူးစက်ပြန့်ပွားမှုလျှော့ချရေးရည်ရွယ်၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဖန်းမော် ဇူလိုင် ၇**

ခြင်နှင့်ပတ်သက်သောရောဂါများ ကူးစက်ပြန့်ပွားမှုလျှော့ချရေးရည်ရွယ်၍ မိုးရာသီ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇူလိုင် ၄ ရက် နံနက် ၇ နာရီက ဖန်းမော်ခရိုင် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့်အတူ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ တပ်နယ်မိသားစုမှ အရာရှိအရာခံ အကြပ်စစ်သည်များနှင့် ရဲမေများ၊ ဆေးရုံကြီးရှိဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀၀ ခန့် လာရောက်၍ တပျော်တပါးလုပ်အား ဒါနပြုခဲ့ကြသည်။ ယင်းနေ့က လုပ်အားပေးဆောင်ရွက်ကြသူများကို ကျန်းမာရေးဦးစီးဌာနမှ မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောင်းသား/သူများနှင့် ဆရာ၊ ဆရာမများအားဂုဏ်ပြုဆုချီးမြှင့်

**မအူပင် ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ ဂုဏ်ထူးသင် ဆရာ၊ ဆရာမများ အောင်ချက်မြင့်မားရေး ဆောင်ရွက်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက တိုးရွှေဝါခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မအူပင်မြို့နယ်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၃၂၅၉ ဦးရှိပြီး အောင်မြင်သူ ၁၆၅၅ ဦးအနက် ခြောက်ဘာသာဂုဏ်ထူး လေးဦး၊ ငါးဘာသာဂုဏ်ထူး ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူး ၁၆ ဦး၊ သုံးဘာသာဂုဏ်ထူး ၂၀ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၅၅ ဦး၊ တစ်ဘာသာဂုဏ်ထူး ၂၀၉ ဦး၊ စုစုပေါင်းဂုဏ်ထူးရ ၃၁၂ ဦးအား တစ်ဘာသာလျှင် ကျပ်တစ်သောင်းခွဲ ဆုချီးမြှင့်ပြီး ခြောက်ဘာသာဂုဏ်ထူးရှင်လေးဦးအား ထပ်ဆင့်ရွှေငါးမူးသားအား ဂုဏ်ပြုဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**အောင်ခိုင်(ပြန်/ဆက်)**

# ဆင်မင်းဈေးမှတ်တိုင်တွင် ခရီးသည်နားခိုဆောင်မရှိသေး



**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်မြို့ထဲဘက်ဆီသို့သွားရောက်နိုင်သည့် အလုံမြို့နယ် ကမ်းနားလမ်းနှင့် ဆင်မင်းလမ်းထောင့်ရှိ ဆင်မင်းဈေးမှတ်တိုင်သည် ခရီးသွားပြည်သူများအတွက် ရုံးသွားရုံးပြန်၊ ကျောင်းသွား၊ ကျောင်းပြန်နှင့် ခရီးသွားလုပ်ငန်းဆောင်တာကိစ္စရပ်များ ဆောင်ရွက်သွားလာရာတွင် အချက်အချာကျသည့် ဘတ်စ်ကားစောင့်စီးရာ မှတ်တိုင်တစ်ခုဖြစ်သော်လည်း ယင်းမှတ်တိုင်တွင် ယခုတိုင် ခရီးသည်နားခိုဆောင်မရှိသေးကြောင်း သိရသည်။

ယင်းဘတ်စ်ကားမှတ်တိုင်အနီး တစ်ဖက်မှ ရှစ်ထပ်အဆောက်အအုံ အဆင့်မြင့်ဆင်မင်းဈေးသစ်ကြီး တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ဇူလိုင်လအကုန်၌ ဖွင့်လှစ်၍ ဈေးလုပ်ငန်းများဖြင့် ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်တော့မည်ဖြစ်သည်။

ယင်းကြောင့် ဤလမ်း၊ ဤနေရာ၊ ဤဌာနဈေးသစ်တို့တွင် ခရီးသွားပြည်သူများ၊ ရောင်းဝယ်ဖောက်ကားမှုပြုလုပ်ကာ ကူးသန်းသွားလာမှုများဖြင့် စည်ကားလာတော့မည်ဖြစ်သဖြင့် ယခုကဲ့သို့ မိုးတွင်းကာလမှစ၍ ဘတ်စ်ကားမှတ်တိုင်တွင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာဖြင့် မော်တော်ကားစောင့်စီးနိုင်ရန် ခရီးသွားနားနေဆောင် အမြန်လိုအပ်နေကြောင်း ခရီးသွားပြည်သူများ၏ ပြောပြချက်အရ သိရသည်။

**သန်းဦးလှိုင်**

# 1st Myanmar Financial Inclusion Conference ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၇**

နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲနေသည့် အခြေအနေမျိုးတွင် ပြည်သူများအနေဖြင့် မိမိတို့၏ လူမှုဘဝ စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်မည့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအကြောင်းကို ကောင်းမွန်စွာ နားလည်သဘောပေါက်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအနေဖြင့် 1st Myanmar Financial Inclusion Conference (MFIC –2015) ကို Myanmar Institute of Finance (MIF) မှ ဦးဆောင်၍ ဩဂုတ် ၂ ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုဥက္ကဋ္ဌ ဦးဆက်အောင်နှင့် အခြားပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပါမောက္ခများမှ Honorable Guest များအဖြစ် တက်ရောက်မည်ဖြစ်ပြီး Banking Session တွင် "SME Finance"၊ Insurance Session တွင် အာမခံလုပ်ငန်း၏ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားရေးတွင် အရေးပါမှု၊ Capital Market Session တွင် ပြည်သူများ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည့် နေရာအသစ် (Stock Exchange) ခေါင်းစဉ်များဖြင့် တာဝန်ရှိသူအသီးသီးက စကားဝိုင်းဆွေးနွေးသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ ကျောင်းသူ၊ ကျောင်းသားများ၊ လုပ်ငန်းရှင်များ၊ လုပ်သားပြည်သူများ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး https:^^mfic2015.wufoo.com/forms/mg5xn281dx8rwv/ ဖုန်း ဝ၉ ၂၅၄၀၅၂၁၉၅ များသို့ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ကသာခရိုင် အင်းတော်မြို့ အင်းမြသာယာအားကစားကွင်းအား အဆင့်မြှင့်တင်ဆောင်ရွက်

**အင်းတော် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အင်းမြသာယာအားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၅၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီခွင့်ပြုရန်ပုံငွေနဲ့ ဒီအားကစားကွင်းကြီးကို အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အုတ်တံတိုင်းကာရံဖို့အတွက် ရန်ပုံငွေလုံလောက်မှုမရှိတဲ့အတွက် လုပ်ငန်းပြီးစီးအောင် အဘက်ဘက်က ပံ့ပိုးမှုတွေလိုအပ်ပါတယ်။ ဒါကြောင့်မို့ အလှူရှင်တွေ၊ ရန်ပုံငွေတွေ ရှာကြံပြီးတော့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လုပ်ရမယ့်အုတ်တံတိုင်းက စုစုပေါင်းပေ ၂၂၀၀ ကျော်ပါတယ်။ အုတ်တံတိုင်းအမြင့်က ခြောက်ပေခွဲပါ။ အခုဆိုရင် ကွင်းပတ်လည်ကို ရေနုတ်မြောင်းတူးပြီး ဖောင်ဒေးရှင်းအတွက် မြေတွေတူးနေပါပြီ" ဟု အဆိုပါလုပ်ငန်းအား ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောသည်။ **ကျော်သီဟ**

# မကွေးတိုင်းဒေသကြီး သရက်မြို့တွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲကျင်းပ

**သရက် ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက အဆိုပါစာသင်ကျောင်းရှေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က မကွေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်း၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ပညာရေးမှူး ဦးထွေးမို၊ ကျောင်းအကျိုးတော်ဆောင် ဦးတင်အောင်မြင့်တို့က အခြေခံပညာဦးစီးဌာနအမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်းက အဖွင့်အမှာစကားပြောကြားပေးပြီး သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က လမ်းညွှန်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် ခရိုင်ပညာရေးမှူး ဦးထွေးမိုက ပညာရေးဆိုင်ရာလုပ်ငန်းများအား ပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းအဆင့်တိုးမြှင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူပြီး အလှူရှင်များမှ အလှူငွေများပေးအပ်ရာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးကလက်ခံပြီး ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ဂန့်ဂေါခရိုင်တွင် ပညာရေးကဏ္ဍမြှင့်တင်မှုအကောင်အထည်ဖော်ရေး ဆွေးနွေး

**ဂန့်ဂေါ ဇူလိုင် ၇**

ဂန့်ဂေါခရိုင် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး (အခြေခံပညာရေးကဏ္ဍ) ဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်က ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း ပုံညာခန်းမတွင်ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးတင်ငွေက ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး၊ အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ၊ အခြေခံပညာရေးဥပဒေ(မူကြမ်း)၊ ပုဂ္ဂလိကပညာရေးဥပဒေ (မူကြမ်း) တို့နှင့်ပတ်သက်၍ ဆွေးနွေးပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုမြင့်က ပညာရေးစာတမ်းများအပေါ် သုံးသပ်အကြံပြုချက်များအား ဖတ်ကြားခဲ့သည်။

**(၄၆၅)**

## ကသာမြို့အ.လ.က(၃)တွင်စာအုပ်များလှူဒါန်း၍ အသိပညာပေးဟောပြော

**ကသာ ဇူလိုင် ၇**

ကျောင်းသား၊ ကျောင်းသူများ စာပေဗဟုသုတရှိစေရန် ရည်ရွယ်ပြီး ဇူလိုင် ၅ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ လမ်းစည်းကမ်းသိရှိစေရေး၊ မူးယစ်အန္တရာယ်ကင်းရှင်းစေရေး၊ အထွေထွေဗဟုသုတများရရှိစေရေးကို ရည်ရွယ်ပြီး အ. လ. က(၃) ကျောင်းခန်းမတွင် အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကသာမြို့နယ်တရားသူကြီး၊ မြို့မရဲစခန်းမှူး၊ မော်တော်ယာဉ်ထိန်း၊ စာပေပညာရှင်များ တက်ရောက်ပြီး သက်ဆိုင်သည့်ခေါင်းစဉ်များဖြင့် အသီးသီး အသိပညာပေးဟောပြောခဲ့ကြသည်။ ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းစာအုပ်များကို အ. လ. က(၃) ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းခဲ့သည်။ **ဟိန်းမင်းနိုင်(ကသာ)**

## ခင်မင်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်

**ဝက်လက် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ခင်မင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အခြေခံပညာမူလတန်းကျောင်းခွဲဆိုင်းဘုတ်ကို ခင်မင်ကျေးရွာ ခေမာရာမကျောင်းနာယကဆရာတော် ဦးသုဒဿန၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် မြို့နယ်ပညာရေးမှူး ဦးဝင်းမော်တို့က ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဌေးတို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးရွာကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အလှူငွေများနှင့် ကျောင်းသုံးပစ္စည်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်က ကျောင်းသုံးဗလာစာအုပ်များ၊ ပြည်တွင်းအခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းညွန့်မိသားစုက အလှူငွေကျပ်နှစ်သိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ထွန်းဦးမိသားစုက စက်ဘီး ၁၀ စီး၊ အခွန်ဦးစီးအရာရှိ ဒေါ်မြသက်ဆွေက စတီးချိုင့် ၄၇ လုံး၊ ဒုဦးစီးမှူး ဒေါ်အေးချိုက ကျောပိုးအိတ် ၁၀ လုံး၊ ထီး ၄၇ လက်နှင့် ဒုဦးစီးမှူး ဒေါ်နွယ်နီကျော်က စာရေးကိရိယာ ၄၇ စုံနှင့် ကျောင်းဝတ်စုံ ၁၇ စုံတို့ကို ကျေးရွာတာဝန်ရှိသူများထံ အသီးသီးပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါကျောင်းကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ကိုယ့်အားကိုယ်ကိုးအခြေခံမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၁၅ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေးအတွက် မိုးရေလှောင်ကန်အသစ် တူးဖော်

**ကျောက်ပန်းတောင်း ဇူလိုင် ၇**



ကျေးလက်နေပြည်သူများ၏ သန့်ရှင်းသော သောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေတွင်းများတူးဖော်ခြင်း၊ မိုးရေလှောင်ကန်များ ပြန်လည်ပြုပြင်ခြင်းနှင့် ကန်အသစ်များတိုးချဲ့ တူးဖော်ခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု ဆယ်နှစ်ရာသီပင် ကျေးရွာတွင် ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် မိုးရေလှောင်ကန်အသစ်တစ်ကန် တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီကန်သစ်တူးဖော်တဲ့လုပ်ငန်းကို ကျေးလက်ဦးစီးဌာနအစီအစဉ်နဲ့ ဆောင်ရွက်တာပါ။ ကန်အကျယ်အဝန်းကတော့ပေ ၁၀၀ ပတ်လည်နဲ့ အနက်ခြောက်ပေ တူးပေးမယ်လို့ သိရပါတယ်။ အခုတူးမယ့် မိုးရေလှောင်ကန်က သောက်ရေအတွက် သီးသန့်ပါ။ ကန်တူးပြီးသွားရင် ကန်ပတ်လည်ကို ကွန်ကရစ်တိုင်တွေစိုက်ပြီး သံဆန်ခါကွက်တွေနဲ့ တိရစ္ဆာန်တွေမဝင်နိုင်အောင် ကာရံပြီး ရေခပ်ယူဖို့အတွက်တော့ ခြံပြင်မှာ လက်နှိပ်တုံကင်လေးခု တပ်ဆင်ပေးသွားမယ်လို့ သိရပါတယ်။ လူမှုရေးအရ ဧည့်ခံပေးရတာကလွဲပြီး ကျွန်တော်တို့ရွာအနေနဲ့ကတော့ တခြားဘာကုန်ကျစရိတ်မှ မရှိပါဘူး" ဟု ဆယ့်နှစ်ရာသီပင်ကျေးရွာမှ ရာအိမ်မှူး ဦးမောင်မောင်က ပြောသည်။

အဆိုပါ သောက်သုံးရေကန်သစ်တူးဖော်ခြင်းလုပ်ငန်းကို DOOSAN DX 225LAC ဘက်ဖိုးစက်ကြီးဖြင့် ကန်တူးဖော်ခြင်းလုပ်ငန်းကို နှစ်ရက်ဖြင့် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ရေရရှိရေး လုပ်ငန်းပေါင်း ၃၄ ခုကို ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေကျပ်သန်းပေါင်း ၁၅၁ ဒသမ ၀၁၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစီအစဉ်ဖြင့် တင်ဒါခေါ်ယူလုပ်ကိုင်ခွင့်ပြုခဲ့ရာ စိန်သဟာကုမ္ပဏီမှလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါ ရေရှိရေးလုပ်ငန်းများအနက် မိုးရေလှောင်ကန်အသစ်တူးဖော်ခွင့်ကို ကျေးရွာ ၁၂ ရွာမှရရှိခဲ့ရာ ယခုဆယ့်နှစ်ရာသီပင်ကျေးရွာအပါအဝင်ဖြစ်သည်။ ၎င်းတို့ကျေးရွာအနေဖြင့် သောက်သုံးရေဖူလုံလောက်ငစေရေးအတွက် ကျေးရွာအနီးရှိ မိုးရေလှောင်ကန်ဟောင်းကိုလည်း ကိုယ်အားကိုယ်ကိုး ပြန်လည်တူးဖော်ပြုပြင်သွားကြရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ကျေးရွာကန်များအတွင်း ငါးမျိုးစိတ်များစိုက်ထည့်



**မြင်းခြံ ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာကန်များတွင် ငါးမျိုးများစိုက်ထည့်ခြင်းကို ဇူလိုင် ၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ခြင်းကို ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးသော်ထွန်းဦးကိုယ်တိုင် ကြီးကြပ်ပြီး မြင်းခြံမြို့နယ်အတွင်းရှိ ထနောင်းတိုင်ရွာ၊ ဂျပ်ပင်ရွာ၊ ရသာရွာ၊ ကုက္ကဲရွာ၊ နဘူးအိုင်ရွာများရှိ ကန်များနှင့် ငါန်းဇွန်မြို့နယ်ရှိ နဝရတ်ရွာ၊ မြို့သာရွာ၊ နတ်စိမ်းရွာ စုစုပေါင်းကျေးရွာရှစ်ရွာရှိ ကန်များအတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၂၅၀၀နှင့် ထိုင်းငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၂၅၀၀တို့ကို စိုက်ထည့်ခဲ့ကြသည်။

ယင်းနေ့က ငါးမျိုးများစိုက်ထည့်ခြင်းနှင့်အတူ ကျေးရွာနေပြည်သူများအား ငါးမျိုးများထိန်းသိမ်းနည်း၊ ငါးအစာကျွေးနည်း၊ တစ်ပိုင်တစ်နိုင်ငါးမွေးမြူနည်းတို့ကို ငါးလုပ်ငန်းဦးစီးဌာနမှ ဟောပြောခဲ့ပြီး ငါးသယံဇာတထိန်းသိမ်းနည်းလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ပေးခြင်းသည် မြင်းခြံခရိုင်အတွင်း ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေး၊ ငါးစားသုံးမှုမြင့်မားလာစေရေး၊ ငါးထုတ်လုပ်မှုတိုးတက်လာစေရေးတို့အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဆုများချီးမြှင့်၍ ခြောက်ဘာသာဂုဏ်ထူးရှင်များအား ငွေကျပ်သိန်း ၂၀ စီ ချီးမြှင့်

**စစ်တွေ ဇူလိုင် ၇**

ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဉတ္တမခန်းမ၌ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးလှစိန်ထွန်းက တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးတို့က ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၈ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ စီ၊ ငါးဘာသာ ဂုဏ်ထူးရခုနစ်ဦးတို့အား တစ်ဦးလျှင် ငွေကျပ်၁၀ သိန်းစီ၊ လေးဘာသာဂုဏ်ထူးရ ၁၁ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီ၊ သုံးဘာသာဂုဏ်ထူးရ ၂၆ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီ၊ နှစ်ဘာသာဂုဏ်ထူးရ တစ်ဦးအား ငွေကျပ် တစ်သိန်း၊ တစ်ဘာသာဂုဏ်ထူးရ တစ်ဦးအား ငါးသောင်းကျပ်စီ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အောင်ချက်အကောင်းဆုံးမြို့နယ်များနှင့် အောင်ချက်အကောင်းဆုံး ကျောင်း၊ လေးနှစ်ဆက်တိုက်မြို့နယ်အောင်ချက်အကောင်းဆုံးဆုရ မင်းပြားမြို့နယ်၊ ခြောက်ဘာသာဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးခဲ့သည့် စစ်တွေမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ပုဏ္ဏားကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများအား ခရိုင်အလိုက် ဂုဏ်ပြုဆုများ ဆက်လက်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရခိုင်ပြည်နယ်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး နတ်မောက်တွင် အရိုး၊ အကြောနှင့် အဆစ်ဝေဒနာရှင်များအား အခမဲ့ကုသ

**နတ်မောက် ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ စိတ်ခတ်ဖြူစင်ကရုဏာရှင် လူမှုကူညီရေးအသင်းမှ ဦးဆောင်ကြီးကြပ်မှုဖြင့် ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်ဓမ္မာရုံတွင် ဇူလိုင် ၄ ရက် နံနက်ပိုင်းမှစတင်ပြီး အရိုး၊ အကြောနှင့် အဆစ်ဝေဒနာရှင် ရပ်နီးရပ်ဝေးဒေသအသီးသီးတို့မှ လာရောက်ပြသ၍ ကုသမှုခံယူခဲ့ကြကြောင်း သိရသည်။

အဆိုပါ စိတ်ခတ်ဖြူစင်ကရုဏာရှင် လူမှုကူညီရေးအသင်းနှင့် ပါမောက္ခဒေါက်တာဦးခင်မောင်ထူး MD;FRCS အရိုး၊ အကြောနှင့် အဆစ်အထူးကုပါရဂူဆရာဝန်ကြီးမှ အခမဲ့ကုသပေးလျက်ရှိရာ ဝေဒနာရှင်များအား လူမျိုး၊ ဘာသာ၊ နေရပ်ဒေသမခွဲခြားဘဲ ကုသပေးလျက်ရှိကြောင်းသိရသည်။

ယင်းသို့ကုသပေးရာသို့နတ်မောက်မြို့နယ် မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဆရာ၊ ဆရာမများ၊ စေတနာရှင်များ၊ ဝေယျာဝစ္စကုသိုလ်ရှင် လူငယ်မောင်မယ်များက ကူညီဆောင်ရွက်ပေးခဲ့ရာ ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**လှဝင်း**




"အဖြို့ မြို့အနယ်နယ်ရှိ Wai Yan Electronics နှင့် Sony Official Dealers ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။" Official Warranty by: TMW Enterprise Limited

**SONY SHOWROOM YANGON:** ■ Yaw Min Gyi, Tel: 01-245311 ■ Kabar Aye, Tel: 01-546006, 401416 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel : 01-398566, 256620, 246513
**SONY SHOWROOM MANDALAY:** ■ Chan Aye Thar Zan Township. Tel: 02-72580–4 ■ Yadanarpon Diamond Plaza. Tel: 09-91008417
**SONY SHOWROOM NAY PYI TAW:** ■ Thiri Yadanar Hyper Market. Tel: 067-420791, 420966 **WHOLE SALES / DISTRIBUTION :** Tel: 01- 554708

**Trumpet Travels & Tours**
: Pa(3) Padonmar Street, Sanchaung Township, Yangon.
: 01 532250, 09 250021676, 09-5182767,09 43089536
35000Ks/-
(3* Hotel)
website : www.mytravelmyanmar.com/ Facebook: www.facebook.com/trumpettravels

**SEVEN စံ**
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511, 09-33 333 514, 09-33 333 644

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်၊ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ကိုသန့်ဇင် CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၂

ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

## ကောလင်းမြို့နယ်အသင်း-ရန်ကုန်
## ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ကောလင်းမြို့နယ်အသင်း ရန်ကုန်၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ အသင်းဝင်များ၊ မြို့နယ်သူ/သားများနှင့် အသင်းသို့ စိတ်ဝင်စားသူများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၂၅ရက် (စနေနေ့)
(၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ရက်)
အချိန် - နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ
နေရာ - ချင်းတွင်းဓမ္မာရုံ၊ စွယ်တော်မြတ်စေတီတော်ဝင်း၊ မရမ်းကုန်းမြို့နယ်။

မှတ်ချက်။ ။ ဝါဆိုသင်္ကန်းကပ်လှူပွဲအလှူရှင် အသင်းဝင်များ၏ မြေး/သားသမီးများမှ ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဂုဏ်ထူးဖြင့် အောင်မြင်သူများ စာရင်းကို ၁၈-၇-၂၀၁၅ရက် နောက်ဆုံးထားပြီး အောက်ပါ ဖုန်းနံပါတ်များသို့ လှူဒါန်းပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

**ဦးမောင်ရီ -၀၉-၂၁၃၀၄၃၄၊ ဦးတင်မောင်ထွန်း ၀၉-၅၁၅၄၄၆၅၊ ဦးဝင်းအောင် -၀၉-၅၁၂၂၄၁၂၊ ဦးအောင်ငွေ ၀၉-၅၁၇၈၀၇၅**

ရောင်းရန်
ရန်ကုန်မြို့သစ်စီမံကိန်း ဧရိယာအနီးရှိ လယ်ဧက ၆၀၀ကျော် ရောင်းရန်ရှိသည်။
ဖုန်း-09-254269345, 09-43175452

ဒီဇယ်မာတ်ဆီ
စက်ပြင်သင်တန်း
(နေ့ထိုင်မှုအခမဲ့)
ဖုန်း- ၆၀၀၆၁၄၆ ၊ ၅၄၄၉၂၄၆
၀၉ ၅၀၅၂၁၁၅


ဝင့်ဝါဖက်ရှင်
စက်ချုပ်ကျွမ်းကျင်
ဝန်ထမ်းအလိုရှိသည်။
ဖုန်း-09-5090084

အမြန်ပြန်လာပါ
မြင့်မြင့်အေး အမြန်ပြန်လာပါ။
အစ်မ ဒေါ်အေးစန္ဒာ
Ph: 01-9666120, 09-5116727 အမှတ် (8-I.)၊ မင်းမွေလမ်း၊ ၃ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

**ရွှေစံအိမ်အဆောင့်မြင့်တည်းခိုခန်း**
ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ၅မိနစ်သာ ဘတ်စ်ကားစီး၍ ၁လသာကိ်ရောက်ချောင် ၅မိနစ်ဆိုက်ကားစီး
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်၊ မီးမပျက်လျှပ်စစ်မီး စက်မောင်းသည်၊
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၈၀၀၀ ကျပ်
၁၂၀၀၀ ကျပ်

## "အများသိစေရန်ကြေညာခြင်း"

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ ၈၉-လမ်း၊ ၃၅×၃၆လမ်းကြားတွင် နေထိုင်သူ ကျွန်တော် ဦးအောင်ကျော်ငွေး [၅/မမတ(နိုင်)၀၀၇၃၅၁]၊ ဒေါ်စန္ဒာအောင် [၅/မမန(နိုင်)၀၀၁၅၂၉]၊ မောင်သင်လျှံအိမ်း [၉/မဟမ (နိုင်)၀၄၁၆၉၄]တို့၏ လွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။



"ကျောက်နဂါး"အမည်စာတမ်းပါ ကုန်အမှတ်တံဆိပ်မှာ ကျွန်ုပ်တို့မိတ်ဆွေ၏ လူကြီး၊ လူငယ်၊ လူမျိုးဘာသာမရွေး အသုံးပြုနိုင်သော သောက်ဆေးအမျိုးမျိုး၊ လိမ်းဆေးအမျိုးမျိုး၊ ရှူဆေး၊ အုပ်ဆေးအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသော ကျွန်ုပ်တို့မိတ်ဆွေ၏ တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်ဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်အား မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင် ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၈၂၆/၂၀၁၃)အရ တရားဝင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။"ကျောက်နဂါး"အမည်စာတမ်းပါ လူကြီး၊ လူငယ်၊ လူမျိုးဘာသာမရွေး အသုံးပြုနိုင်သော သောက်ဆေးအမျိုးမျိုး၊ လိမ်းဆေးအမျိုးမျိုး၊ ရှူဆေး၊ အုပ်ဆေးအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကို ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ ဗူးပိုင်းအမျိုးမျိုး၊ အခွယ်အစားအမျိုးမျိုး၊ ဆေးရောင်အမျိုးမျိုးတို့ဖြင့် ထုတ်လုပ်လျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/ လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။"ကျောက်နဂါး"အမည်စာတမ်းပါ လူကြီး၊ လူငယ်၊ လူမျိုးဘာသာမရွေး အသုံးပြုနိုင်သော သောက်ဆေးအမျိုးမျိုး၊ လိမ်းဆေးအမျိုးမျိုး၊ ရှူဆေး၊ အုပ်ဆေးအမျိုးမျိုးတို့မှာ သုံးစွဲသူတို့အကြားတွင် နှစ်ခြိုက်၍ ဈေးကွက်တွင် ထင်ရှားကျော်ကြားလူသိများပြီး အမည်ကောင်းသတင်းရရှိလျက်ရှိပါသည်။

အထက်တွင် ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို တုပလျက် ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား အတုအပများ ပြုလုပ်၍သော်လည်းကောင်း၊ ပလတ်စတစ်အိတ်၊ လက်ဆွဲအိတ် အစရှိသည့် ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့အပေါ်တွင် အသုံးပြုပြီး ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးလှမိုး(ဥပဒေတွဲ့)** — **ဒေါ်ဝေဝေအောင်(ဥပဒေတွဲ့)**
**အထက်တန်းရှေ့နေ** — **အထက်တန်းရှေ့နေ**

**အကွက်(၈-၇/၄၆)၊ ပတ္တမြားလမ်းသွယ်၊ ၄၀×၄၁လမ်းကြား၊ ၆၅×၆၆လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ Ph: 09-2070007, 09-972070007, 09-6850000, 09-91050005, 09-43250000, 09-91006474**

ကြော်ငြာ


VAC® VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

Like Value Added Consultancy

## Job Openings for Foreign Firms

**Project Manager** M(1)
- BE / GTI (Civil), 5yrs Exp in Interior Decoration Projects Management field, Fluent in English;

**Project / Site Engineer** M(10)
- BE / GTI ( Civil ), 5yrs Exp in Road & Bridge / Building Construction Field;

**Auto CAD Engineer** - Japan Co USD 700 M(1)
- BE ( Civil ), 3yrs Exp in Relevant Field; Fluent in English;

**Architect** - B.Arch, 3 ~ 5 yrs Exp in Relevant Field; M/F(1)

**M & E Engineer** - Ygn - Bago - BE / GTI ( EP / ME ), 3yrs Exp M(5)

**Structure Engineer** - BE ( Civil ), 3 yrs Exp in Relevant Field; M (1)

**Service General Manager** - German Co M(1)
-BE / GTI ( EP / ME ), 5yrs Exp in Relevant Field; (Preferable in Elevator / Escalator Field)

**Service Technician** ( Vietnam ) USD 700 M(2)
- BE / B.Tech / AGTI (EP / EC), 3 yrs Exp in Service of Home Appliance Electronics Products;

**Electro-Mechanical Engineer** - Generator - Power Service M(20)
- Any Engineering Degree, ( မန္တလေး၊ စစ်ကိုင်း၊ တချီ၊ ကချင်၊ ရှမ်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ တနင်္သာရီ၊ ဧရာဝတီ)

**Telecom Site Engineer** M(300)
- BE / AGTI ( EC / EP ), 2yrs Exp;( မန္တလေး၊ နေပြည်တော်၊ မကွေး၊ မင်းဘူး၊ ဆိပ်ဖလူ၊ ကချင်၊ ရှမ်း(မြောက်))

**Sales Engineer** - Oil & Gas USD 1000 M(1)
- BE ( Mechanical ), 2yrs Exp in Oil & Gas Field; Fluent in English;

**Sales Engineer** - Machinery - Singapore Co F(2)
- BE ( Mechanical ), 2yrs Exp in Machinery Sales Field; Fluent in English;

**Lab Officer** - Water Recycle USD 700 M/F(1)
- BE ( Chem ) / B.Sc ( Chem / IC), 3yrs Exp in Relevant Field; Fluent in English;

**Network Manager** - Japan Co USD 1500 M(1)
- Any Grad ( CCNA / CCNP / CCIE holder ), 5yrs hand on Exp in IT-Networking Field;

**MIS Staff** - Japan Co - Any Grad, 1 yrs Exp, ERP System Knowledge; M(1)

E-mail ဖြင့် အလုပ်လျှောက်နိုင်သည် ၊ CVကို MS Word File & Photo ကို Jpg File ဖြင့်ပို့ပါ။

များပြားသော အလုပ်အကိုင်အခွင့်အလမ်းများ ⟹ www.vacjobsearch.com

No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094



နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၇)ရက်ခရီး - ဘိဂိုလ်ဂါ (ရွှေတော်ပွဲ) + ဘန်ကောက် (မြဘုရား) → (၁၅)သိန်း(၅)သောင်း (စရိတ်ငြိမ်း) (၁၀.၈.၂၀၁၅) ထွက်မည်၊
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန၊ အဝိဇဟိတသုံးဌာန (အိန္ဒိယ - နီပေါ) (ဟိုတယ်(၄)ည) → (၉)သိန်း(၉)သောင်း၊
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ၊တဝ်မြို့မဟာ (ဟိုတယ်(၆)ည) → (၁၁)သိန်း၊
ဗုဒ္ဓဂယာ၊ အာဂရာ(3Stars)၊နယူးဒေလီ (3Stars)ဟိုတယ်များတွင်တည်းခိုကျွေးမွေးပါသည်၊
မည်သည့်ခရီးစဉ်မဆို(၁၆)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ပါသည်။
စက်တင်ဘာလ နောက်ဆုံးပတ်မှစ၍ ပို့ဆောင်ပေးမည်ဖြစ်ပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။
အမှတ် - ၂၇၆/၂၇၈ (မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊ (နံ့သာတာအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉



အင်တာနက်ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှဖြစ်မယ်
Sat & Sun 11 July
ဂုဏ်ထူး ဦးအောင်ခိုင်
Basic English Speaking
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ အလုပ်ဝင်လိုသူနှင့် ကုမ္ပဏီ၊ ဘဏ်ဝန်ထမ်းများအတွက် ဖွင့်ပါပြီ။
ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Certificate in Travel & Tourism
City College of San Francisco
၂၇၂ ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 3126 9756



အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသောသူများအတွက်




GETC
မြေနီကုန်း 537895, 09262963776
ဘားမှ 549590, 09254148006
www.getc-languageschool.com
2015 July Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ ....








HOME & CAR EXPO
ဇူလိုင် (၉) မှ (၁၂) ရက်
တပ်မတော်ခန်းမ
နံနက် (၉) မှ (၆) နာရီ
အိမ်ယာများနှင့် အိမ်သုံးပစ္စည်းများ၊ မော်တော်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ပရိဘောဂများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကားအတွင်းရှိ တာယာ၊ အင်ဂျင်ဝိုင်နှင့် ကားအလှဆင်ပစ္စည်းများ နှင့်အခြားကုန်ပစ္စည်းများ
ပြခန်းများငှားရမ်းရန် ချိတ်ဆက်နိုင်ပြီ - Smart Business Group Ph:01-656875,667473,09-73014777, 09-5099079



နိုင်ငံတကာ အသိအမှတ်ပြု
အင်ဂျင်နီယာ ဒီပလိုမာ
HND (UK)
SQA Approved Centre
အရည်အချင်းရှိသော
အင်ဂျင်နီယာ ကြယ်တစ်ပွင့်
ဖြစ်လိုသူတိုင်းအတွက်
iSTAR ELECTRONICS ENGINEERING
Scholarship 50%
09 2565 64 687
09 79700 5384-5



No. 209, Second Floor
Diamond Condo, Tower E,
Pyay Road, Kamayut Township
Yangon.
www.facebook.com/i.STAREduHub



Certificate TH09/3125
ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
လေငန်းပမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်

AIR KBZ
FLYING BEYOND EXPECTATIONS

NAY PYI TAW ✈ YANGON
YANGON ✈ NAY PYI TAW

from USD 72$
* One Way
* All inclusive
* Terms & Conditions apply

နိုင်ငံ့ဝန်ထမ်းများအတွက် အထူးဈေးနှုန်း

from USD 33$
* One Way
* All inclusive
* Terms & Conditions apply

" နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လေယာဉ်လက်မှတ်ဝယ်ယူသည့်အခါတွင် ဝန်ထမ်းကတ် မိတ္တူ (၁) စောင်နှင့်အတူ ဝန်ထမ်းကတ်မူရင်းအားပြသ၍ဖြင့် AIR KBZ ရန်ကုန်ရုံးချုပ်၊ နေပြည်တော်ရုံးခွဲ၊ အခြားမြို့များရှိ လက်မှတ်အရောင်းဌာနများတွင် လေယာဉ်လက်မှတ်များအား အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည် "

Startes form 1st July
Daily Flight

| FLIGHT NO. | SECTOR | DEPERATURE | ARRIVAL |
|---|---|---|---|
| K7 234 | Yangon - Nay Pyi Taw | 07:00 | 08:00 |
| K7 235 | Nay Pyi Taw - Yangon | 08:15 | 09:15 |
| K7 236 | Yangon - Nay Pyi Taw | 16:45 | 17:45 |
| K7 237 | Nay Pyi Taw - Yangon | 18:00 | 19:00 |



Hotline: (01) 373766, (09) 5280445, (09) 73177805
Tickets Available at
(1) 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
:www.facebook.com/AIRKBZ
(2) Pa -184, Near Tha Pyay Gone Market, Ingine Street, Tha Pyay Gone Quarter
Nay Pyi Taw, Ph: (067) 432170, Mobile: (09) 977880320, (09) 73130196

We accept
VISA
www.airkbz.com

CROWN EDUCATION
Yangon . Myanmar

မြန်မာလူငယ်များအတွက် "MBA Talk"

JCU SINGAPORE

- နိုင်ငံတကာမှ ဝင်ရောက်လာမည့် စီးပွားရေးလုပ်ငန်းအသီးသီးတွင် အခွင့်အရေးများရယူနိုင်ရန် မြန်မာလူငယ်များ ပြင်ဆင်ထားသင့်သည့်အခြေအနေများ
- MBA သင်ယူခြင်း၏ အနှစ်သာရနှင့် သင်ယူမည့်သူများ သိရှိထားသင့်သည့်အချက်များနှင့် Joint Master သင်ယူနိုင်မည့် အခွင့်အလမ်းများ
- စီးပွားရေးနှင့်စီမံခန့်ခွဲမှုများကို လေ့လာသင်ယူလိုသောလူငယ်များနှင့် (၁၀)တန်းအောင်မြင်ပြီးသူများအတွက် သင့်လျော်သော စီးပွားရေးပညာရပ်ဆိုင်ရာများ
- စီးပွားရေးဒီပလိုမာများနှင့် ဘွဲ့တစ်ခုခုရရှိထားသောသူများအတွက် ရွေးချယ်သင့်သောပညာရေးလမ်းကြောင်းများ

FREE ADMISSION

11 July
10:00 am - 12:00 noon
CROWN Education Office

Speaker Profile
Dr. Tony Stevenson
Doctor of Philosophy (PhD), University of Loughborough
MSc Finance (MSc), University of Leicester
MBA (Finance) (MBA), University of Leicester



Call Us : 01 527 838 - 09 730 40 688 - 09 732 732 77

PUN HLAING SILOAM HOSPITALS

ထပ်နှစ်ထပ်မီတာစုတော့ ပေကျော်စစ်ဆေးထားတာ အခွင့်အရေး

Call us
684433
8:00 am to 5:00 pm

ပန်းလှိုင်စီလုံဆေးရုံ တွင်သာ

| | |
|---|---|
| နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေရှိ၊ မရှိစစ်ဆေးခြင်း (Calcium Score) | 9,900 ks |
| တင်ပါးဆုံအဆစ်နှင့်ခြေထောက်အနေအထားမှန်၊ မမှန်စစ်ဆေးခြင်း (Hip & Club Foot) | 4,900 ks |
| သားအိမ်ခေါင်းကင်ဆာ စစ်ဆေးခြင်း (Pap Smear) | 4,900 ks |
| ဆီးကျိတ်ကင်ဆာ စစ်ဆေးခြင်း (PSA) | 9,900 ks |
| အစာအိမ်အူလမ်းကြောင်းတွင် သွေးယိုစိမ့်မှုရှိ၊ မရှိ စစ်ဆေးခြင်း (Faecal Occult Blood) | 3,900 ks |
| ရင်သားခါတ်မှန်ရိုက်စစ်ဆေးခြင်း (Mammogram) | 9,900 ks |
| အသည်းရောင်အသားဝါဘီပိုး စစ်ဆေးခြင်း (Hep B Screening) HBsAg & HbsAb | 9,900 ks |

Amazing Price

ကျွန်ုပ်တို့အစဉ်တန်ဖိုးထားလေးစားရသော မိတ်ဆွေများ၊ မိတ်သစ်များ၏ ကောင်းကျိုးချမ်းသာအတွက် "အထူးကျန်းမာရေးစစ်ဆေးမှု" အစီအစဉ်များကို ဇူလိုင်လကုန်အထိ ထပ်မံတိုးမြှင့်၍ ဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည်။

အရိုးပွမှုတိုင်းတာခြင်းကိုအခမဲ့


BRIDGESTONE
Your Journey, Our Passion
Free Tyre Safety Check
25 - 26 July 2015
10:30am - 5pm
@ Myanmar Culture Valley
(People's Park)
BECAUSE YOU LOVE
YOUR FAMILY
မိုးရာသီ Promotion အစီအစဉ်
BUY ANY PSR TYRE 2
To Get 1 Umbrella.
BUY ANY PSR TYRE 4
To Get 2 Umbrellas.
ယခုလိုမိုးရာသီအချိန်အခါတွင် သင့်ဘဝလုံခြုံစိတ်ချမှုအတွက်
တာယာများကို လဲလှယ်တပ်ဆင်ပေးရန် လိုအပ်ပါသည်။
BRIDGESTONE မိုးရာသီ ပရိုမိုးရှင်းအစီအစဉ်မှတဆင့်
သင်ရဲ့ လုံခြုံစိတ်ချမှုကို ကူညီပံ့ပိုးပြသပေးသွားမည် ဖြစ်ပါသည်။
BRIDGESTONE
KEEPS YOU SAFE
FIRST JAPAN TIRE SERVICES
a subsidiary of Mitsubishi Corporation
fjts@fjts-mm.com Hotline : 09 2615 96860
Pyi Htun Aung Trading Co., Ltd. Hotline : 09 42110 3088

Hot Line No-0930500100

## ယနေ့ဖတ်စရာ

ပန်းကလေးများ
ရှင်သန်စေချင်
စာမျက်နှာ - ၂

ဂျပန်နိုင်ငံအနေနဲ့
သီလဝါအထူး
စီးပွားရေးဇုန်မှာ
အဓိကပါဝင်တဲ့
မိတ်ဖက်ဖြစ်ပါတယ်
စာမျက်နှာ - ၆

အလုပ်ရပ်စဲမှု
နစ်နာကြေးနှုန်းထားများ
သတ်မှတ်ခဲ့ပြီးဖြစ်
စာမျက်နှာ - ၁၀

# ပညာရေးအဆင့်အတန်းမြင့်မားပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေး အလွန်အရေးကြီး

**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် လားရှိုးမြို့သို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လားရှိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ အမှတ်(၄)၊ အမှတ်(၅)၊ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဆရာဆရာမများ၊ မိဘဆရာအသင်းအဖွဲ့များနှင့် ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံသည်။**(ယာပုံ)**

**စာမျက်နှာ ၉ ကော်လံ ၁ သို့●**



## အခြေခံမဲဆန္ဒရှင်စာရင်းတွေမှာ အမှားအယွင်းတွေရှိတယ် ဘာကြောင့်လဲ၊ ဘာလုပ်သင့်လဲ၊ သွားပြင်ကြရဲ့လား

**ဆောင်းပါး - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ - ဖိုးထောင်**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးအတွက်ဟုဆိုကာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အခြေခံမဲဆန္ဒရှင်စာရင်းကွန်ပျူတာစာရင်းသွင်းခြင်းလုပ်ငန်းများအား ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပုံစံ ၆၆/၆ အိမ်ထောင်စုစာရင်းကို အခြေခံကာ ၎င်းတို့ ကောက်ယူခဲ့သည့် အခြေခံမဲဆန္ဒရှင်စာရင်းများအား ၂၀၁၅ ခုနှစ် ဧပြီလမှ ဇူလိုင်လအထိ အဆင့်လေးဆင့်ဖြင့် ကပ်ထားကြေညာထားမည် ဖြစ်ကြောင်းကိုလည်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီဖြစ်သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပမည့် အချိန်ဇယားတို့ကို အတိအကျ မကြေညာမီကာလတွင် ရွေးကောက်ပွဲကိုအထောက်အကူပြုနိုင်ရန်အတွက် အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူရခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ဆိုသည်။

ရွေးကောက်ပွဲကော်မရှင်မှ ကောက်ယူခဲ့ပြီးသည့် အခြေခံမဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာသည့်အနေဖြင့် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၂ ရက်နေ့အထိ ပထမအကြိမ်အဖြစ် ထုတ်ပြန်၍ မဲစာရင်းများကပ်ခဲ့သည်။ ဒုတိယအဆင့် မဲဆန္ဒရှင်စာရင်းကို မေလ ၂၅ ရက်နေ့မှ ဇွန်လ ၇ ရက်နေ့အထိ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ ကြေညာခဲ့သည်။ တတိယအကြိမ်အဖြစ် ဇွန်လ ၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ၊ စတုတ္ထအကြိမ်အဖြစ် ဇွန်လ ၂၂ ရက်နေ့မှ ဇူလိုင်လ ၅ ရက်နေ့အထိ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သောကြောင့် တစ်နိုင်ငံလုံးရှိ အခြေခံမဲဆန္ဒရှင်စာရင်းကပ်ထားမှုမှာ ပထမအဆင့်အနေဖြင့် ပြီးဆုံးခဲ့ပြီဖြစ်လေသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့○**

## ဒဂုံမြို့သစ်မြို့နယ်များနှင့် သာကေတ၊ ဒေါပုံ၊ သီလဝါအထူးစီးပွားရေးဇုန်တို့သို့ နေ့စဉ် ရေဂါလန် သန်း ၄၀ ဖြန့်ဝေပေးနိုင်တော့မည်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြို့နယ်များနှင့် သာကေတ၊ ဒေါပုံ၊ သီလဝါအထူးစီးပွားရေးဇုန်တို့သို့ ရေပေးဝေနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေ/သန့်ဌာနက လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ မကြာမီ နေ့စဉ် ရေဂါလန် သန်း ၄၀ ဆက်သွယ်ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဒဂုံမြို့သစ် မြို့နယ်များဘက်သို့ သောက်သုံးရေ ဆက်သွယ်ပေးဝေနိုင်ရန်အတွက် လှည်းကူးမြို့နယ် လဂွန်းပြင်ဆည်မှ ရေခေါ်တူးမြောင်းဆက်သွယ်ကာ

**စာမျက်နှာ ၉ ကော်လံ ၁ သို့□**



**နေ့စဉ် ရေဂါလန် သန်း ၄၀ ဆက်သွယ်ဖြန့်ဝေပေးနိုင်မည့် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို တွေ့ရစဉ်။** ဓာတ်ပုံ-စောလှိုင်ဝင်း(မြို့တော်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း (၃၃) မြို့နယ်
Online Shopping!
https://www.facebook.com/Technoland
ကွန်ပျူတာ၊ မိုလ်ဘိုင်း နှင့် ဆက်စပ် ပစ္စည်းများအား
အိမ်တိုင်ရာရောက် ပို့ဆောင်ပေးနေပါသည်။
technoland
the electronic expert
Computer, Mobile, Tablet & Accessories Sales
Customer Hotline
09-970035101~10
facebook Technoland
9:30AM to 5:30PM



themirror.npt@gmail.com
www.facebook.com/themirrordaily